အရိမေတ္တေယျ အစရှိသော
ရင့်မာတကျိပ်ဝင် ဘုရားသခင်တို့၏
ဖြစ်စဉ်ဖြစ်ရပ် အဋ္ဌုပ္ပတ်ကို ပြဆိုအပ်သည့်
ဝင် ၉-ဝင် အဝင်အပါ

# အနာဂတဝင်ဝတ္ထု

နှင့်

နဖူးသင်းကျစ်တော်ဖြစ်စဉ်

## နလာဋဓာတုဝင်ဝတ္ထု

(၂-စောင်တွဲ)

၅၇၁

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)
ပဓာနနာယက၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်
ဒု-ပါမောက္ခချုပ်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ
အများသူငါ ဗဟုသုတဖြစ်စိမ့်သောငှါ
ဖြန့်လည်ကူးယူ ဓမ္မဒါနပြု လှူဒါန်းပါသည်

အရိမေတ္တေယျအစရှိသော
ရင့်မာတကျိပ်ဝင်ဘုရားသခင်တို့၏
ဖြစ်စဉ်ဖြစ်ရပ်အဋ္ဌုပ္ပတ်ကိုပြဆိုအပ်သည့်
ဝင်၉-ဝင် အဝင်အပါ

# အနာဂတဝင်ဝတ္ထု

နှင့်

နမ့်ပူးသင်းကျစ်တော်ဖြစ်စဉ်

# နလာဋဓာတုဝင်ဝတ္ထု

[၂-စောင်တွဲ]

---

ဦးခင်စိုး အမှူးရှိသော ပါဠိဆရာများ
ကြပ်မ,ကြည့်ရှုပြင်ဆင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်
၁၉၅၈

# နိဒါန်း

**ဝံသကျမ်းများ**

“ဝနောတိ ပဝတ္တရတီတိ ဝံသော-သန္တာနော”ဟူသော ဏွာဒိမောဂ္ဂလာန် ဋီပြိုဟ်,“ဝံသော တန္တိပဝေဏိ” ဟူသော မဟာဝံသဋီကာနှင့်အညီ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌှုပ္ပတ်ကို ပြဆိုသော ကျမ်းများသည် “ဝံသကျမ်း”မည်၏၊ ထိုဝံသကျမ်းသည် (၁) ဗုဒ္ဓဝင်, (၂) အနာဂတဝင်,(၃) ဒီပဝင်, (၄) မဟာဝင်, (၅) ဗောဓိဝင်, (၆) ဒါဌာဓာတုဝင်,(၇)နလာဋဓာတုဝင်, (၈)ထူပဝင်,(၉)ရွှေပြည်ဝင်နှင့်တကွ ဆကေသဓာတုဝင်, သာသနာဝင်, ဂန္ထဝင်, ရာဇဝင် စသောအားဖြင့်များစွာရှိလေသည်။

**၁။ ဗုဒ္ဓဝင်ကျမ်း**

ပွင့်တော်မူပြီးကုန်သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌှုပ္ပတ်ကို ပြဆိုသော မူလဗုဒ္ဓဝင်ပါဠိတော်,အရှင်မဟာ ဗုဒ္ဓဒတ္တထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်အဋ္ဌကထာ, အရှင်သောဘိတထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ပါဠိတော်နိဿယ, ဗုဒ္ဓဝင်အဋ္ဌကထာ နိဿယ, ဗုဒ္ဓဝင်ဝတ္ထုဟူ၍ ရှိလေသည်။

**၂။ အနာဂတဝင်ကျမ်း**

ပွင့်တော်မူလတ္တံ့သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဌှုပ္ပတ်ကို ပြဆိုသော မူလအနာဂတဝင် ပါဠိတော်, သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ် စီရင်အပ်သော အနာဂတဝင် အဋ္ဌကထာ, အမည်မသိဆရာ စီရင်အပ်သော ဒသဗုဒ္ဓ အနာဂတဝင်ပါဌ်-များနှင့်တကွ ရှေးဆရာတို့ စီရင်တော် မူအပ်သော အနာဂတဝင်ပါဠိတော်နိဿယ, အနာဂတဝင်အဋ္ဌကထာ နိဿယ, အနာဂတဝင်ဝတ္ထု ဟူ၍ရှိလေသည်။

**၃။ ဒီပဝင်ကျမ်း**

ကျွန်းကြီး ၄-ကျွန်းနှင့်တကွ သီဟိုဠ်စသော ကျွန်းငယ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဌှုပ္ပတ်ကို ပြဆိုသော မူလ သီဟဠဘာသာ ဒီပဝင်, မာဂဓ

ဘာသာဒီပဝင်ပါဠိ, မန္တလေးမြို့ ဒက္ခိဏာရာမ ပဌမ ဘုရားကြီးဆရာတော် စီရင်အပ်သော ဒီပဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဒီပဝင် နိဿယ, ဒီပဝင်ဝတ္ထုဟူ၍ ရှိလေသည်။

**၄။ မဟာဝင်ကျမ်း**

မြတ်စွာဘုရားသခင်နှင့်တကွ သာသနာပြု သံဃာတော်များ, သာသနာပြု ဘုရင်မင်းများ၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရှုပ္ပတ်ကို ပြဆိုသော မူလ သီဟဠဘာသာ မဟာဝင်, သာသနာ ရှစ်ရာကျော်တွင် သီဟိုဠ်ကျွန်း အရှင်မဟာနာမထေရ် စီရင်အပ်သည့် မာဂဓဘာသာ မဟာဝင်ပါဠိ, နောက်ဆရာတို့ စီရင်အပ်သော မဟာဝင်နောက်ဆက်တွဲခေါ် စူဠဝင်ပါဠိများနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော မဟာဝင်နိဿယ, ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်အပ်သော မဟာဝင်ဝတ္ထုဟူ၍ ရှိလေသည်။

**၅။ ဗောဓိဝင်ကျမ်း**

မဟာဗောဓိနှင့် အာနန္ဒာဗောဓိ ဒက္ခိဏာသာခါဗောဓိတို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရှုပ္ပတ်ကို ပြဆိုသော မူလ သီဟဠဘာသာ ဗောဓိဝင်, သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ်စီရင်အပ်သည့် မဟာဗောဓိဝင်ပါဠိ, ပုဂံပြည် ပေါင်လောင်အရှင်မဟာကဿပစီရင်အပ်သော မဟာဗောဓိဝင် ဋီကာနှင့်တကွ ဒုတိယငံခုံဆရာတော်စီရင်အပ်သော မဟာဗောဓိဝင် နိဿယ, အမည်မသိဆရာ စီရင်အပ်သော မဟာဗောဓိဝင် ဋီကာ နိဿယ, ဗောဓိဝင်ဝတ္ထုဟူ၍ ရှိလေသည်။

**၆။ ဒါဌာဓာတုဝင်ကျမ်း**

စွယ်တော်မြတ်၏ ဖြစ်စဉ် ဖြစ်ရပ် အကြောင်းအရှုပ္ပတ်ကို ပြဆိုသော မူလသီဟဠဘာသာဒါဌာဓာတုဝင်, သီဟိုဠ်ကျွန်း အရှင် သဒ္ဓမ္မကိတ္တိထေရ် စီရင်အပ်သော မာဂဓဘာသာ ဒါဌာဓာတုဝင်ပါဠိ, အမည်မသိဆရာ စီရင်အပ်သော ဒါဌာဓာတုဝင် ဋီကာ, ဒါဌာဓာတုဝင်နိဿယ, ဒါဌာဓာတုဝင်ဝတ္ထုဟူ၍ ရှိလေသည်။

**၇။ နလာဋဓာတုဝင်ကျမ်း**

နဖူးသင်းကျစ်တော်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကိုပြဆိုသော အမည်မသိ ဆရာများစီရင်သည့် မူလ နလာဋဓာတုဝင်ပါဠိ, နလာဋဓာတုဝင်ဋီကာ, နလာဋဓာတုဝင်နိဿယ, နလာဋဓာတုဝင်ဝတ္ထုဟူ၍ ရှိလေသည်။

**၈။ ထူပဝင်ကျမ်း**

ဟေမမာလီမည်သော သီဟိုဠ်ကျွန်း မဟာစေတီတော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကို ပြဆိုသော သီဟိုဠ်ကျွန်း အရှင်ဝါစိဿရထေရ်စီရင်အပ်သည့် မူလ ထူပဝင်ပါဠိ, အမည် မသိ ဆရာများ စီရင်အပ်သည့် စူဠထူပဝင်ပါဠိ, ထူပဝင်နိဿယ, ထူပဝင်ဝတ္ထုဟူ၍ ရှိလေသည်။

**၉။ ရွှေပြည်ဝင်ကျမ်းစသည်**

မြတ်စွာဘုရားသခင်နှင့် အဂ္ဂသာဝက အရှင်မြတ် ၂-ပါးတို့၏ ပရိနိဗ္ဗာန်ပြုတော်မူပုံ အကြောင်းအရာကို ပြဆိုသော အမည် မသိ ဆရာ စီရင်သည့် ရွှေပြည်ဝင်ဝတ္ထု, ခြောက်ဆူသော ဆံတော်မြတ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော အမည်မသိဆရာ စီရင် အပ်သည့် ဆကေသဓာတုဝင်ပါဠိ, သာသနာပြုဆရာ အစဉ်အဆက်ကို ပြဆိုသော မောင်းထောင် ဆရာတော် စီရင်သည့် သာသနဝံသပဒီပိကာပါဠိ နှင့် သာသနာလင်္ကာရ စာတမ်း, မည်သည့်ကျမ်းဂန်ကို မည်သည့်ဆရာပြုသည်ဟု ကျမ်းဂန်များနှင့် ကျမ်းပြုဆရာများကို ပြဆိုသော အမည်မသိ ဆရာစီရင်သည့် မူလ ဂန္ထဝင်ပါဠိ, ကျီးသဲလေးထပ်ကျောင်း ဆရာတော် စီရင်သည့် စူဠဂန္ထဝင်ပါဠိ, မင်းစဉ်မင်းဆက်ကို ပြဆိုသော ရာဇဝင်ကျမ်း ဟူ၍ ရှိလေသည်။

**ဟံသာဝတီ၏ အာသီသ**

ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်၏ အာသီသ တောင့်တရင်း နှလုံးသွင်းမှာ—ပါဠိတော်များ, အဋ္ဌကထာများ,ဋီကာများ, ယောဇနာများ, ဂန္ထန္တရများနှင့်တကွ ရှေးဆရာတော်ကြီးများ ရေးသားတော်မူခဲ့သော ပိဋကတ်တော်လာ စာပေများ, ဝင် ၉-ဝင် နှင့် တကွသော ဝံသကျမ်းများ မတိမ်ကော မပပျောက်စေရန်ငှင်း, မသူတော်တရားကွယ်ပ၍ သူတော်တရားထွန်းကားလာစေရန်ငှင်း, ဗုဒ္ဓသာသနာတော်

ကြီး စည်ပင်ပြန့်ပွား၍ အစွန့်ရှည်စွာ တည်စေရန်ငှင်း ရည်သန်ပြီးလျှင် အဆက်မပြတ် ပိဋကတ်တော် ကျမ်းစာများကို ရိုက်နှိပ်အပ်သည်ဖြစ်၍ ယခုအခါ ဝင် ၉-ဝင် အကျုံးဝင်သည့် အမည်မသိ ရှေးဆရာတို့စီရင်အပ်သော ဤ အနာဂတဝင်ဝတ္ထု နှင့် ဟင်္သာတမြို့ ကြာခံကျောင်းဆရာတော် အရှင်ကေလာသထေရ် စီရင်အပ်သော ဤနာလဋ္ဌ ခတုဝင်ဝတ္ထု နှစ်စောင်တွဲကို ရှင်းလင်းသေသပ်သော အထားအသို, အပိုအလို မရှိသော ပုဒ်ပါဋ္ဌ်, အဖြတ်အရပ် ကျ-န-သေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရအောင် ပါဠိဆရာကြီးဦးခင်စိုး [သာသနဓဇ သိရိပဝရ ဓမ္မာစရိယ] အမှူးရှိသော ပါဠိဆရာအဖွဲ့အား ကောင်းစွာ သုတ်သင် ပြင်ဆင်စေကာ ဒုတိယအကြိမ် စက်တင် ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

''ဟံသာဝတီ''

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အနာဂတဝင် ဝတ္ထု။

### မေတ္တေယျအနာဂတဝင်


၁။ အဇိတမင်းသား ရဟန်းပြုခြင်း .... ၁
၂။ ပဇာပတိ ဂေါတမီ ရွှေသက်န်းရက်ခြင်း .... ၂
၃။ အဇိတထေရ် သက်န်းအလှူခံခြင်း .... ၃
၄။ အဇိတထေရ် ဗျာဒိတ်ကြားခြင်း .... ၄
၅။ ကွယ်ခြင်း ငါးပါးအကျယ် .... ၅
၆။ ဓာတုပရိနိဗ္ဗာန်ဝင်စံခြင်း .... ၇
၇။ ဝိသုကြုံနတ်သား ဆုံးမခြင်း .... ၈
၈။ အသက်တမ်းတိုးပွားခြင်း .... ၉
၉။ သန့်မည်သော စကြဝတေးမင်း .... ၁၀
၁၀။ မေတ္တေယျအလောင်း ပဋိသန္ဓေယူခြင်း .... ၁၁
၁၁။ ဘုရားလောင်း စည်းစိမ်ခံစံတော်မူခြင်း .... ၁၂
၁၂။ ဘုရားလောင်း တောထွက်တော်မူခြင်း .... ၁၄
၁၃။ တောထွက်ရာ အခြံအရံ .... ၁၅
၁၄။ ဒုက္ကရစရိယာ ကျင့်၍ ရဟန်းပြုခြင်း .... ၁၆
၁၅။ မေတ္တေယျဘုရားတန်ခိုးတော် .... ၁၇
၁၆။ အကျွတ်တရားရသူများ .... ၁၈
၁၇။ ကံ့ဂေါ်ဗောဓိပမာဏ .... ၁၉
၁၈။ အာနုဘော်တော်နှင့် ရှေးကောင်းမှု .... ၂၀
၁၉။ ဖူးမြင်လိုသူတို့ ကျင့်သုံးရန် .... ၂၂


### ဒသဗုဒ္ဓအနာဂတဝင်


၁။ အရိမေတ္တေယျဘုရားအကြောင်း .... ၂၅
၂။ ရာမဘုရား အကြောင်း .... ၃၀

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃။ | ဓမ္မရာဇာဘုရား အကြောင်း | .... | ၃၂ |
| ၄။ | ဓမ္မသာမိဘုရား အကြောင်း | .... | ၃၄ |
| ၅။ | နာရဒဘုရား အကြောင်း | .... | ၃၆ |
| ၆။ | ရံသိမုနိဘုရား အကြောင်း | .... | ၃၇ |
| ၇။ | ဒေဝဒေဝဘုရား အကြောင်း | .... | ၃၉ |
| ၈။ | နရသီဟဘုရား အကြောင်း | .... | ၄၀ |
| ၉။ | တိဿဘုရား အကြောင်း | .... | ၄၂ |
| ၁၀။ | သုမင်္ဂလဘုရား အကြောင်း | .... | ၄၆ |
| ၁၁။ | ပွင့်တော်မူမည့် ဘုရားဆယ်ဆူ အကြောင်း အကျဉ်းချုပ် | .... | ၄၈ |
| ၁၂။ | ရင့်မာတကျိပ် အကျဉ်းချုပ်လင်္ကာ | .... | ၄၂ |

## နလာဋဓာတုဝင် ဝတ္ထု

| | | | |
|---|---|---|---|
| | ပဏာမ | .... | ၅၉ |
| ၁။ | သီဟိုဠ်ကျွန်းသို့ ကြွတော်မူခန်း | .... | ၅၉ |
| ၂။ | ပရိနိဗ္ဗာန် စံတော်မူခန်း | .... | ၆၉ |
| ၃။ | အဆက်ဆက် ဓာတ်တော် ဆောင်ခန်း | .... | ၈၀ |
| ၄။ | အထွေထွေပကိဏ္ဏကခန်း | .... | ၉၀ |
| ၅။ | ဓာတ်ဓေတ် ဌာပနာခန်း | .... | ၁၀၀ |
| ၆။ | နောက်ဆက်တွဲ | .... | ၁၁၆ |
| ၇။ | နိဂုံး | .... | ၁၁၇ |



# အနာဂတဝင်ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## မေတ္တေယျအနာဂတဝင်

**အဇိတမင်းသား ရဟန်းပြုခြင်း**

လူနတ်ထွတ်တင် အရှင်မြတ်လှ ဂေါတမ ဘုရားဖြစ်တော်မူ၍ ရာဇဂြိုဟ် ပြည် ဝေဠုဝန် ကျောင်း၌နေတော်မူသောအခါ အဇာတသတ် မင်းအားစွဲ၍ ထိုမင်း၏ မိဖုရား ကဥ္စနဒေဝီ၏ဝမ်း၌ ပဋိသန္ဓေနေ၍ ဆယ်လစေ့လျှင်ဘွား၏၊ ထိုသတို့သားအား အဇိတ ဟူသော အမည်ကိုမှည့်ကုန်၏၊ထိုအဇိတမင်းသားကား- အခြံအရံ မင်းသားငါးရာနှင့် ပြည့်စုံ၏၊ တဆယ့်ခြောက်နှစ် မြောက်လတ်သော် ခမည်းတော် အဇာတသတ်မင်းကြီးသည် မြတ်စွာဘုရားအမွေတော်ကို ခံပါဆို၍ မင်းသားငါးရာ ရံလျက် အထူးထူးသော ဆွမ်းစသော အဖျော်ယမကာတို့နှင့်တကွ ပုဆိုးစသော လှူဖွယ်ဝတ္ထုတို့ကို များစွာဆောင်ခဲ့စေ၍ ဝေဠုဝန် ကျောင်းတော်သို့ သွားသော ခရီးကို တန်ဆာဆင်စေပြီးမှ ရထား, မြင်း, ဆင်,ခြေသည်, အမတ်, သူဌေး, ပုဏ္ဏားခြံရံလျက် အဇိတမင်းသားကိုခေါ်၍ ဝေဠုဝန် ကျောင်းတော်သို့ သွားလေ၏။

အဇိတမင်းသားကား ဘုရားရှင်အထံတော်၌ ရဟန်းပြု၍ တည်ကြည်ခြင်း, ပညာအစရှိသော ကျေးဇူးဂုဏ်နှင့်ပြည့်စုံသည်ဖြစ်၍ အဇိတမထေရ် ဟု ထင်ရှားစွာဖြစ်၏၊ မြတ်စွာဘုရားကား အဇိတမထေရ်ကို ခေါ်တော်မူလေ၍ ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွတော်မူလေ၍ နိဂြောဓာရုံကျောင်း၌ နေတော်မူ၏။

ပဇာပတိဂေါတမီ ရွှေသင်္ကန်းရက်ခြင်း

ထိုသို့နေတော်မူသောအခါ ပဇာပတိဂေါတမီ သည် ဘုရားသခင်အား ရွှေသင်္ကန်းကပ်လှူချင်သော နှလုံးသဒ္ဓါ ကြည်ညိုစွာရှိ၍ နီလှစွာသော ရွှေတို့ဖြင့် ရွှေဖျဉ်းတို့ကိုလုပ်စေ၍ ရွှေမှုန့်ဖြင့်မြေကိုရော၍ ရွှေဖျဉ်းတို့၌ ပွှစေပြီးမှ ပဇာပတိဂေါတမီကား ဝါစေ့ကိုလက်နှင့်ကိုင်၍ ရွှေဝါပင်ပေါက်ပါစေသား ဟု အဓိဋ္ဌာန်သစ္စာပြုသဖြင့် ရွှေဖျဉ်းတို့၌စိုက်၍ ရွှေဝါပင်ပေါက်လေ၏၊ အပွင့်ကား မဟာလှေကားပွင့်နှင့်တူ၏၊ အသီးကား မြအဆင်းနှင့် တူ၏။

ပဇာပတိဂေါတမီကား ဝါပင်ပေါက်လေသော် မိမိလက်ဖြင့်ကောက်၍ ရွှေလင်ပန်း၌ထည့်လျက် မိမိလက်ဖြင့်ပင် ဘန်၍ကြိတ်၏၊ ဂွမ်းဖြစ်စေ၍ လိပ်၏၊ သိမ်မွေ့လှစွာသော ချည်ကိုဝင့်၍ သိမ်မွေ့လှစွာသော ရက်ကန်းသည်ကိုခေါ်၍ထမင်း, အဖျော်, ပျား, တင်လဲ, ထောပတ်စသည်တို့ကိုစားစေ၏၊ အဝတ်တန်ဆာဆင်ပြင်၍ ရက်ကန်းဇရပ်ကို နံ့သာမျိုးကြဲ၍ လူအကြပ်ကို မြဲစွာထား၍ ရက်ခစေသော် ပုဆိုးတထည်ပြီး၏၊ အလျားကား တဆယ့်လေးတောင် အနံကား ခုနစ်တောင်ရွှေကိုခတ်သကဲ့သို့ရှိ၏၊ တထည်သည်လည်း ၎င်းနည်း။

ထိုပုဆိုးတစုံကို ပတ္တမြားကြုတ်တွင်ထည့်၍ ပန်းနံ့သာ, အထုံအခိုး, အမွှေးများစွာ လက်စွဲလျက် ရွှေသင်္ကန်းထည့်သော ပတ္တမြားကြုတ်ကို မိမိခေါင်းထက်ရွက်၍ ဆွမ်းစသော များစွာသော လှူဖွယ်ဝတ္ထုကို ဆောင်၍ တံခွန်, ပန်း, နံ့သာလက်စွဲလျက် သာကီဝင်မင်းသား, မင်းသမီးငါးရာခြံရံလျက် နိဂြောဓာရုံကျောင်းတော်သို့ သွားလေသော် ဘုရားရှင်လည်း ကြယ်များအပေါင်း ခြံရံလျက် ထွက်သောလပြည့်ဝန်းကဲ့သို့ သံဃာတော် အပေါင်းခြံရံလျက် ရောင်ခြည်တော် ခြောက်ပါးကို လွှတ်၍ ရွှေသလွန်ထက် နေတော်မူနှင့်၏။

ရွှေသင်္ကန်း ကပ်လှူခြင်း

မိထွေးတော်ဂေါတမီကား ဘုရားရှင် အထံတော် မနီးမဝေးသော အရပ်၌ ငါးပါးသော ရှိခိုးခြင်းဖြင့် ရှိခိုး၍နေ၏၊ ကိုယ်တော်၏ တင့်တယ်ခြင်းကိုမြင်၍ ပတ္တမြား ကြွတ်ကိုဖွင့်လျက် တစုံသောရွှေသင်္ကန်းကိုကိုင်လျက် နားတော်လျှောက်၏၊ "ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....အကျွန်ုပ်သည် ဘုရားရှင်ကိုရည်၍ အကျွန်ုပ် လက်ဖြင့် စင်ကြယ်စွာရက်လုပ်ရသော ဤသင်္ကန်းကို အကျွန်ုပ်အား သနားသဖြင့် ခံယူတော်မူပါ"ဟု တောင်းပန်၏၊ တထည်ကိုမြတ်စွာဘုရားခံယူတော်မူ၏၊ တထည်ကို သံဃာအားလှူဟု မိန့်တော်မူ၏၊ မိထွေးတော်လည်း မြတ်စွာဘုရားစကားတော်ကို ဝန်ခံ၍ ရွှေသင်္ကန်း တထည်ကို သံဃာအားကပ်လေသော် ရှစ်ကျိပ်သော မဟာထေရ်တို့သည်ငင်း, တပါးသော ရဟန်းတို့သည်ငင်း မခံဝံ့ကုန်။

အဇိတထေရ် သင်္ကန်းအလှူခံခြင်း

ထိုရောအခါ မေတ္တေယျ ဘုရားအလောင်းဖြစ်သော အဇိတမထေရ်ကား ရဟန်းများ အလယ်၌ နေလျက်ကြီး၏၊ "ဘုရားမြတ်စွာကား မိထွေးတော်၏ အကျိုးကိုများစေလိုသည်ဖြစ်၍ မိန့်တော်မူသည်"ဟုနှလုံးသွင်း၍ဘုရားအလောင်းတော် ဖြစ်သော ယောကျ်ားမြတ်ကား မကြောက် မရွံ့ ခြင်္သေ့မင်းကဲ့သို့ ရွှေအဆင်းနှင့်တူသော ပုဆိုးကိုခံလေ၏၊ ထိုရောအခါ ရဟန်းပရိသတ်တို့သည် အုတ်အုတ်ကျက်ကျက်သော အသံသည် ဖြစ်လတ်၍ "ရှစ်ကျိပ်သောမဟာထေရ်တို့သည်ငင်း, တပါးသောရဟန်းတို့သည်ငင်း မခံဝံ့သော ရွှေသင်္ကန်းကို တယောက်သော အညတရရဟန်း ခံလေ၏"ဟု ကဲ့ရဲ့သောစကားကို သောသောညံ ဆိုကြကုန်၏။

ထိုစကားကို ဘုရားရှင်ကြားတော်မူ၍ ပရိသတ် အပေါင်းတို့ကို ကြည့်တော်မူမြကြည့်၏၊ ခပ်သိမ်းသောသူတို့၏ ယုံမှားခြင်းကိုဖျောက်ပေအံ့ဟု ကြံတော်မူ၍"ချစ်သားရဟန်းတို့....ဤရဟန်းကို အညတရစကားဖြင့် မဆိုကြလင့်၊ ဤရဟန်းသည် သာမညမဟုတ်ပေ၊ ဘုရားလောင်း ပေတည်း၊ ပါရမီ ဆယ်ပါးကိုဖြည့်သော သူမြတ်ပေတည်း၊ တိမ်ဖုံးသော နေကဲ့သို့, ပြာလွှမ်းသောမီးကဲ့သို့ မနုဿလိင်္ဂနှင့် ပြည့်စုံသည်ဖြစ်၍ နောင်သောအခါ မေတ္တေယျ ဘုရားဖြစ်လတ္တံ့"ဟု မိန့်တော်မူပေ၏။

အဇိတထေရ် သပိတ်ယူခြင်း

ထိုရောအခါ ဘုရားရှင်ကား အာနန္ဒာကိုခေါ်တော်မူ၍ ကျောက်သပိတ်ကို ယူခဲ့ဟု မိန့်တော်မူ၏၊ ညီတော် အာနန္ဒာလည်း နတ်သား လေးယောက်လှူသော အနားလေးရစ်ရှိသော မြကျောက်သပိတ်ကို ယူခဲ့၍ မြသပိတ်ကို ကပ်လေ၏၊ ဘုရားရှင်လည်း လက်ဝါးပေါ်တွင်တင်၍ ကောင်းကင်သို့ လွှတ်တော်မူလိုက်၏၊ အတိုင်းမသိသော စကြဝဠာတိုက်ကို လွှမ်း၍သွားလေသော် ရှစ်ကျိပ်သော မထေရ်တို့ကိုရင်း, ထိုမှ တပါးသော ရဟန်းတို့ကိုရင်း လွှတ်လိုက်သော သပိတ်ကိုယူချေဟု စေတော်မူ၏၊ တယောက်သောသူမျှ ယူဆောင်အံ့သောငှါ မတတ်နိုင်သော် အဇိတမထေရ်ကိုခေါ်တော်မူ၍ “ငါလွှတ်လိုက်သော သပိတ်ကိုယူချေလော့”ဟု စေတော်မူ၏၊ အဇိတမထေရ်လည်း ဝန်ခံ၍ သွားလေသော် တခဏခြင်းပင် သပိတ်တော်ကို ဆောင်ခဲ့၍ရောက်လေ၏။

အဇိတထေရ် ဆုတောင်းခြင်း

ထိုရော အခါ အဇိတ မထေရ်ကား မိမိရသော ရွှေဖျင်ကို ဘုရားရှင်နေတော်မူသော ညောင်စောင်းထက်၌ ဗိတာန်ကြက်၍ လှူ၏၊ လှူပြီးသော ကာလ ဆုတောင်း၏၊ “အကျွန်ုပ်ကား မြတ်စွာဘုရားကို ဗိတာန်ကြက်၍ လှူသောအကျိုးအားဖြင့် အကျွန်ုပ် ဘုရားဖြစ်သောအခါ၌ ရတနာ ခုနစ်ပါးတို့ဖြင့်ပြီးသော ရွှေပန်းဆိုင်း, ငွေပန်းဆိုင်း, သန္တာပန်းဆိုင်း, ပုလဲပန်းဆိုင်းတို့ဖြင့် တန်ဆာဆင်အပ်သော * တဆယ့် နှစ်ယူဇနာရှိသော ဆန်းကြယ်တင့်တယ်စွာသော ဗိတာန်သည် ဖြစ်စေသတည်း” ဟု ဆုတောင်းပြီးသော် တင့်အပ်သောအရပ်၌ ဘုရားရှင်ကို ငါးပါးသော ရှိခိုးခြင်းဖြင့် ရှိခိုး၍နေ၏၊ ဘုရားရှင်လည်း ပြုံးတော်မူ၏။

အဇိတထေရ် ဗျာဒိတ်ကြားခြင်း

ထိုရောအခါ တရားဘဏ္ဍာစိုးဖြစ်သော အာနန္ဒာမထေရ်သည် နေရာမှထ၍ရှိခိုးလျက် “ပြုံးတော်မူသော အကြောင်းကို အကျွန်ုပ်အား ဟောတော်မူပါလော့”ဟု တောင်းပန်လေ၏၊ မြတ်စွာဘုရားကား နှံ့သာမှုန့်ထည့်သော ရွှေကြုတ်ကို ဖွင့်ဘိသကဲ့သို့ ပရိသတ် အဆုံးတိုင်အောင်

* တဆယ့်သုံးယူဇနာ (မူကွဲ)

ကြားစေလျက် "အာနန္ဒာ.... အဇိတမည်သော ရဟန်းသည် ဤဘဒ္ဒကကမ္ဘာ၌ပင် အရိမေတ္တေယျ ဘုရား ဖြစ်လတ္တံ့" ဟု ဗျာဒိတ်ထားတော်မူ၍ အရဟတ္တဖိုလ်ကို ဝင်စားတော်မူလေ၏၊ အရဟတ္တဖိုလ်မှ ထတော်မူလတ်သော် ထိုရောအခါ တရားစစ်သူကြီး ဖြစ်သော သာရိပုတ္တရာ မထေရ်သည် ရဟန်းတို့အလိုကိုသိ၍ လက်အုပ်ချီကာ ရှိခိုးလျက် နားတော်လျှောက်၏၊ "အဇိတရဟန်းကား အဘယ်နံရောအခါ၌ အဘယ်သို့သော အခြင်းအရာဖြင့် မေတ္တေယျဘုရား ဖြစ်လတ္တံ့နည်း၊ အကျွန်ုပ်အား သနားခြင်းကိုစွဲ၍ ဟောတော်မူပါ"ဟု တောင်းပန်လျှောက်ထား၏။

**အနာဂတဝံ ဟောတော်မူခြင်း**

မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအား ဤအနာဂတဝံကို ဟောတော်မူ၏၊ မေတ္တေယျဘုရားသည် အဘယ်သို့သောအခါ၌ ဖြစ်လတ္တံ့နည်းဟူမူကား— ချစ်သား သာရိပုတ္တရာ....ငါဘုရား ပရိနိဗ္ဗာန်လွန်၍ ကာလကြာသော် ငါးပါးသော ကွယ်ခြင်းဖြင့် ကွယ်လတ္တံ့၊ ငါးပါးသော ကွယ်ခြင်း ဟူသည်ကား—

၁။ ပဋိသမ္ဘိဒါခေတ်ကွယ်ခြင်း,
၂။ မဂ်ဖိုလ်ကွယ်ခြင်း,
၃။ အကျင့်ကွယ်ခြင်း,
၄။ ပရိယတ္တိ ပိဋကတ်သုံးပုံကွယ်ခြင်း,
၅။ သံဃာကွယ်ခြင်း—ဤငါးပါးတည်း။

**ကွယ်ခြင်း ၅-ပါး အကျယ်**

၁။ ချစ်သားသာရိပုတ္တရာ.... ငါဘုရားလွန်၍အနှစ်တထောင်ရှိလေသော် ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ရဟန္တာအဖြစ်ကို မရလတ္တံ့သတည်း။

သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်ကိုသာ ရနိုင်လတ္တံ့သတည်း။

၂။ ထို့နောင် မဂ်ဖိုလ်ကိုပင် မရလတ္တံ့သတည်း။

၃။ ထို့နောင် အဆုံးစွန်သော ပါရာဇိကကိုသာ စောင့်လတ္တံ့၊ ပါရာဇိကစောင့်သော ရဟန်းတို့ကာလ၌လည်း အနှစ်တထောင် တည်

လေ၏၊ ထိုရောအခါ အဆုံးစွန်သော ရဟန်းတယောက်သည် သိတင်းပျက်ခြင်း, အသက်ကုန်ခြင်းသို့ ရောက်လေသော် ဤကားအကျင့်ကွယ်သည်မည်၏။

၄။ ပရိယတ္တိကွယ်ခြင်း ဟူသော်ကား တရွေ့ရွေ့ ကြာလေသော် အမျိုးယုတ်သော မင်းတို့သည် တရားမစောင့်လတ္တံ့၊ မင်းမစောင့်လတ်သော် အမတ်စစ်သူကြီးမစောင့်လတ္တံ့၊ အမတ်စစ်သူကြီးမစောင့်လတ်သော် ပြည်သူ, နိဂုံးသူတို့မစောင့်လတ္တံ့၊ ထိုအခါတွင် မိုးကောင်းစွာ မရွာ၊ မရွာလတ်သော် ကောက်ပဲ မကောင်း လတ္တံ့၊ ကောက်ပဲ မကောင်းသော် ဒါယကာတို့သည် ပစ္စည်းလှူအံ့သောငှါ မတတ်နိုင်၊ မတတ်နိုင်သော် ရဟန်းတို့သည်ပစ္စည်းမရ၊ မရလတ်သော် တပည့်သားတို့အား သင်္ဂြိုဟ်ချီးမြှောက်ခြင်းကို မပြုရလတ္တံ့၊ နောင်ကြာလတ်သော် ပရိယတ္တိယုတ်လေ၍—

(က) ရှေးဦးစွာ ပဋ္ဌာန်းကျမ်းကြီး ကွယ်လတ္တံ့။
(ခ) ထို့နောက် ယမိုက် ကွယ်လတ္တံ့။
(ဂ) ထို့နောက် ကထာဝတ္ထု ကွယ်လတ္တံ့။
(ဃ) ထို့နောက် ပုဂ္ဂလပညတ် ကွယ်လတ္တံ့။
(င) ထို့နောက် ဓာတုကထာကွယ်လတ္တံ့။
(စ) ထို့နောက် ဝိဘင်းကျမ်း ကွယ်လတ္တံ့။
(ဆ) ထို့နောက် ဓမ္မသင်္ဂဏီ ကွယ်လတ္တံ့။
(ဇ) ထို့နောက် အင်္ဂုတ္တရနိကာယ် ကွယ်လတ္တံ့။
(ဈ) ထို့နောက် သံယုတ္တနိကာယ် ကွယ်လတ္တံ့။
(ည) ထို့နောက် မဇ္ဈိမနိကာယ်ကွယ်လတ္တံ့။
(ဋ) ထို့နောက် ဒီဃနိကာယ် ကွယ်လတ္တံ့။
(ဌ) ထို့နောက် ခုဒ္ဒကနိကာယ် ကွယ်လတ္တံ့။

ဂါထာလေးပုဒ်ရှိသေး၏၊ နောင်ကာလသော် သဒ္ဓါကြည်ညိုသော မင်းတယောက်သည် အသပြာထောင်ထုပ်ကို ဆင်ဦးခေါင်းထက်တင်၍ "ဘုရားမြတ်စွာ ဟောတော်မူသော တရားလေးပုဒ်, လေးဂါထာကို ဟောပြောနိုင်သော သူတို့ကို တွေ့လျှင် ဤအသပြာ ထောင်ထုပ်ကို ယူ

စေ''ဟူ၍ ပြည်လေးမျက်နှာကိုလှည့်စေ၏၊ ထိုသို့လှည့်လည် စေသော်လည်း တရားဟောနိုင်သောသူကို မရနိုင်၊ ထိုဥစ္စာကို သွင်းပြန်ရလတ္တံ့သတည်း။ ထိုအခါ ပရိယတ္တိကွယ်သည်မည်၏။

၅။ နောင်ကာလသော် ''ဖန်ရည်စွန်းသော သင်္ကန်းဖြင့် အဘယ်အကျိုးရှိအံ့နည်း''ဟု တထွာ,တမိုက် ဆုတ်၍ ဆံပင်၌ငင်း, လည်၌ငင်း, လက်၌ငင်း ကပ်စေ၍မယား,သား မွေးကုန်အံ့သတည်း၊ နောင်ကာလသော် ထိုမယား,သား မွေးခြင်း,လယ်လုပ်ခြင်း,ကုန်သွယ်ခြင်းကို ပြုလုပ်၍ လက်၌ငင်း,နား၌ငင်း ကပ်သော သင်္ကန်းရှိသောသူကို ဘုရားမြတ်စွာ၏ သံဃာတော်အမှတ်ဖြင့် ရည်၍လှူ၏၊ လှူရသောအကျိုးကို မရေတွက်နိုင်ဟူ၍ ချစ်သား သာရိပုတ္တရာ.... ငါဘုရား ဟောတော်မူ၏၊ နောင်ကာလသော်''သင်္ကန်းဖြင့် အဘယ်ပြုအံ့နည်း''ဟု တောခြုံပေါ်စွန့်လေအံ့၊ ချစ်သားသာရိပုတ္တရာ.... ဤသည်သာလျှင် ရဟန်းသညာန်လိင်သာသနာကွယ်လေသည်မည်၏၊

**ဓာတုပရိနိဗ္ဗာန် ဝင်စံခြင်း**

ထိုသို့ အနှစ်ငါးထောင် စေ့လေသော် ငါဘုရား၏ သာသနာတော်သည် ပူဇော်သက္ကာရကို မရသည်ဖြစ်၍ ပူဇော်သက္ကာရ- ရရာသို့ သွားလတ္တံ့၊ ငါဘုရား၏ ဓာတ်တော်, မွေတော်တို့သည် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်, နဂါးပြည်၌ရှိ၏၊ ထိုရှိသော ဓာတ်တော်တို့သည် ပြောင်းကြွ၍ မဟာစေတီမဏ္ဍိုင်၌သာ စည်းဝေးစုပုံ၍ ငါဘုရား၏ နိမ္မိတသဏ္ဍာန်တော်ကို ဖန်ဆင်း၍ ယမိုက်ပြာဋိဟာကို ပြလတ္တံ့သတည်း၊ ထိုရောအခါ ထိုအရပ်သို့ လူများမရောက်နိုင်၊ စကြဝဠာတသောင်း၌ နေသောနတ်, ဗြဟ္မာတို့ရောက်၍''ယနေ့ကား အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံအံ့သတည်း၊ ယနေ့မှစ၍ အမိုက်အတိသာ ဖြစ်လတ္တံ့သည်'' ဟူ၍ ငိုကြွေးကြကုန်အံ့၊ ထိုရောအခါ ရောင်တော်ပြလတ်၍ ဂန္ဓမာဒနတောင်မှ တရားဟောလတ္တံ့၊ နတ်, ဗြဟ္မာအပေါင်းတို့ကား ကုဋေတသိန်းမျှ ကျွတ်လတ္တံ့၊ ထို့နောင်မှ တေဇောဓာတ်လောင်၍ အကြွင်းမရှိ အနုပါဒိသေသ နိဗ္ဗာန်သို့ ဝင်စံတော်မူအံ့၊

**အသက်တမ်း ဆုတ်ယုတ်ခြင်း**

ချစ်သား သာရိပုတ္တရာ···· ထိုရောအခါ အမိုက်အတိသာဖြစ်၍ မကောင်းမှုကို ပြုကြကုန်၏၊ လူတို့အသက်သည် ယုတ်လတ္တံ့၊ တရာကသည် ကိုးဆယ်၊ ရှစ်ဆယ်၊ ခုနစ်ဆယ်၊ ခြောက်ဆယ် အစဉ်အတိုင်း ယုတ်၍ ငါးနှစ်ရှိသော ယောကျ်ားမိန်းမတို့သည် အိမ်ထောင်ကြ၍ တဖန် ခြောက်နှစ်၊ ခုနစ်နှစ်ရှိလျှင်ပင် မြေး၊ မြစ် ဖြစ်လတ္တံ့၊ ထိုရောအခါ ကပ်သုံးပါးဖြစ်လတ္တံ့၊ ''မွတ်သိပ်ခြင်း အန္တရာယ်၊ အနာအန္တရာယ်၊ လက်နက်အန္တရာယ်''ဟူ၍ အန္တရာယ် သုံးပါးဖြစ်လတ္တံ့၊ ထိုရောအခါ—

၁။ အနာအန္တရာယ်ဖြစ်၍ သေသောသူတို့သည် နတ်ရွာ၌ ဖြစ်လတ္တံ့။

၂။ မွတ်သိပ်ခြင်း အန္တရာယ်နှင့် သေသောသူတို့သည် ပြိတ္တာ ဖြစ်လတ္တံ့။

၃။ လက်နက်ဖြင့် သေသောသူတို့သည် ငရဲ၌ ဖြစ်လတ္တံ့။

**ဝိသုကြိုနတ်သား ဆုံးမခြင်း**

ချစ်သား သာရိပုတ္တရာ···· လူတို့ မေ့လျော့၍ ဝိသုကြိုနတ်သား ဆုံးမလတ္တံ့၊ ''အို လူများတို့···· ယနေ့မှ၍ ခုနစ်ရက် တိုင်လတ်သော် လူတို့သည် အချင်းချင်း သမင် သားငါးအမှတ်ဖြင့် ထိုးခုတ် သတ်ဖြတ်ကြလတ္တံ့၊ ထိုဘေးမှ လွတ်လိုသောသူတို့သည် ခုနစ်ရက်စာယူ၍ တယောက်ချင်းသာ တောင်မြောင်ချောက်ကြား၌ လူချင်းမတွေ့လေအောင် ပုန်းလေကုန်၊ ခုနစ်ရက်လည်မှ လာလှည့်ကုန်''ဟု ပုဆိုးစွတ်စို မျက်ရည်ယိုလျက် ဝိသုကြိုနတ်သား ဆုံးမလတ္တံ့။

အချို့သော သူတို့သည်လည်း ''လုလင်ဆိုသော စကားသည် ဟုတ်ပေလတ္တံ့''ဟု ပညာရှိသောသူတို့သည် ခုနစ်ရက်စာယူ၍ ပုန်းကုန်လတ္တံ့၊ ထိုရောအခါ အချင်းချင်းသတ်၍ အရိုးအသားတို့ ပြည့်လတ္တံ့၊ ထို့နောင်မှ မိုယ်းကြီးစွာရွာလတ်၍ အရိုးအသားတို့သည် မျောလတ္တံ့၊ ထို့နောင် ပုဆိုးမိုယ်းရွာလတ္တံ့၊ ထိုပုန်းသောသူတို့သည် ပုန်းရာမှ လာလေသော် လူများမမြင်၍ ငိုကြွေးလတ်ကုန်အံ့၊ ပုန်း၍ နေသော သူတို့သည် ကောင်းမွန်စွာ သီလ သီတင်းသုံးခြင်းကို ပြုကုန်လတ္တံ့။

**အသက်တမ်း တိုးပွားခြင်း**

ချစ်သားသာရိပုတ္တရာ…. ထိုရောအခါ အနှစ်တဆယ် နေရသော သူတို့၏သားသည် အနှစ်- နှစ်ဆယ် နေရ၏၊ နှစ်ဆယ်နေရသော သူတို့၏သားသည် လေးဆယ်နေရ၏၊ လေးဆယ်နေရသော သူတို့၏သားသည် ရှစ်ဆယ် နေရ၏၊ ထိုသူတို့၏ အသက်လည်း အစဉ်အတိုင်းတက်လေ၍ အသက် အသင်္ချေ မရေတွက်နိုင်အောင် တက်လေ၍ ကောင်းမှုကိုသာ ပြုကုန်၏၊ ထိုရောအခါ လူတို့သည် ဆင်းရဲခြင်းဟူသည် အသို့နည်းဟူ၍ မသိလတ္တံ့၊ လူတို့၏အသက်သည် ကြာတင်ရှည်လျားလတ်သော် အိုခြင်း, နာခြင်း, သေခြင်းစသော လက္ခဏာတို့သည် မထင်မြင်လတ္တံ့။

ထိုသို့ မထင်သည်ဖြစ်၍ တရားပျက်ပြီးလျှင် အသက် အသင်္ချေယျ တမ်းမှ တဖြည်းဖြည်း ဆုတ်ယုတ်၍*ရှစ်သောင်းတိုင်အောင် ရေတွက် နိုင်လတ္တံ့၊ ထိုရောအခါ လူတို့သည် မိန်းမလျှင်လည်း နတ်သမီးနှင့်တူ၏၊ ယောက်ျားလျှင်လည်း နတ်သားနှင့်တူ၏၊ ထိုယောက်ျား,မိန်းမတို့သည် ထိမ်းမြားမင်္ဂလာ ပြုလတ္တံ့သတည်း၊ သဘင်ခံလျက် စမွယ်၍ နတ်ပြည် ကဲ့သို့ ရှိလတ္တံ့၊ မိုယ်းကား ဆယ်ရက်တခါ လခွဲတခါ ညဉ့်သန်းခေါင် ကိုသာ မြေဩဇာတက်စေ၍ ရွာရ၏၊ ထိုရောအခါ သုံးပါးသော အန္တရာယ်ရှိ၏၊ သုံးပါးဟူသည်ကား—

† ၁။ ထမင်းဆာသောအနာ,

၂။ ထမင်းဆီယစ်၍ အိပ်ချင်သောအနာ,

၃။ အိုမင်းရင့်ရော်သော အနာတို့သာတည်း,

ထိုမှ တပါးသောအနာမျိုးတို့သည် မရှိကုန်လတ္တံ့။

---

*လူတို့အသက်တမ်း ၈-သောင်းရှိသောအခါ မေတ္တေယျမည်သော ဘုရား ပွင့်လတ္တံ့-ဟု ဒီဃနိကာယ်ပါထိကဝဂ်စက္ကဝတ္တိသုတ်၌၎င်း၊အနာဂတဝင်ပါဠိ၌, အနာဂတဝင်အဋ္ဌကထာများ၌၎င်း တညီတညွတ်တည်းလာရှိသည်၊အချို့စာမူ များ၌ (တသိန်းတိုင်အောင်)ဟု ချွတ်ယွင်းစွာ ဆိုလျက်ရှိ၏။

†ဇိဃစ္ဆာ,အနသန,ဇရာ-ဟူ၍သာ စက္ကဝတ္တိသုတ်၌၎င်း၊အနာဂတဝင်ပါဠိ၌၎င်း လာ၏၊ အဋ္ဌကထာများ၌လည်း ဤစာမူအတိုင်းအနက် အဓိပ္ပါယ်ဖွင့်ဆို၏၊ အချို့စာမူ၌ကား ထမင်းအဆီယစ်သောအနာ, ထမင်းမစားချင်သောအနာ, အိပ်ချင်သောအနာ-ဟု ချွတ်ယွင်းစွာ ဆိုလျက်ရှိ၏။

**မကွေ့ယှဉ်ဘူးရား ပွင့်ရာ ကေတုမတီပြည်**

ချစ်သား သာရိပုတ္တရာ….ထိုရောအခါ အလျား တခါယ့် နှစ်ယူဇနာ, အနံ ခုနစ်ယူဇနာ ရှိသော ကေတုမတီ ပြည်ကြီး၌ အတိုင်းမသိသော စကြာ, ဆင်, မြင်း, ပတ္တမြား, မိဖုရား, သူဌေးကြီး, သား တော်ကြီးဟူသော ရတနာခုနစ်ပါးနှင့်ပြည့်စုံသော သင်္ခစကြာဝတေးမင်း သည် ရန်သူတို့ကို ဆုံးမလျက် မင်းပြု၍နေလတ္တံ့၊ပြည်အလယ်၌ ရတနာ ခုနစ်ပါးအတိပြီးသော တံတိုင်းရံလျက် မျက်စိဖြင့် စိန်းစိန်းကြည့်သော် မတတ်နိုင်ကောင်းသော အရောင်အဝါဖြင့် အစောက်ကား နှစ်ဆယ့် ငါးယူဇနာ, အချင်းကား တယူဇနာခွဲရှိသော ရတနာ ခုနစ်ပါးအတိပြီး သော ပြာသာဒ်ယာဉ် ပေါက်လတ္တံ့။

[မဟာပနာဒ မင်းလည်း ရှေးနေလေဘူးသည်ဟု ကျမ်းဆို၏။]

**သင်္ခမည်သော စကြာဝတေးမင်း**

ထိုပြာသာဒ်၌ သင်္ခစကြာဝတေးမင်းသည် ချမ်းသာ ခံစား၍ နေလတ္တံ့၊ ထိုကေတုမတီပြည်၏ ထက်ဝန်း ကျင်၌ အထူးထူးသော ရေကန်တို့သည် ကြာမျိုး ငါးပါးဖြင့် ဖုံးလွှမ်းလျက် ကြာပွင့်အနံ့တို့သည် တကြိုင်ကြိုင်လှိုင်ကုန်၏၊ ထိုပြည်ထက်ဝန်းကျင်၌ မင်းဥယျာဉ်တို့သည် ပန်းမျိုးစေ့စုံလျက် မြရည် သွန်းသကဲ့သို့ ပွင့်ကုန်၏၊ ပန်းမျိုးတို့၏ အနံ့တို့သည် တကြိုင်ကြိုင်လှိုင် ကုန်၏၊ ကေတုမတီ၏ အလယ်၌၎င်း, မြို့တံခါး လေးမျက်နှာ၌၎င်း ပြာသာဒ်အရံတိုင်း, အရံတိုင်း၌ ပဒေသာပင်တို့သည် ကောင်းစွာ ပေါက်လတ္တံ့၊ ထိုပဒေသာပင်တို့၌ အဖြူ, အနီ, အဝါ, အရွှေ, အစိမ်း, အမဲ, အကြောင်, အကျား, ပြိုးပြိုးပြက်ရှိသော နတ်ပုဆိုး တန်ဆာ တို့သည်၎င်း, ကာသိကရာဇ်တိုင်း, ခေါမတိုင်း, ကောဇုမ္ဗရာဇ်တိုင်း တို့၌ဖြစ်သော ပုဆိုးတို့သည်၎င်း၊ လူ့ပြည်၌ ထမင်းဘောဇဉ်, အဖျော် စသော လူတို့သုံးဆောင် စားသောက်ကောင်းသော အမြိန်အရသာ ဟူသမျှလည်း ပဒေသာပင်၌သာလျှင် တွဲရရွဲရှိလတ္တံ့၊ တံခါးလေး မျက်နှာ၌လည်း သာယာစွာသော ရွှေဇရပ်တို့သည် ပေါက်ကုန် လတ္တံ့။

ချစ်သား သာရိပုတ္တရာ….ထိုအခါ၌ ဥတုသုံးပါးသည် မပူ,မချမ်း ပြကတေ့သာဖြစ်လတ္တံ့၊ မြစ်တို့သည် အကြေအညာမစီးဘဲ နေလတ္တံ့၊

ကြည်လင်သန့်ရှင်း၏၊ ညွန်ကင်း၏၊ ပုလဲကျောက်သကဲ့သို့ရှိ၏၊ ချစ်သား သာရိပုတ္တရာ…. ထိုရောအခါ ဆန်တပင်သီးသော အသီးကား လှည်း နှစ်ထောင့်နှစ်ရာ ခုနစ်ဆယ့်နှစ်စီး တဆယ့်ခြောက်တင်းနှင့် နှစ်တို့ရှိ၏၊ အလုံးကား လုံးပတ်သုံးထွာရှိ၏။

ချစ်သား သာရိပုတ္တရာ…. ထိုရောအခါ လူတို့သည် ပဒေသာပင်၌ ဖြစ်သော အမြိန့်အရသာ နတ်သြဇာကဲ့သို့သော အစာတို့ကို စားကုန် လျက် ပတ္တမြားနားဒောင်းကိုသာ ဝတ်ကုန်လျက် စန္ဒကူးသရက္ခန် နံ့သာကိုသာ လိမ်းကုန်လျက် လက်စွပ်, ပုတီး, ခြေကျဉ်းစသော လူတို့ ဆင်ယင်အပ်သော တန်ဆာ တို့ကိုသာ ဆင်ယင်လျက် ကာသိကရာဇ် တိုင်း၌ ဖြစ်သော ပုဆိုးကိုသာ ဝတ်ကုန်လျက် နတ်စည်, စောင်းငြင်း တို့ကိုသာ တီးမှုတ်လျက် ချမ်းသာခံစား၍ နေရလတ္တံ့၊ ချစ်သား သာရိ ပုတ္တရာ…. ယူဇနာ တသောင်းရှိသော ဇမ္ဗူဒီပါကျွန်းကား- တာဝတိံ သာနတ်ပြည်ကဲ့သို့ ဖြစ်လတ္တံ့၊ ထိုရောအခါ လူတို့သည် နက္ခတ်ကစား လတ္တံ့၊ နတ်တို့သည် သဘင်ကဲ့သို့ ပျော်ပါးလတ္တံ့။

**မေတ္တေယျအလောင်း ပဋိသန္ဓေယူခြင်း**

ချစ်သား သာရိပုတ္တရာ..ထိုရောအခါ မေတ္တေယျ ဘုရားအလောင်းကား-တဆယ့်ခြောက်သချေင်္နှင့် ကမ္ဘာတသိန်း ပါရမီကို ဖြည့်၍ ခွန့်ခြင်းကြီး ငါးပါးကိုစွန့်၍ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ပြီးလျှင် တုသိတာနတ်ပြည်၌ ဖြစ်လတ္တံ့၊ ထိုတုသိတာနည်ပြည်၌ မေတ္တေယျဘုရား လောင်း တန်ခိုးသတင်း ကျော်စောလတ်၍ စကြဝဠာ တသောင်း၌ နေ ကုန်သောနတ်တို့သည် ဘုရားဖြစ်စိမ့်သောငှါ တောင်းပန်လာ၍ ငါး ပါးသော ကြည့်ခြင်းဖြင့်ကြည့်၍ တဆယ့်ရှစ်ကုဋေသော အရှိနှင့်တကွ တုသိတာနတ်ပြည်မှ စုတေ့ခဲ့၍ ကေတုမတီ မင်းနေပြည်၌ သခ်စကြ ဝတေးမင်းနှင့် တိုင်ပင်ကြံစည်ဘက် ကိုးကွယ်ရာဖြစ်သော အတိတ်, အနာဂတ်ကို သိမြင်နိုင်၍ ပစ္စုပ္ပန်, သံသရာ အစီးအပွါးကို ဆုံးမတတ် သော သုဗြဟ္မ အမည်ရှိသော ပုဏ္ဏားကြီး၏ ခင်ပွန်းမဖြစ်သော ဗြဟ္မ ဝတီ အမည်ရှိသော ပုဏ္ဏေးမ ဝမ်း၌ ပဋိသန္ဓေနေလတ္တံ့၊ ထိုရောအခါ တသောင်းသော လောကဓာတ် လှုပ်လတ္တံ့၊ ဆယ်လလွန်လျှင် ဉာသိ

ပတနု သမင်တောမှာ ဘွားလတ္တံ့၊ အဇိတ ဟူသော အမည်ကို မှည့်လတ္တံ့၊ ဘွားဘက်ကား တဆယ့်ရှစ်ကုဋေတည်း၊ အမတ်ကြီးချည်း ဖြစ်လတ္တံ့။

ဘုရားအလောင်း စည်းစိမ် ခံစံတော်မူခြင်း

အဇိတမင်းသားအား လောကစည်းစိမ်ကို ခံစားစိမ့်သောငှါ ရတနာ ခုနစ်ပါးအတိပြီးသော အရောင်အဝါထွန်းတောက်လျက် နေမင်း၏ ရောင်ခြည်ကဲ့သို့ မျက်စိ စိန်းစိန်း မကြည့်ဝံ့သော အရောင်တို့ဖြင့် တင့်တယ်သော*ပြာသာဒ် လေးဆောင် တို့သည် ပေါက်လတ္တံ့၊ တဆောင်တဆောင်သော ပြာသာဒ်၌ ခန်းတိုက်ခုနစ်ထောင်စီ၊ တဘက်တဘက်၌ ပတ္တမြား, ကျောက်ရွဲစီသော ကိုးပါးသော နဝရတ်ဖြင့်ပြီးသော ပလ္လင်ခုနစ်ထောင်စီ၊ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ထီးဖြူခုနစ်ထောင်စီ၊ အထူးထူးသော သားမွေးတို့ဖြင့် ပြီးသော ညောင်စောင်းခုနစ်ထောင်စီ၊ တဆောင်တဆောင်သော ပြာသာဒ်၌ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ရွှေအိုးကြီးလေးလုံးစီ ပေါက်လတ္တံ့၊ တလုံးတလုံးသော ရွှေအိုး၏ အဝကား တယူဇနာတည်း၊ ရွှေအိုး၏ အခံစောက်ကား မြေကြီးအမျှတည်း၊ ထိုရွှေအိုးတလုံးတလုံး၌ ပဒေသာပင် ခြောက်ပင်,ခြောက်ပင်စီ ပေါက်လတ္တံ့။

တဆောင် တဆောင်သောပြာသာဒ်၌ ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်လျက် ရွှေတံခွန်ဆောက်သော ခုနစ်ထောင်သော ဆဒ္ဒန်ဆင်မင်းတို့သည် ရှိလတ္တံ့၊ တကိုယ်လုံးကို တန်ဆာဆင်သောဝလာဟက သိန္ဓောမြင်း တထောင်ကသော ခုနစ်ရာသော ရထားတို့သည်လည်း ဖြစ်လတ္တံ့၊ တဘုံ,တဘုံ၌ အမျိုးအနွယ်အားဖြင့် မြတ်သော အဆင်းငါးပါးနှင့် ပြည့်စုံသော နတ်သမီးနှင့်တူသော ရတနာအတိတန်ဆာဆင်လျက် မောင်းမတသောင်း ခြောက်ထောင်စီ ရှိလတ္တံ့၊တဘုံ,တဘုံ၌ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း၌ တတ်သိ လိမ္မာသော ရှုချင်ဘွယ် တင့်တယ်ခြင်း, စမွယ်ခြင်းနှင့်ယှဉ်သော စင်ကြယ်သော အမျိုး၌ဖြစ်သော ခုနစ်ထောင်သော ကခြေသည်တို့ ဖြစ်လတ္တံ့။

---

* သိရိဝဍ္ဍ, ဝဍ္ဍမာန, သိဒ္ဓတ္ထ, စန္ဒက-ဟူသော ပြာသာဒ် လေးဆောင် [အနာဂတဝင် အဋ္ဌကထာ။]

ချစ်သား သာရိပုတ္တရာ····အဇိတ မင်းသား၏ မိဖုရားမြတ်ကား စန္ဒမုခီ အမည်ရှိ၏၊ စန္ဒမုခီမိဖုရားကား မောင်းမအပေါင်း ခြံရံလျက် အကျင့် သီလ သီတင်းနှင့်ပြည့်စုံ၏၊ အပြစ်ခြောက်ပါးကင်း၏၊ ကြန်အင် ငါးပါးနှင့်ညီ၏၊အလွန်အဆင်းလှ၏၊ လူမတူ နတ်မမျှ အလွန်လှပသဖြင့် ရှု၍မငြီးသည် ဖြစ်လတ္တံ့၊ စန္ဒမုခီ မိဖုရားကိုယ်မှာ စန္ဒကူး သရက္ခန် အနံ့ကြိုင်၏၊ ကိုယ်ရောင်ဖြင့် တဆယ့်နှစ်တောင်သောအရပ်သို့ ထွန်းနိုင် ၏၊ ကိုယ်အသားကား ဝါဂွမ်းကဲ့သို့ နူးညံ့၏၊ ပြုခဲ့ဘူးသော ကုသိုလ် ကောင်းမှုတို့သည် အဆုံးစွန်သော ဘဝ၌ တည်ကြည်၏၊ စန္ဒမုခီမိဖုရား သားကား * ဗြဟ္မဝဍ္ဎန မည်၏၊ ရာဟုလာကဲ့သို့ အဆုံးစွန်သော ဘဝ၌ ယှဉ်၏။

ချစ်သားသာရိပုတ္တရာ····ထိုအဇိတ အမည်ရှိသော ဘုရားလောင်း သည်ကား–ထိုပြာသာဒ်၌ နတ်မင်းကြီးကဲ့သို့ ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်၍ စန္ဒမုခီမိဖုရား အမှူးရှိသော မောင်းမအပေါင်း ခြံရံ လျက် နတ်မင်းစည်းစိမ်ကဲ့သို့ စံစား၍ နေလတ္တံ့၊ ချစ်သား သာရိ ပုတ္တရာ····ထိုရောအခါ အဇိတ ဘုရားလောင်းကား–တဆယ့်ခြောက် သချေနှင့် ကမ္ဘာတသိန်း ဖြည့်ဘူးသော ပါရမီကောင်းမှု နှိုးဆော်လေ ရကား-ဇမ္ဗူဒိပါကျွန်း၌ မြေပြင်ရှိသမျှသည် ခပင်းများစွာတို့ ကြွေး ကြော်လျက် တာဝတိံသာ နတ်ပြည်ကဲ့သို့ သောသောညံညံ ရှိလတ္တံ့၊ သုဓမ္မာနတ်သဘင်ကဲ့သို့ ဖြစ်လတ္တံ့၊ ခပ်သိမ်းသော လောကဓာတ်၌ ရှိသော အသရေဟူသမျှတို့ကို စုပုံ၍ ထားဘိသကဲ့သို့ ဖြစ်လတ္တံ့။

ချစ်သား သာရိပုတ္တရာ····ရှစ်သောင်း လေးထောင်သော မင်းတို့ သည်၎င်း, ခပ်သိမ်းသော နတ်တို့သည်၎င်း,သန်စကြာဝတေးမင်းနှင့်တကွ မေတ္တေယျ ဘုရားအလောင်းထံသို့ သွားကုန်၍ “အရှင်···အမှုကြီးငယ်ကို အကျွန်ုပ်တို့ ထမ်းလိုပါ၏”ဟု မျက်နှာတော်ကိုကြည့်၍ နေလတ္တံ့၊ ဘုရားအလောင်းတော်လည်း“မင်းများတို့····အမှုထမ်းသူကား-တဆယ့် ရှစ်ကုဋေသော အမတ်ကြီးက စ၍ များစွာသော ဆင်,မြင်း,ရဲမက်ဗိုလ် ပါရှိ၏၊ ငါအလိုမရှိ သွားကြလေ”ဟု ဆိုလတ္တံ့။

* အနာဂတဘဝင်အဋ္ဌကထာ၌ဗြဟ္မဝမုနဟုဆို၏၊အချို့စာမူ၌ဗြဟ္မဝံသ-ဟု ၎င်း, ဗြဟ္မဝဍ္ဎဟု၎င်း ဆို၏။

ဘုရားအလောင်း တောထွက်တော်မူခြင်း။

ထိုသို့ အလွန်တရာ ပြည့်စုံစွာသော ဖြည့်ပြီးသော ပါရမီတော်၏ အာနုဘော်အားဖြင့် အဇိတ မင်းသားကား လေးဆောင်သော ပြာသာဒ်၌ လောကီစည်းစိမ်ကိုသာ ခံစား၍ * အနှစ်ရှစ်ထောင် နေမှ စန္ဒမုခီ မိဖုရားသည် ဗြဟ္မဝဍ္ဎန သားကို ဘွားလတ်သောအခါ ဘုရားတို့၏ ဓမ္မတာအလျောက် ဥယျာဉ်ကစားသွားလတ်သော် သူအို,သူနာ, သူသေ, ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကိုမြင်၍ စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံသော ပြာသာဒ်တို့ဖြင့် မမွေ့လျော်သည် ဖြစ်၍ မြတ်သော တောထွက်ခြင်းဖြင့် တောထွက်အံ့ဟု ကြံ၏၊ ထိုအကြံကိုသိ၍ သဉ်စကြဝတေးမင်းသည် ပျော်ပါးစိမ့်သောငှါ ရှစ်သောင်း လေးထောင်သော ကခြေသည်တို့ဖြင့် ဘုရားလောင်းနေသော ပြာသာဒ်၌ သဘင်ကြီးစွာ ခံ၍နေလတ္တံ့။

ထိုသို့ အဇိတမင်းသား တောထွက်မည်ဟူသောအသံ ကျော်စောလတ်၍ ပြည်ကြီးသူ, နိဂုံးဇနပုဒ်သူ, မင်းသား, မင်းမြေး, သူဌေး, သူကြွယ်စသော လူအပေါင်းတို့သည် ပန်းနံ့သာစွဲလျက် ခြံရံ၍နေလတ္တံ့၊ ယနေ့ အဇိတမင်းသားသည် တောထွက်လတ္တံ့ဟု အုတ်အုတ်ကျက်ကျက်သောအသံ ဖြစ်လတ္တံ့၊ ကောင်းကင်၌နေသောနတ်တို့သည်လည်း သဘင်နှင့်တကွ ပန်းနံ့သာ လက်စွဲလျက် ပူဇော်ကြလတ္တံ့၊ စကြဝဠာတသောင်း၌နေသော နတ်ဗြဟ္မာတို့သည်လည်း နတ်တို့၏ ထီး, တံခွန်, ပန်း, နံ့သာ, ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်စသည်တို့ဖြင့် ဘုရားလောင်းနေသော ပြာသာဒ်၌ မိုယ်းကြီးရွာသကဲ့သို့ အပြည့်အထပ်ရှိလတ္တံ့။

ချစ်သား သာရိပုတ္တရာ····ထိုအခါ၌ တောင်,ကမ်း,ချောက်မရှိ၊ မြေအပြင်သည် ညီညွတ်စွာဖြစ်လတ္တံ့၊ အရိမေတ္တေယျဘုရား သက်တော်

---

*အနှစ်ရှစ်ထောင်–ဟုအနာဂတဝင်ပါဠိ,အနာဂတဝင်အဋ္ဌကထာ,ဒသဗုဒ္ဓအနာဂတဝင်တို့၌တညီတညွတ်တည်းလာရှိ၏၊အချို့စာမူ၌(အနှစ်တသောင်း) ဟု ချွတ်ယွင်းစွာ ဆိုလျက် ရှိ၏။

ကား * ရှစ်သောင်းတမ်းဖြစ်၍ အနှစ် ခြောက်သောင်းလေးထောင် နေလတ္တံ့၊ မေတ္တေယျ အရပ်တော်ကား † အတောင်ရှစ်ဆယ့်ရှစ်တောင် ရှိလတ္တံ့။

[မျက်ကွင်းတော်ကား ငါးတောင်ရှိ၏၊ ခံတွင်းတော်လည်း ငါးတောင်ရှိ၏၊ နားရွက်တော်လည်း အစောက်ကား ငါးတောင်ရှိ၏၊ လက်ချောင်းအကြား တထွာရှိ၏၊ ဘဝါးတော် အလျား ဆယ်တောင်ရှိ၏၊ ခြေမျက်စိကကို ပုဆစ်ဒူးတိုင်အောင် အတောင်နှစ်ဆယ်ရှိ၏၊ ထိုကာလ၌ လူတို့ကား အရပ်အတောင် လေးဆယ်ရှိ၏၊ ခံတွင်းဝနှစ်တောင့်တထွာရှိ၏၊ ထိုကာလ၌ ယနေ့ဘွားသောသားကား အရပ်ငါးတောင်ရှိ၏၊ လူတို့၏ အလုံးအရပ် အင်္ဂါကြီးငယ်သည် ဘုရားဟဝက်စီချည်းတည်း။] အင်္ဂါကြီးငယ်နှင့်ပြည့်စုံလျက် လှသောမျက်နှာသာရှိ၏၊ အကုန်း, အကွ, အကန်း, အနူ, အဝဲ မရှိကုန်။

**တောထွက်ရာ အခြံအရံ**

ချစ်သား သာရိပုတ္တရာ....ထိုရောအခါ မေတ္တေယျ ဘုရားလောင်းအား မိဖုရား, သားတော်အပေါင်း ခြံရံလျက် ကခြေသည် ခုနစ်ထောင် အလုပ်အကျွေးနှင့်တကွ ဘုရားလောင်းနေသောပြာသာဒ်သည် ကောင်းကင်သို့ပျံတက်၍ ဟင်္သာမင်းပျံသကဲ့သို့ ပျံလတ္တံ့၊ ထိုရောအခါ ဘုရားလောင်း တောထွက်ရာသို့ လိုက်ပါလိုသော သူတို့သည် ဘုရားလောင်းတန်ခိုးကြောင့်၎င်း, သခ်စကြဝတေးမင်းတန်ခိုးကြောင့်၎င်း, နတ်တို့တန်ခိုးကြောင့်၎င်း ကောင်းကင်ခရီးဖြင့်သာ လိုက်လတ္တံ့သတည်း။

---

* ဘုရားသခင်တို့မည်သည် လူတို့၏ အသက်တမ်းကို ငါးစု စု၍ လေးစုသာ တည်နေတော်မူသည်ဟုမဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာစသည်တို့၌လာရှိသည့်အတိုင်း ရှစ်သောင်းတမ်းဖြစ်၍သက်တော်ခြောက်သောင်းလေးထောင်တည်နေတော်မူမည်ကိုသိရာသည်၊ အချို့စာမူတို့၌(တသိန်းတမ်းဖြစ်၍အနှစ်ရှစ်သောင်း နေလတ္တံ့)ဟု ဆိုသည်။

† အနာဂတဝင်ပါဠိ၌“အဋ္ဌာသီတိ ဘဝေဟတ္ထော”ဟုလာသည်၊ ၎င်းအဋ္ဌကထာ၌အဋ္ဌာသီတိဟတ္ထုဗ္ဗေဓော-ဟုလာသည်၊ အရပ်တော်အတောင်ရှစ်ဆယ့်ရှစ်တောင်ရှိ၏ဟုဆိုသည်၊ အချို့စာမူများ၌ အရပ်တော်အတောင်ရှစ်ဆယ်ရှိ၏ ဟုဆိုသည်။

[ ] ဤအကွင်းရှိ စကားရပ်များသည် အနာဂတဝင်ပါဠိ အနာဂတဝင် အဋ္ဌကထာတို့၌မပါလာ။

ချစ်သား သာရိပုတ္တရာ····ထိုရောအခါ ဗြဟ္မာမင်း ကား သုံးယူဇနာ ရှိသောထီးဖြူကိုမိုး၍လိုက်လတ္တံ့၊ သိကြားမင်း ကား အတောင်တရာ့နှစ် ဆယ်ရှိသောလက်ျာရစ်ခရုသင်းကို ကိုင်လျက် သာခုခေါ်၍လိုက်လတ္တံ့၊ သုယာမနတ်သား ကား သားမြီးယပ်ကို ကိုင်၍လိုက်လတ္တံ့၊ တုသိတာနတ် သား ကား ပတ္တမြားယပ်ကို ကိုင်၍လိုက်လတ္တံ့၊ ပဥ္စသိခနတ်သား ကား စောင်းကိုကိုင်၍လိုက်လတ္တံ့၊လောကပါလနတ်သားလေးယောက်တို့ကား သန်လျက်ကိုကိုင်၍ လိုက်ကုန်လတ္တံ့၊ နှစ်သိန်းရှစ်သောင်းသောဘီလူးစစ် သည် တို့ကားလက်နက်ကိုယ်စီကိုင်၍လိုက်ကုန်လတ္တံ့၊ဘုမ္မနွ,အာကာသဠ ဖြစ်ကုန်သော နတ်သမီးများလည်း ရတနာ ပန်းတောင်းတို့ကို ကိုင်လျက် လိုက်ကုန်လတ္တံ့။

အသုရာနံတ်တို့ကား သီချင်းသီလျက် နတ်တို့၏ တံခွန်ကို ကိုင်လျက် လိုက်ကုန်လတ္တံ့၊ နတ်မင်း တို့ကား ပတ္တမြားရှိသော ဆီမီးတိုင်ကိုကိုင် လျက်လိုက်ကုန်လတ္တံ့၊ ဂဠုန်တို့ကား စောင်းတီးလျက် လိုက်ကုန်လတ္တံ့၊ ကိန္နရာတို့ကား သီချင်းသီလျက် လိုက်ကုန်လတ္တံ့၊ ဂန္ဓဗ္ဗနတ်အပေါင်းတို့ ကား စောင်းတီးလျက် နတ်၏ ကခြင်း သီခြင်းတို့ဖြင့် က, သီလျက်လိုက် ကုန်လတ္တံ့။

**ဒုက္ကရစရိယာကျင့်၍ ရဟန်းပြုခြင်း**

ဤသို့ နတ်ပရိသတ်, လူပရိတ်သတ် ခြံရံလျက်နတ် သဘင်နှင့်တကွ နတ်တို့၏ ကောင်းချီး သံဖြင့်၎င်း, လူပရိသတ်တို့၏ ချီးမွမ်းသံဖြင့်၎င်း, ဗြဟ္မာတို့၏ လက်ပန်းပေါက်သံဖြင့်၎င်း တကွနက်သော ကောင်းကင်ကို ပဲ့တင်ထပ် စေလျက် တင့်တယ်စွာ စမွယ်ခြင်းဖြင့် ပြာသာဒ်ပျံ နှင့် တောထွက်လေ ၍ ကံ့ဂေါ် ဗောဓိမဏ္ဍိုင်- ငွေအဆင်းနှင့်တူသော တလင်းပြင်၌ ကောင်းကင်မှသက်လေ၍ မိမိထိုင်စဉ်၌ပင် ခြောက်ရက် ဒုက္ကရစရိယာ ကျင့်လတ္တံ့၊ အသရေရှိသော တိုက်တွင်းမှ နေ့ရက်စေ့၍ထွက်လတ်သော် ဗြဟ္မာမင်းသည် အလောင်းတော် မင်းသားအား ရဟန်းပြုအံ့သော ၄ါ ကြာသက်န်းကိုကပ်သဖြင့် ရဟန်းပြုလတ္တံ့၊ ဘုရားလောင်း နောက် သို့ လိုက်သော ပရိသတ်သည် ရဟန်းဖြစ်၍ မဂ်, ဖိုလ် ရကြလေအံ့ သတည်း။

**သမ္ဗောဓိဉာဏ်ရခြင်း**

ချစ်သား သာရိပုတ္တရာ.... စန္ဒမုခိ မည်သော မိဖုရားသည် ထိုအရပ်၌ပင်လျှင် နတ်သြဇာထည့်သော နွားနို့ဆွမ်းကို လှူလတ္တံ့၊ ဘုဉ်းပေး၍ ညချမ်းအခါ၌ တောင်မျက်နှာက ကံ့ဂေါပင် မဏ္ဍိုင်သို့ ကပ်လေ၍ မဟာမဏ္ဍိုင် ကံ့ဂေါပင်၏ မနီးမဝေး၌ ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော ခြောက်ဆယ့်လေးတောင် အစောက်ရှိသော ရွှေပလ္လင်ပေါက်၍ ထိုရွှေပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့တော်မူ၍ အရှေ့လောကဓာတ်သို့ ကြည့်ပြီးလျှင် နတ်ပရိသတ်, လူပရိသတ်ခြံရံလျက် မာရ်နတ်သားကို အောင်ပြီးသော်—

၁။ ညဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကိုရ၏။

၂။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကိုရ၏။

၃။ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်ကိုရ၏။

နေဝန်းပေါ်လတ်သော် သစ္စာလေးပါး တရားကိုသိ၍ သဗ္ဗညုတဉာဏ်ကို ရလတ္တံ့တည်း။

**မေတ္တေယျဘုရားတန်ခိုးတော်**

မာရ်ငါးပါးကို အောင်ပြီးသော် "အနေကဇာတိသံသာရံ" စသော ဥဒါန်းကို ကျူးလတ္တံ့၊ ဗောဓိ ကံ့ဂေါပင်၏ အနီး၌ လေးဆယ့်ကိုးရက်လွန်စေပြီးမှ ဖြဟ္မာမင်းတောင်းပန်ခြင်းကိုစွဲ၍ ဣသိပတန ဥယျာဉ်တော်သို့ ဓမ္မစကြာ တရားဟောအံ့ဟု သွားလေသောအခါ ဟင်းသပြဒါးနှင့်တူသော ခြေတော်စုံကို ခံအံ့သောငှါ မြေကြီးကိုခွဲ၍ ကြာပဒုမာတို့သည် ပေါက်လတ္တံ့၊ ထိုကြာပွင့်ချပ်ကြီးသည်ကား အတောင်သုံးဆယ် ရှိ၏၊ ကြာပွင့်ချပ်ငယ်သည် နှစ်ဆယ့်ငါးတောင်ရှိ၏၊ *ကြာဝတ်ဆံသည်ကား အတောင်နှစ်ဆယ် ရှိ၏၊ အလယ်ချက်သည်ကားတဆယ့်ခြောက်တောင်ရှိ၏၊ ထိုကြာသည် အရိမေတ္တေယျဘုရားသွားရာ ခြေချတိုင်း ခံလတ္တံ့၊ အရိမေတ္တေယျဘုရား ကိုယ်မှ ထွက်လေသော တခဲနက်သော ရောင်

---

* အချို့စာမူတို့၌ ကြာဝတ်ဆံ,ကြာချက်တို့၏အတိုင်းအထွာ ပမာဏမပါ၊ (ကြာပွင့်-ကြာဝတ်ဆံမှုန် ဆယ်ကင်းရှိ၏)ဟု အနာဂတဝင် အဋ္ဌကထာနှင့်မတူဘဲ ကျမ်းဆိုလျက်ရှိသည်။

ခြည်တော်ခြောက်သွယ်တို့သည် ထန်းလုံးလောက် အသွယ်သွယ်ထွက်လတ်၍ မေတ္တေယျဘုရားသခင်ကြောင့် စကြဝဠာတသောင်း၌ နေ့မှန်း ညမှန်းမသိ ထွန်းလတ္တံ့၊ ထိုရောအခါ အထက်ကို ဘဝဂ်တိုင်အောင်, အောက်ကို အဝီစိငရဲတိုင်အောင် ဘီလာထုတ်ချင်း အကြွင်းမရှိ အနန္တစကြဝဠာထိအောင်နှံ့လေ၏၊ ဓမ္မစကြာတရားဟောအံ့ဟု ရွှေကြာပွင့်ကိုနင်း၍ မိဂဒါဝုန်တောသို့ သွားလတ္တံ့၊ လူတို့သည် နေ့မှန်းညမှန်းမသိ၊ ကြက်တက်, ကြက်ဆင်းသည်ကိုငှင်း၊ နံနက်ပန်း,ညပန်းတို့ကိုငှင်း ချင့်တွက်၍ညဥ့်-နေ့အမှတ်ပြု၏၊ ထိုသို့ဓမ္မစကြာတရား ဟောသောအခါ လူ့ပရိသတ်အပေါင်းတို့သည် တဆယ့်ခြောက်ယူဇနာ, နတ်ပရိသတ်ကား စကြဝဠာတတိုက်လုံးအပြည့် အကနိဋ္ဌဗြဟ္မာ့ပြည် တိုင်အောင် စည်းဝေးကြလတ္တံ့၊ ထိုသို့ စည်းဝေးစဉ်ပင်လျှင် ပရိသတ်တို့၏အလယ်၌ လူလည်းမကိုင်,နတ်လည်းမကိုင်, မီးလည်းမလောင်, မိုဃ်းလည်းမစွတ်, မြူလည်းမတင်သော မိတာန် သည် နိဗ္ဗာန်ဝင်သည်တိုင်အောင် မေတ္တေယျဘုရားရှင် ဦးခေါင်းတော်ထက် နေ့ညဥ့်အမြဲပင်ကာ၍ ရှိလတ္တံ့၊ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ရွှေခြူညောင်ရွက် သန္တာဆိုင်းတို့ဖြင့် တည်လျက် တဆယ့်နှစ်ယူဇနာရှိသော ဗိတာန်သည် လူလည်းမကိုင်, နတ်လည်းမကိုင်, မီးလည်းမလောင်, မိုဃ်းလည်းမစွတ်, မြူလည်းမတင် နိဗ္ဗာန်ဝင်သည်တိုင်အောင်ပင် တရားဦးဟောသောနေ့မှစ၍ မေတ္တေယျဘုရားရှင် ဦးခေါင်းတော်ထက်၌ နေ့ညဥ့်အမြဲပင်ကာ၍ ရှိလတ္တံ့။

အကျွတ်တရား ရသူများ

မေတ္တေယျဘုရားရှင်သည် သစ္စာလေးပါး တရားကို ဟောသောအခါ လူကား အကုဋေတသိန်း ကျွတ်လတ္တံ့၊ နတ်လည်း အကုဋေတသိန်း ကျွတ်လတ္တံ့။

ချစ်သား သာရိပုတ္တရာ…. အဘိညာဉ် ငါးပါးနှင့် ပြည့်စုံသော အကုဋေတသိန်းသော ရဟန္တာတို့သည် မေတ္တေယျဘုရားကို ရံလတ္တံ့၊ ထိုရောအခါ သင်္ခစကြဝတေး မင်းသည် ရတနာခုနစ်ပါးဖြင့် ပြီးသော ပြာသာဒ်ကျောင်းကို ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆောင်နှင်း၍ ပဉ္စသည်းလေးပါးဖြင့် လှူပြီးမှ ဘုရားသို့ချဉ်းကပ်၍ နောက်ပါ အခြွေအရံကုဋေတသိန်းနှင့်တကွ မင်းမိဖုရားတို့သည် ဟေဗိကျွံချည်း

ဖြစ်လတ္တံ့၊ မေတ္တေယျဘုရားသည် ကျွတ်ထိုက်သော သတ္တဝါ နတ်,လူများတို့အား ချွတ်အံ့သောငှါ သွားလတ္တံ့။

**အနွယ်အဆက်နှင့် အခြံအရံ**

မေတ္တေယျဘုရားသခင်၏ အမိကား ဗြဟ္မဝတီပုဏ္ဏေးမတည်း၊ အဘကား သုဗြဟ္မ အမည်ရှိသော ပုရောဟိတ် ပုဏ္ဏားတည်း၊ မေတ္တေယျ ဘုရားလောင်း၏ မိဖုရားကား စန္ဒမုခီတည်း၊ သားကား ဗြဟ္မဝဍ္ဎန တည်း၊ လက်ျာရံကား အသောက၊ လက်ဝဲရံကား ဗြဟ္မဒေဝ၊ အလုပ်အကျွေးကား သီဟတည်း၊ *လက်ျာရံ အဂ္ဂသာဝိကာမကား ပဒုမာ တည်း၊ လက်ဝဲရံ အဂ္ဂသာဝိကာမကား သုမနာတည်း၊ လက်ျာရံ ဥပါသကာကား သုမန တည်း၊ လက်ဝဲရံ ဥပါသကာကား သင်္ဃ တည်း၊ လက်ျာရံ ဥပါသိကာမကား-ယသဝတီတည်း၊ လက်ဝဲရံ ဥပါသိကာမကား သင်္ဃာတည်း။

**ကံ့ကော်ဗောဓိ ပမာဏ**

† ဗောဓိ ကံ့ကော်ပင်၏ ပင်စည်ကား အမြင့် အတောင် တရာ့နှစ်ဆယ်, အကိုင်းကား အမြင့် တရာ့နှစ်ဆယ်,နှစ်ရပ်ပေါင်း အမြစ်ရင်းမှ အညွန့်ဖျားအထိ အမြင့်အတောင်နှစ်ရာ့လေးဆယ်, အချင်းကား နှစ်ရာ့လေးဆယ်, အဝန်းကား ခုနစ်ရာ့နှစ်ဆယ်ရှိ၏၊ ခက်မကိုးဖြာကား အတောင် တရာ့နှစ်ဆယ်ရှိ၏၊ ကံ့ကော်ပင်ကား စန္ဒကူးသရက္ခန် အနံ့ကဲ့သို့ လေအောက်,လေညာဆယ်ယူဇနာမွှေး၏၊ အငုံကား တဆယ့်နှစ်ကွမ်းစား၊ အငုံ ရိုးကား ဝင်ရိုးခန့်ရှိ၏၊ အပွင့်ကား လှည်းဘီးခန့်ရှိ၏၊ ထိုကံ့ကော်ပင်၌ ဘုရားဖြစ်သောနေ့မှစ၍ ပွင့်သောပန်းပွင့်သည် မညှိုးမနွမ်းဘဲ နိဗ္ဗာန်ဝင်မှ ကြွေလတ္တံ့၊ စန္ဒကူးထင်းပုံထက်စု၍ ထားဘိသကဲ့သို့ ကြွေလတ္တံ့၊ ကံ့ကော်ပင်၏ဝန်းကျင် တယူဇာလောက်သော အရပ်၌ အထူးထူးသောပန်းတို့သည်၎င်း, အထူးထူးသော သစ်သီးတို့သည်၎င်း, အသီးအပွင့်တို့ဖြင့် ဖုံးလွှမ်းလျက် လက်ျာရစ်လည်၍ တည်ကုန်လျက်

---

* အချို့သောစာမူ၌(လက်ဝဲရံ၏အမိကား-ပဒုမာ,လက်ျာရံ၏အမိကား-သုမနာတည်း)ဟု မှားယွင်းစွာ ဆိုလျက်ရှိ၏။

† အချို့စာမူ၌(ဗောဓိကံ့ကော်ပင်၏ လုံးပတ်ကား-အတောင် ခုနစ်ဆယ်ရှိ၏)ဟု အနာဂတဝင် ပါဠိ,အနာဂတဝင်အဋ္ဌကထာနှင့် မညီမညွတ်ဆိုလျက်ရှိသည်။

ဗောဓိပင်၏ဝန်းကျင် တယူဇနာခွဲရှိသော အရပ်၌ ရတနာသလဲ ဖုံးလွှမ်းလျက် ရတနာသလဲ၌ အထူးထူးသော အဆင်း, အနံ့, အမွှေးရှိသော ကြည်းပန်း, ရေပန်းတို့သည်၎င်း၊ စကား, စမ္ပယ်, ချယား, မြတ်လေး, သရဘီတို့သည်၎င်း၊ ပန်းကုံးသကဲ့သို့ ဗောဓိကုံ့ဂေါပင်သို့ ညွတ်၍ ပွင့်လတ္တံ့၊ ကုံ့ဂေါပင်၏ ခက်မအကြား၌ ပဒုမာကြာပွင့်စသော ကြာမျိုးငါးပါးဖုံးလွှမ်းလျက် ဖြစ်လတ္တံ့၊ ဗောဓိပင်၏လေးမျက်နှာ၌ ရတနာမဏ္ဍပ် ရွှေဇရပ်တို့သည် ပေါက်လတ္တံ့၊ ကုံ့ဂေါပင်၏ ခက်မ အကြားတို့၌ ပဒုမာ ကြာပွင့်တို့သည်လည်း ကြာဗိတာန် မိုးသကဲ့သို့ ရှိလတ္တံ့၊ ကောင်းကင်ဖြင့်သွားသော ငှက်တို့သည် လက်ျာရစ်လှည့်၍ ပျံကုန်၏၊ ဗောဓိပင်ကို နားဝံ့သော ငှက်မရှိကုန်၊ လေလာသော်လည်း အရွက်ကိုမျှ မလှုပ်နိုင်၊ လူ, နတ်, ဗြဟ္မာတို့သည် ဗောဓိကုံ့ဂေါပင်ကို ကြည့်၍ မငြီးသည် ဖြစ်လတ္တံ့၊ ချစ်သား သာရိပုတ္တရာ···· ဤသို့ တင့်တယ် လှပသော ကုံ့ဂေါပင်သည် ဖြစ်လတ္တံ့၊ မေတ္တေယျ ဘုရားလောင်း၏ လက္ခဏာ ကြီးငယ်တို့သည် စီစဉ်၍ ထားဘိသကဲ့သို့ ရှိလတ္တံ့၊ ဗြဟ္မာမင်း၏ အသရေကို နှိပ်စက်သကဲ့သို့ ရှိလတ္တံ့။

**အာနုဘော်တော်နှင့် ရှုးကောင်းမှု**

ချစ်သား သာရိပုတ္တရာ····မေတ္တေယျဘုရား နေ့သန့်အံ့သောငှါမြေကြီးကိုခွဲ၍ တဆယ့်နှစ်ယူဇနာရှိသော ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသော ရွှေမဏ္ဍပ်သည် ပေါက်လတ္တံ့၊ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ပတ္တမြားပလ္လင်သည် မဏ္ဍပ်အလယ်၌ပေါက်လတ္တံ့၊ ရတနာဖြင့်ပြီးသော ပုလဲဆိုင်း, ရွှေခြူ, ညောင်ရွက် တို့ဖြင့် တင့်တယ်သော နတ်၏ထီးဖြူလည်း ဖြစ်လတ္တံ့၊ ချစ်သား သာရိပုတ္တရာ····နတ်တို့သည် အထူးထူးဆန်းကြယ်စွာ သီကုံးဖန်ဆင်းအပ်သော ပန်းဆိုင်း တိုင်တို့သည်ကား ရွှေပန်းဆိုင်းတိုင်, ငွေပန်းဆိုင်းတိုင်, ပတ္တမြားပန်းဆိုင်းတိုင် ဖြစ်လတ္တံ့၊ ရတနာတို့ဖြင့် ပြီးသော တံခွန်တို့သည် တလျှပ်လျှပ်သာရှိလတ္တံ့၊ ရတနာ ဆီမီးတိုင်, ဆီမီးခွက်တို့သည် လူလည်းမထွန်း,နတ်လည်းမထွန်းဘဲ တပြောင်ပြောင်တောက်လျက်သာ ရှိလတ္တံ့၊ ပန်းမျိုးတို့သည်လည်း အနံ့ တကြိုင်ကြိုင် ပျံ့လျက်သာမွှေးလတ္တံ့၊ မဏ္ဍပ်ဝန်းကျင်၌ ရွှေအိုး, ငွေအိုး, ပတ္တမြားအိုးတို့သည် ဖြစ်လတ္တံ့။

အမှတ် ....၂၁....

မဏ္ဍာပ်ဝန်းကျင်၌ အဆင်းငါးပါးရှိသော နှိတ်ပွဲဆိုင်းတို့သည် ဖြစ်လတ္တံ့။ ပန်းမိုယ်း, နံ့သာမိုယ်းတို့သည် တရံမပြတ်ဆင်ရွာလတ္တံ့။ မဏ္ဍာပ်လေးထောင့်၌ အတောင်သုံးဆယ်ရှိသော ခေါင်းလောင်းကြီးသည် တွဲရရွဲဆွဲလတ္တံ့။ လေခတ်လတ်သော် ခေါင်းလောင်းသံသည် စကြာဝဠာတိုက်အလုံး ကြားလတ္တံ့။ ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသော တန်ဆာဆင်သော ပတ္တမြားပလ္လင်ထက်နေ၍ လူနတ်တို့အား တရားဟော၍ ရဟန်းအဖြစ်ကို ပေးလတ္တံ့။

မေတ္တေယျ ဘုရားရှင်၏ ပါရမီဆုတောင်း အာနုဘော်ကြောင့် နေတော်မူသော မဏ္ဍာပ်, ဗိတာန်, ပန်းဆိုင်းတိုင်, တုရိုဏ်းတိုင်, ထီး, တံခွန်, ဆီမီးတန်ဆောင်တို့သည် မေတ္တေယျဘုရား သွားလျှင် သွားခြင်း, နေလျှင် နေခြင်းဖြစ်လတ္တံ့။ ချစ်သား သာရိပုတ္တရာ....မေတ္တေယျဘုရားကား ပတ္တမြားပလ္လင်ထက်နေ၍ စကြာဝဠာ တသောင်းလုံးကို တရားဟောသဖြင့် ကြားစေလတ္တံ့။

မေတ္တေယျ ဘုရားအလောင်းကား လွန်လေပြီးသော ဘုရားတို့ကို ကျောင်းဇရပ်, ပလ္လင်, ဆွမ်း,သင်္ကန်း, ဆေး, နံ့သာ, ထီး, တံခွန်,ဆီမီး, ညောင်ရေ, ကြာဗိတာန်, ပန်းဆိုင်းတိုင်-အစရှိသော အထူးထူးသော အလှူကောင်းမှု၌ ပြုစုနိုးဆော် လေရကား လောကဓာတ်တို့၌ရှိသော အသရေဟူသမျှကို မဏ္ဍာပ်၌ စုပုံ၍ ထားဘိသကဲ့သို့ ရှိပေလတ္တံ့။

ရတနာမဏ္ဍာပ်၏ အတွင်း၌ကား စမွယ်, စကား, ချယား, မြတ်လေး စသောပန်းနံ့သာမျိုးတို့သည် အနံ့တကြိုင်ကြိုင်လှိုင်လတ္တံ့။ မေတ္တေယျဘုရားကို ဒါယကာတို့သည် ဆွမ်းဘိတ်၍ သွားအံ့သောအခါ ရတနာမဏ္ဍာပ်သည် စိတ်ရှိရာအရပ်သို့ ကောင်းကင်ဖြင့် သွားလတ္တံ့။ လှူအံ့သော ဒါယကာတို့ အိမ်တံခါး၌ တည်လတ္တံ့။

ထိုမဏ္ဍာပ်ခေါင်းလောင်းတို့၏ အသံဖြင့် ကြားနှံ့၍ ဘုရားကြွလာတော်မူပြီဟု လူ,နတ်,နဂါးတို့သည် ဆွမ်းလုပ်ကျွေးလတ္တံ့။ ဆွမ်းအကျိုး အနုမောဒနာတရား ဟောသော အသံကား စကြာဝဠာတတိုက်လုံး ကြားလတ္တံ့။ လူတို့သည်လည်း မိမိအိမ်၌နေ၍ ဟောသကဲ့သို့ ကြား၍

၂၇၀၈၉

ငှင်း, ဘုရား၏ တင့်တယ်ခြင်းကို မြင်၍ငှင်း ဘုရားကိုသာ ကိုးကွယ်ရာ ဖြစ်သော ပဥ္စသီလစသော သီတင်းသီလ ကမ္မဋ္ဌာန်းကို ဆောက်တည်၍ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့။

ချစ်သား သာရိပုတ္တရာ···· ထိုရောအခါ ဒိဋ္ဌိတက္ကတွန်း ရဟန်းတို့ သည်လည်း မရှိလတ္တံ့၊ လူတို့သည် ဆယ်ပါးသော ပုညကြိယာဝတ္ထုတို့ ဖြင့်ငှင်း, ဝိပဿနာသို့ရောက်၍ငှင်း, သာသနာတော်ကို သုတ်သင်ပြုစု ၍ငှင်း, နတ်ပြည် ဗြဟ္မာ့ပြည်သို့ချည်း ရောက်လတ္တံ့၊ ထိုအခါဖြစ်သော လူတို့သည် စည်းစိမ်ချမ်းသာ အခြံအရံနှင့် ပြည့်စုံကုန်၏၊ ကြောင့်ကြ စိုးရိမ်ခြင်းမရှိ၊ ချမ်းသာစွာ အသက်မွေး၍ နေကုန်၏၊ နတ်ပြည်ကဲ့သို့ ရှိလတ္တံ့။

**နိဗ္ဗာန် စံဝင်ခြင်း**

အရိမေတ္တေယျ ဘုရားကား *သက်တော် ရှစ်သောင်း စေ့လေသော် တရားဟူသော ဆီမီးကိုသာ ထွန်းခဲ့၍ တရားဟူသော မဂ္ဂင်လှေကို လူ့,ရဟန်းတို့အား ကူးစိမ့်သောငှါ ထားခဲ့၍ သာသနာတော်ကား အနှစ် သုံးသိန်း ရှစ်သောင်း ထားလတ္တံ့၊ ချစ်သား သာရိပုတ္တရာ····မေတ္တေယျဘုရား ကား တပည့်အပေါင်းနှင့် ကျွတ်ထိုက်သော လူ နတ်တို့၏ ကိလေသာ ဟူသော မှောင်ကို ဖျောက်၍ သဗ္ဗညုတဉာဏ် ဟူသော အလင်းကို ထွန်းခဲ့၍ ဝိပါကကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်လေအံ့သတည်း၊ အရိမေတ္တေယျဟူသော ဝေါဟာရကိုသာ လူတို့ဆို ရကုန်လတ္တံ့သတည်း။

**ဖူးမြင်လိုသူတို့ ကျင့်သုံးရန်**

အရိမေတ္တေယျ ဘုရားကို ဖူးမြင်လိုသော သူတို့သည် သာသနာတော်၌ ကောင်းစွာ ရဟန်းပြု၍ ငါ၏ အဆုံးအမတော်ကို ခံပေသောသူ, သားကို ကောင်း စွာ ရဟန်းပြုပေးသောသူ,သား,မြေး,မြစ်တို့ကိုငှင်း,သူတပါးတို့ကိုငှင်း

---

* ဘုရားသခင်တို့ တည်နေတော်မူသည့် သက်တော်များကိုပြဆိုရာ၌ လူတို့ အသက်တမ်းကို ငါးစုပြု၍ လေးစုသာနေတော်မူမြဲ ဓမ္မတာရှိကြောင်း -မဟာပရိ နိဗ္ဗာနသုတ် အဋ္ဌကထာစသည်တို့၌ မိန့်ဆိုသည်များကိုထောက်၍ လူတို့အသက် တမ်းအတိုင်း သင်္ချာအရေအတွက်မှတ်၍ ဆိုသော်လည်း ဆိုတိုင်းမယူရ၊ ငါးစု ပြု၍ လေးစုသာတည်နေသည်ဟု ယူရာသည်။

ရဟန်းပြုပေးသောသူ, မိခင်ဘခင်တို့ကို ရှိသေစွာ လုပ်ကျွေးသောသူ, ပဥ္စသီလ ဆောက်တည်သောသူ, သရဏဂုံ မပြတ်ဆောက်တည်သောသူ, ကမ္မဋ္ဌာန်းဘာဝနာကို မပြတ်ဆောက်တည်သောသူ, ငါ၏သာသနာတော် တည်စိမ့်သောငှါ စည်းခုံ, ပုထိုး, စေတီ, ဥမင်, လိုဏ်ခေါင်း,ဇရပ် ပြုပြင်သောသူ, ဗောဓိညောင်တော်ကို စိုက်ပျိုးသောသူ, စတုဒိသာကျောင်း- ဇရပ်ဆောက်သောသူ, ရေတွင်း- ရေကန်- ရေအိမ်- တံတား ပြုသောသူ, ပိဋကပါတ်ဆွမ်းလောင်းသောသူ, ထီး- တံခွန်- ဆီမီး- ကြာပန်းလှူသောသူ, ရဟန်းတို့အား ပစ္စည်းလေးပါးလှူသောသူ, ညောင်ရေသွန်းလောင်းသောသူ၊ ထိုသို့ ပူဇော်လှူဒါန်းသော သူတို့သည် အရိမေတ္တေယျဘုရားကို ဖူးမြင်ရကုန်လတ္တံ့။

မေတ္တေယျအနာဂတဝင် ပြီး၏။

# ဒသဗုဒ္ဓအနာဂတဝင်

## ၁။ အရိမေတ္တေယျဘုရားအကြောင်း

**အသက်တမ်း ဆုတ်ပုံတက်ပုံ** အခါ တပါးသောနေ့၌ ဘုရားမြတ်စွာသည် ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်၌နေတော်မူသော အခါ အရှင် သာရိပုတ္တရာသည် ဘုရားမြတ်စွာကို နားတော်လျှောက်၏၊ "အရိမေတ္တေယျ ဘုရားမြတ်စွာသည် အဘယ်နံ့ရောကာလ၌ ဖြစ်လတ္တံ့နည်း" ဟူ၍ နားတော်လျှောက်သည်ရှိသော်–လူတို့အသက်တရာတမ်း,တရာကသည်ကိုးဆယ်,ကိုးဆယ်ကသည် ရှစ်ဆယ်, ရှစ်ဆယ်ကသည် ခုနစ်ဆယ်, ခုနစ်ဆယ်က သည် ခြောက်ဆယ်, ခြောက်ဆယ်ကသည် ငါးဆယ်, ငါးဆယ်ကသည် လေးဆယ်, လေးဆယ်ကသည် သုံးဆယ်,သုံးဆယ်ကသည် နှစ်ဆယ်, နှစ်ဆယ်ကသည် တဆယ်သာ နေလတ္တံ့၊ ငါးနှစ်တွင်း တွင်ပင် အိမ်ထောင်ပြုလတ္တံ့။

တဘန်လူတို့အသက် တက်ပွားပြန်၍ တဆယ်ကသည် နှစ်ဆယ်, နှစ်ဆယ်ကသည် သုံးဆယ်,သုံးဆယ်ကသည် လေးဆယ်, လေးဆယ်ကသည် ငါးဆယ်, ငါးဆယ်ကသည် ခြောက်ဆယ်, ခြောက်ဆယ်ကသည် ခုနစ်ဆယ်, ခုနစ်ဆယ်ကသည် ရှစ်ဆယ်, ရှစ်ဆယ်ကသည် ကိုးဆယ်, ကိုးဆယ်ကသည် တရာ,တရာတသည်နှစ်ရာ,နှစ်ရာကသည် သုံးရာ,သုံးရာကသည်လေးရာ, လေးရာကသည် ငါးရာ, ငါးရာကသည် ခြောက်ရာ, ခြောက်ရာကသည် ခုနစ်ရာ,ခုနစ်ရာကသည် ရှစ်ရာ,ရှစ်ရာကသည် ကိုးရာ, ကိုးရာကသည် တထောင်, တထောင်ကသည် နှစ်ထောင်, နှစ်ထောင်က

---

**မှတ်ချက်။** ။ရင့်မာတကျိပ်ဘုရားရှင်အကြောင်းကိုပြဆိုသော(ဒသဗုဒ္ဓအနာဂတဝင်)ကိုရာမည့်တိုင်းမှ ဆရာတော်တပါးရေးသားသောကျမ်းဟုယူရန်ရှိသည်၊ ထိုကျမ်း၏အဆုံး၌ "ဤနာဂတဝင်ကို ငါတို့ဘုရားပြတ်စွာသည် ရာမညတိုင်း၌ နေတော်မူသောအခါ အရှင်သာရိပုတ္တရာအား ဟောတော်မူ၏" ဟု ဆိုထားလေသည်၊ မေတ္တေယျဘုရားအလောင်း၏ စကြဝတေးမင်း အကြောင်း,ရင့်မာ ဇ–ဆူတို့၏အကြောင်းများသည်အနာဂတဝင် ပါဠိ [illegible] ခြားလာမှုသည်ကို သတိပြုရာသည်။

သည် သုံးထောင်, သုံးထောင်ကသည် လေးထောင်, လေးထောင်ကသည် ငါးထောင်, ငါးထောင်ကသည် ခြောက်ထောင်, ခြောက်ထောင်ကသည် ခုနစ်ထောင်, ခုနစ်ထောင်ကသည် ရှစ်ထောင်, ရှစ်ထောင်ကသည် ကိုးထောင်, တသောင်း, တသိန်း, တသန်း, ကုဋေ, ပကောဋိ, ကောဋိပကောဋိ ဤသို့ တရွေ့တရွေ့တက်ပွားပြန်၍ လူတို့အသက် အသင်္ချေနေလတ္တံ့။

တဘန် လူတို့လည်း သေမှန်း နာမှန်းမသိ၍ ကုသိုလ်တရား၌ မေ့လျော့၍ အသင်္ချေ၊ ပဒုမ, ပကောဋိ, ကုဋေ, တသန်း, တသိန်း, ရှစ်သောင်း အသက်နေရာ လစ္ဆဲတခါ မိုယ်းရွာလတ္တံ့၊ ဤသို့လျှင် ဇမ္ဗူဒီပါကျွန်းအလုံးသည် စည်မျက်နှာကဲ့သို့ ညီညွတ်၍ တောင်ကမ်းဆူးငြောင့်တို့သည် အလိုလိုပျောက်၍ ကြေးမုံပြင်ကဲ့သို့ရှိလိမ့်မည်၊ ယင်းသည့်ကာလတွင် ယောကျ်ားတို့သည် နတ်သားကဲ့သို့, မိန်းမတို့သည်သည်း နတ်သမီးကဲ့သို့ရှိလတ္တံ့၊ အသက်တထောင် ရောက်မှ အိမ်ထောင်ကြလတ္တံ့။

ပွင့်တော်မူရာ ပြည်သည်

ထိုကာလတွင် ကေတုမတီ ပြည်သည် အလျားတဆယ့်နှစ်ယူဇနာ, အနံ ခုနစ်ယူဇနာ, တံခါးလေးမျက်နှာတွင် ပဒေသာပင် လေးပင်စီပေါက်လတ္တံ့၊ မြို့ခုနစ်ထပ်တွင် ရတနာခုနစ်ပါးအတိ ပြီးသော ရတနာထန်းပင် ခုနစ်ပင်ရှိလတ္တံ့၊ မြို့လယ်တွင် ရွှေပြာသာဒ်, ပတ္တမြားပြာသာဒ်, ရတနာခုနစ်ပါးဖြင့်ပြီးသော ပြာသာဒ်သုံးဆောင် ပေါက်လတ္တံ့၊ ဥတ္တရ ကုရုကျွန်းမှ မောင်းမရှစ်သောင်းရံလျက် မိဖုရားလာလတ္တံ့။ စကြဝတေးမင်း ဖြစ်လတ္တံ့၊ စကြဝတေးဆရာကား ပုရောဟိတ်ပုဏ္ဏား– သုဗြဟ္မ ဟုတွင် လတ္တံ့၊ အရိမေတ္တေယျ နတ်သားသည် တုသိတာနတ်ပြည်မှ စုတေ၍ သုဗြဟ္မပုဏ္ဏား မယားဝမ်းတွင် ပဋိသန္ဓေနေလတ္တံ့၊ ဆယ်လလွန်လျှင် ဘွား၍*အနှစ်ရှစ်ထောင် စည်းစိမ်ခံ၍ တောထွက်တော်မူ၍ ဘုရားဖြစ်လတ္တံ့။

ဗောဓိပင်ကား ကံ့ဂေါ်ပင် သန်တောင် † နှစ်ရာ့လေးဆယ်၊ ပင်စည်ကား တရာ့နှစ်ဆယ်၊ ခက်မကိုးဖြာကား တရာ့နှစ်ဆယ်ရှိ၏၊ ဘုရား

---

* အနှစ်တသောင်း † တရာ့နှစ်ဆယ် (မှုကွဲ)

မြတ်စွာ အရပ်တော် အပိုင်းအခြားကား ဘဝါးတော်ကသည် ပုဆစ်ဒူးတော် တွင်ရွေ့ကား သန်တောင် နှစ်ဆယ့်နှစ်တောင်၊ ပုဆစ်တော်ကသည် ချက်တော်တွင်ရွေ့ကား နှစ်ဆယ့်နှစ်တောင်၊ ချက်တော်ကသည် ညှပ်ရိုးတော် တွင်ရွေ့ကား နှစ်ဆယ့်နှစ်တောင်၊ ညှပ်ရိုးတော်ကသည် သင်းကျစ် မဏိတော် တွင်ရွေ့ကား နှစ်ဆယ့်နှစ်တောင်၊ မဏိတော် ရောင်လျှံတော်နှင့် တကွ သန်တောင် ရှစ်ဆယ့်ရှစ်တောင်၊ ဘဝါး လှမ်းတိုင်း လှမ်းတိုင်းသော ကြာပွင့်၏ ပွင့်ချပ်ကြီးကား အတောင် သုံးဆယ်၊ ပွင့်ချပ်ငယ်ကား နှစ်ဆယ့်ငါးတောင်၊ ကြာဝတ်ဆံကား အတောင်နှစ်ဆယ်၊ အလယ်ချက်ကား တဆယ့်ခြောက်တောင်၊ အရောင်တော်ကား နေ့ ည္ဌ မသိ အလွန် တောက်ပလိမ့်မည်၊ မိုးသောက်မှန်း, မိုးချုပ်မှန်း မသိ ဖြစ်လိမ့်မည်၊ ပန်းပွင့်သည်ကို မြင်မှ နံနက်အခါ ဟူ၍ သိလတ္တံ့၊ ပန်းညှိုးသည်ကို မြင်မှ ညအခါ ဟူ၍ သိလတ္တံ့။

**အရောင်တောက်ခြင်း အတိတ်အကြောင်း** ဘုရားမြတ်စွာကို အရှင်သာရိပုတ္တရာ ဤသို့နားတော် လျှောက်၏၊ "အရိမေတ္တေယျ ဘုရားမြတ်စွာသည် နေ့ညဉ့်မပြတ် အရောင် အဘယ့်ကြောင့်တောက်ပသနည်း၊ အဘယ်ကုသိုလ်ကောင်းမှု ဖြစ်သနည်း"ဟု လျှောက်ပြန်သော်- မြတ်စွာဘုရား ဤသို့မိန့်တော်မူ၏၊ "ရှေးဘဝ အတိတ်ကား- ဇမ္ဗူဒီပ နဂိုရ်ပြည် သိရိမန္တ ဘုရားလက်ထက်၌ သင်္ခစကြဝတေးမင်း ဖြစ်သော အခါ မြို့အလျားကား သုံးဆယ့်ခြောက်ယူဇနာ, တံခါးလေးတံခါးတွင် ပဒေသာပင် လေးပင်စီပေါက်၏၊ ဘုံခုနစ်ဆင့် အဆောက်ကား နှစ်ဆယ့်ငါးယူဇနာ, အနံ ခုနစ်ယူဇနာရှိသော နတ်ဘုံ၌စံစား၍ သိရိမန္တ မြတ်စွာဘုရားကား မြို့မှ တဆယ့် ခြောက်ယူဇနာရှိသော အရပ်၌ နေတော်မူ၏၊ ဘုရားမြတ်စွာရှိသော အဖြစ်ကိုလည်း စကြဝတေးမင်း မသိ၊ မင်းကြီးလည်း ဤသို့ ဆုတောင်း၏။

"ငါ့ကို ဘုရား, တရား, သံဃာ သည် မည်သည့်အရပ်မှာ ရှိ၏ဟူ၍ နားတော်လျှောက်ပေမူကား ထိုသူကို စကြဝတေးမင်းအရာကို ပေးရာ၏"-ဤသို့ ဆုတောင်းပတ္တနာပြု၍ ရတနာပလ္လင်၌ ဓိဋ္ဌာန်၏။

**စကြဝတေးမင်း နှင့် သာမဏေ**

ထိုကာလတွင် ဘုရားမြတ်စွာတပည့် သာမဏေတပါး သည် မြို့သို့ ရောက်လာ၏၊ ဗိုလ်လူများလည်း ဘီလူး မှတ်၍ ပဘ်ခတ်ကြကုန်၏၊ သာမဏေလည်း ကြောက် လန့်သဖြင့် နန်းတော်ရှေ့သို့ ရောက်လေသော် စကြ ဝတေးမင်းသည်လည်း သာမဏေကို မေးလေ၏၊ အို လုလင်···· သင်ကား-နတ်လော, လူလော၊ အဘယ်သူနည်း''ဟု မေးတော်မူ လေ၏၊ ငါကား-သာမဏေ''ဟု တွင်သတည်း၊ ''အဘယ့်ကြောင့် သာမဏေတွင်သနည်း''ဟု မေး၏၊ ''တရားမင်းမြတ်····ဒသသီလ စောင့်သောကြောင့် မကောင်းမှုကင်း၍ သာမဏေ ခေါ်သတည်း''။

သာမဏေစကားကိုကြားလျှင် ငါ-သာမဏေခြေကို ဦးတင်မည် ဟူ၍ နန်းတံခါးကို ကျော်လေ၏၊ ပီတိသောမနဿ ဖြစ်သောကြောင့် အောက်သို့ ရောက်မှန်းမသိ ရောက်လေ၏၊ လှည်းဘီးလောက်ရှိသော ကြာပဒုမာနှစ်ပွင့်သည် စကြဝတေးမင်းကို ခံလေ၏၊ ကြာပွင့်ထက်၌ နေလေ၏၊ သာမဏေ၏ခြေကို ဦးတင်၍ ''သာမဏေသာ မြတ် သလော, သာမဏေထက် မြတ်သည့်သူ ရှိသလော''ဟု မေးလျှင် ''ငါ့ဆရာ ဘုရားမြတ်စွာရှိသေး၏''ဟု ဆိုပေ၏၊ ''အဘယ်အရပ်မှာ ရှိတော်မူလေသနည်း''ဟု မေးလျှင် ''သည်ပြည်မှ တဆယ့်ခြောက် ယူဇနာရှိသော ပုဗ္ဗာရုံကျောင်းတော်၌ နေတော်မူ၏ဟု ဆိုပေ၏။

အို-သာမဏေ····မြတ်စွာဘုရားရှိရာသို့ ငါသွားတော့မည်၊ ဤသို့ဆို ပြီးမှ သာမဏေလက်ကိုကိုင်၍''စကြဝတေးမင်း စည်းစိမ်ကို သာမဏေ ခံတော်မူ''ဟူ၍ ရေစက်ချ၍ သာမဏေအား နန်းစည်းစိမ်ကို နှင်း၍ စကြဝတေးမင်းလည်း မြတ်စွာဘုရားထံသို့ သွားလေ၏။

**ဘုရားနှင့် စကြဝတေးမင်း**

တနေ့သွားလျှင် ခြေဘဝါး ရောင်လေ၏၊ နှစ်နေ့ သွားလျှင် ခြေဘဝါး ပေါက်လေ၏၊ ဘဝါးနှင့် မသွားတတ်လျှင် ပုဆစ်ဒူးနှင့် သွားလေ၏၊ လေး ရက်သွားလျှင် ပုဆစ်ဒူးနှင့်လက် သွေးထွက်လေ၏၊ ဘယ်သို့လျှင် ဘုရား မြတ်စွာထံသို့ ငါရောက်ပါမည်နည်း ဟူ၍ ကြောင့်ကြစိုးရိမ် မကြံနိုင် ပြီးသော် ရင်နှင့်သွားတော့မည် ဟု ကြံ၏၊ ယိုသို့ ကြံသည့်အခိုက် သန်း

ခေါင် အခါတွင် ညာဏ်တော်ဖြင့် စကြဝဠာ တခွင်လုံးကို ဘုရား မြတ်စွာ ကြည့်တော်မူလတ်သော် ထိုမင်း၏ အကြောင်းကို မြင်တော် မူလေ၏။

"ဤစကြဝတေးမင်းသည် ငါ့ကိုဖူးမြင်လိုသည်၊ပင်ပန်းဆင်းရဲ လေစွတကား၊ ငါမသွားသော် ငါ့ထံသို့ရောက်ခင် လွန်တော့ မည်"ဟူ၍ အသက်ကြီးအယောင် ဖန်ဆင်းတော်မူ၍ လှည်းစီး၍ မင်းကြီးထံလာတော်မူ၏၊ ထိုမင်းကြီးလည်း "လှည်းသခင် အသက်ကြီး....ငါ့ကိုလွှလော့၊ ငါ့ကိုနင်းမိမည်" ဟူ၍ ဆို သတည်း၊ မင်းကြီးသည် "သင်အဘယ်သို့ သွားမည်နည်း" ဟု မေး၏၊ "ငါ့အရပ်သို့ သွားမည်"ဟု အသက်ကြီး ဆိုပြန်၏၊ "သင်မူကား သင့်ရွာသို့ သွားလိမ့်မည်၊ ငါမူကား ဘုရား မြတ်စွာထံတော်သို့ သွားမည်"ဟူ၍ မင်းကြီးဆို၏၊ "အို–မင်း ကြီး....ဘုရားမြတ်စွာလည်း ငါ့ဆရာ ငါပို့တော့မည်" ဟု ဆိုလျှင် ကောင်းပြီဟု ဆို၏၊ လှည်းစီး၍ လိုက်လေ၏။

ထိုကာလတွင် သုဇာတာနတ်သမီးသည် စကြဝတေးမင်း ပင်ပန်းသည် ကို သိမြင်၍ ထမင်းထုပ်ယူပြီးလျှင် မိန်းမအယောင်ဆောင်၍ ဘုရား မြတ်စွာအထံသို့ရောက်လေ၍"အသက်ကြီး ထမင်းထုပ်ကို အလိုရှိသော် ယူလော့"ဆို၏၊ "ငါသော်ကားမလို၊ ငါ့တွင်လူမကျန်းပါ၏၊ ပေးသော် ငါယူ၏"ဟု ဆိုလျှင် ပေးလေ၏၊ ထိုခဏ၌သိကြားမင်းလည်းရေဗူးနှင့် လာပြန်၏၊ "အသက်ကြီး.... ရေကိုလိုလျှင်ယူလော့" ဆို၏၊ "ငါသော် ကားမလို၊ ငါ့တွင်လူမကျန်းပါ၏၊ ပေးသော်ငါယူ၏"ဟု ဆိုလျှင် ပေး လေ၏၊ မင်းကြီးသည် နတ်ထမင်း, နတ်ရေကိုစားသောက်ရလျှင် အနာ အဖျားပျောက်၍ ကျန်းမာတော်မူလေ၏။

ဦးခေါင်းရှု၍ ဆုတောင်းခြင်း

ဘုရားမြတ်စွာလည်း ကျောင်းတော်သို့ မနီးမဝေး ရောက်လျှင်"လုလင် နေရစ်တော့၊ငါ့အလိုအတိုင်း သွားမည်"ဆို၍သွားတော်မူလေ၏၊ကျောင်းတော် တွင် ဘုရားအဖြစ်ဖြင့် နေတော်မူလေ၏၊ မင်းကြီးလည်း ကျောင်းသို့ ဝင်၍ ဘုရားမြတ်စွာကိုမြင်လျှင် သေလယ်ဟောလေ၏၊ နတ်ထမင်း, နတ် ရေကိုစားသောက်ရသောကြောင့် ရှုပြန်၏၊ "မြတ်စွာဘုရား ....ဘုရား

တော်ကို ဟောတော်မူပါသော် အများမဟောပါနှင့် တခွန်းသာ ဟောပါ''ဟု လျှောက်လျှင် ကုသိုလ်ပါရမီကိုဟောတော်မူ၏၊မင်းလည်း ဤမျှ တန့်တော်မူပါဟူ၍ လျှောက်ဆို၏၊ အဘယ့်ကြောင့် တန့်တော်မူပါဟူ၍ နားတော် လျှောက်သနည်းဟူမူကား ''အကျွန်ုပ်ကို အများဟောတော်မူသော် ပူဇော်စရာမရှိ၊ တခွန်းဟောတော်မူသော် ပူဇော်စရာရှိသည်'' ဟူ၍ ဆို၏။

''တရားတော်လည်း မြတ်သည်၊ ငါ့ကိုယ်မှာလည်း ဦးခေါင်းသာ မြတ်သည်''ဟုကြံ၍ လက်သည်းနှင့် လည်တော်ကိုလှီးလျှင် ဖြတ်ထည့်၍ ရဟနာပေါင်းနှင့်တကွ ခေါင်းတော်ကို လက်ဝါးတွင်တင်၍ လှူအံ့''ဟု ကြံပြီးလျှင် ဤသို့ဆုတောင်း၏။

''နောင်ဘဝ ဘုရားဖြစ်သောအခါ ဘုရားမြတ်စွာကဲ့သို့ ဓမ္မစကြာ တရားတော်ကို ငါဟောရလို၏၊ ငါ့ကိုယ်အရောင်သည် နေ့ညဉ့်မပြတ် တောက်ပစေသတည်း'' ဟူ၍ ဆုတောင်းလျက် သစ္စာမိဋ္ဌာန်ပြုပြီး လက်သည်းဖြင့် လည်ကိုရစ်၍ လှီးဖြတ်ကာ ဘုရားမြတ်စွာကို ပူဇော်လေ၏၊ ပူဇော်ပြီးမှ စုတေခလေ၏၊ ဤသို့လှူဒါန်းသောကြောင့် မေတ္တေယျ ဘုရားမြတ်စွာသည် နေ့ညဉ့်မသိ အရောင်အဝါ တောက်လတ္တံ့ ဟူ၍ ငါတို့ဘုရားမြတ်စွာသည် အရှင်သာရိပုတ္တရာကို ဟောတော်မူ၏။

---

## ၂။ ရာမဘုရားအကြောင်း

''သာရိပုတ္တရာ စစ်သူကြီး လကျာ်ရံ.... မေတ္တေယျ ဘုရားမြတ်စွာ နိဗ္ဗာန်ဝင်၍ ဤကမ္ဘာလောင်ပြီးမှ မူလကမ္ဘာဖြစ်လတ္တံ့၊ မူလကမ္ဘာတွင် ဘုရား နှစ်ဆူဖြစ်လတ္တံ့၊ ထိုနှစ်ဆူတွင် ရာမမင်းလည်း ရာမသမ္ဗုဒ္ဓ ဘုရား''ဟူ၍ အလျှင်ဖြစ်လိမ့်မည်။

ဤရာမသမ္ဗုဒ္ဓ ဘုရားမြတ်စွာကား ပါရမီဆယ်ပါးတွင် အဘယ် ပါရမီမြတ်သနည်း ဟူမူကား ရှေးအတိတ်အခါ ကဿပ ဘုရားလက်ထက် လုလင်တယောက်သည် နာရာ ဟူ၍တွင်၏၊ ကဿပဘုရားမြတ်စွာလည်း ခုနစ်ဝါရောက်လျှင် တာဝတိံသာနတ်ပြည်၌ တက်တော်

မှု၍ ဝါတွင်းသုံးလပတ်လုံး မယ်တော်ကို အဘိဓမ္မာခုနစ်ကျမ်းကိုဟော တော်မူပြီးလျှင် တာဝတိံသာမှ သက်တော်မူ၏၊ သတ္တဝါများသည် ကဿပဘုရားရှင်ကို ဖယောင်းတိုင်ဆီမီး တတ်နိုင်သရွေ့ ပူဇော်ကုန်၏၊ နတ်, သိကြား, ဗြဟ္မာတို့သည် ဘုရားမြတ်စွာကိုရံ၍ နေကုန်၏၊ နာရဒ လုလင်မူကား ဤသို့ကြံ၏။

''ဘုရားရှင်ကို တွေ့ရမည် ခဲ့စွတကား-ယခုဘုရားမြတ်စွာကို တွေ့မြင် ရသည်ကား အဘယ်ဆုဖြင့် ပူဇော်ရအံ့နည်း၊ ငါ၏ကိုယ်ကို ဆီမီးတိုင် ညှိပူဇော်တော့မည်''ဟူ၍ ကိုယ်ဝယ်ဝတ်သည့် ပုဆိုးရှိသရွေ့ကို ဆီဆွတ် ၍ ခြေကသည် ခေါင်းတိုင်ရစ်၍ ဆီမီးညှိစဉ်တွင် ဤသို့ ဆုတောင်း၏၊ ''အသက်နှင့် ဆီမီးပူဇော်ရသည့် အကျိုးဖြင့် ဘုရားမြတ်စွာကဲ့သို့ သဗ္ဗညုတဉာဏ် ကို ငါရလို၏''ဟူ၍ ဆုတောင်း၏၊ ကဿပဘုရားရှင် လည်း နာရဒလုလင်ကို ''ဘဒ္ဒကပ်ကမ္ဘာလောင်ပြီးမှ မူလကမ္ဘာဖြစ် လိမ့်မည်၊ ထိုကမ္ဘာတွင် ရာမသမ္ဗုဒ္ဓသည် ငါဘုရားကဲ့သို့ ဖြစ်လိမ့်မည်'' ဟု ဟောတော်မူ၏။

နာရဒလုလင်ကား ကိုယ်ကိုဆီမီးညှိ၍ လှူသည်၊ နေ့ညဉ့်ပတ်လုံး တောက်ပလေ၍ မိုးသောက်လျှင် အရိုးမီးသွေးတို့သည် ကြာပဒုမာ ဖြင့်လေ၏၊ သိကြား, ဗြဟ္မာတို့သည် အံ့ဘွယ်သရဲဟူ၍ အံ့ကြကုန်သည်၊ ဘုရားလောင်းတို့သည်လည်း နောင်သောအခါ ဘုရားဖြစ်အံ့ ဟူ၍ ပူဇော်ကြကုန်၏၊ အို-သာရိပုတ္တရာ····နာရဒလုလင်လည်း ကိုယ်ကို ဆီမီးတိုင်ပြု၍ ဆီမီးညှိရသော အကျိုးကြောင့် ရာမသမ္ဗုဒ္ဓဖြစ်၍ အရပ် တော်ကား—သန်တောင် ရှစ်ဆယ်၊ အသက် ကိုးသောင်း၊ စန္ဒကူးနံ့သာ ဗောဓိဖြစ်လိမ့်မည်၊ မိမိကိုယ်ကိုဆီမီးညှိထွန်းပူဇော်၍ ဆီမီးတညဉ့်လုံး တောက်ပသည့် အကျိုးကား-ကိုယ်ရောင်သည် နေ့ညဉ့်မသိ တောက် လိမ့်မည်၊ အို-ရဟန်းတို့····မိန်းမသော်လည်း ဘုရားမြတ်စွာတွင် ကျွတ်ဆုတောင်းက ရကောင်းလေ၏၊ (ဘုရားမြတ်စွာကား ဒါနပါရမီ မြတ်သည်ကို အရှင်သာရိပုတ္တရာအား ဟောတော်မူပေ၏။)

## ၃။ ဓမ္မရာဇာဘုရားအကြောင်း

သာရိပုတ္တရာ တရားစစ်သူကြီး လက်ျာရံ…ဤ ရာမသမ္ဗုဒ္ဓ နိဗ္ဗာန်ဝင်ယူ၍ လူတို့အသက်ကား ငါးသောင်းနေသော အခါတွင် ပသေနဒီကောသလမင်း ဘုရားဖြစ်လိမ့်မည်၊ အမည်ကား– ဓမ္မရာဇာ ဘုရားဟူ၍တွင်လိမ့်မည်၊ ဘယ်လက္ခဏာနည်းဟူမူကား အရပ်တော် သန်တောင် ခြောက်ဆယ်၊ သက်တော် ငါးသောင်း၊ကံ့ကော် ဗောဓိ ဖြစ်လိမ့်မည်၊ လှမ်းတိုင်းလှမ်းတိုင်းကို ကြာနှစ်ပွင့်ခံလိမ့်မည်၊ နေသော်လည်း ရတနာခုနစ်ပါးဖြင့်ပြီးသော သုံးဆောင်သော နန်းထက်တွင် နေလိမ့်မည်၊ မှီသည်ကား ကံ့ကော်ပင်၊ သတ္တဝါများကား ပဒေသာပင် ဖြင့် အသက်မွေးလိမ့်မည်။

ပါရမီ ဆယ်ပါးတွင် အဘယ် ပါရမီ မြတ်သနည်း ဟူမူကား– ကောဏာဂုံ ဘုရားလက်ထက်၌ လုလင်တယောက်သည် သုဓမ္မာအမည် တွင်၏၊ထိုကစ၍ ရေကန်ကိုစောင့်ရသည်၊ တနေ့တနေ့သော် ကြာပဒုမာ နှစ်ပင် အခ ရသည်ကို ရောင်းသော် ဆန်ခုနစ်လက်ဖက် ရသည်နှင့် အသက်မွေး၏၊တနေ့တွင် ကြာနှစ်ပွင့်ကိုယူ၍ဝင်၏၊ ဘုရားမြတ်စွာသည် သုဓမ္မာလုလင်ကိုမြင်လျှင် ပြုံးတော်မူ၏၊"လုလင်ကားပါရမီဆယ်ပါးကို ဖြည့်သည့်သူ ဘုရားဖြစ်လာမည်တကား"ဟူ၍ သိတော်မူ၍ ပြုံးတော်မူ၏၊ ဘုရားမြတ်စွာလည်း ဆွမ်းခံဝင်တော်မူ၏၊ သုဓမ္မာလုလင်သည် မြင်၍ ဤသို့မေးလျှောက်၏။

"ဘုန်းတော်ကြီးသော တရားမင်းဘုရား…. အကျွန်ုပ်ကား အသိ အကျွမ်းလည်းမဟုတ်၊ အဆွေညာတကာလည်း မဟုတ်၊ အကျွန်ုပ်ကို မြင်လျှင် အဘယ့်ကြောင့် ပြုံးတော်မူသနည်း"၊ ဘုရားရှင်လည်း ဤသို့ မိန့်တော်မူ၏၊ "အိုလုလင်….ငါနှင့် လုလင်သည် တမိတဘ တည်းပင် တည်း၊ အို–တရားမင်းမြတ်ဘုရား…. အကျွန်ုပ်နှင့် ဘုရားမြတ်စွာ တမိတဘ တည်းဟူ၍ မိန့်တော်မူသည်မှာ မဟုတ်တကား"၊ "အို လုလင်….ဘဒ္ဒကပ်ကမ္ဘာကုန်ပြီးမှ မူလကမ္ဘာဖြစ်သောအခါရာမသမ္ဗုဒ္ဓ ဘုရားနိဗ္ဗာန်ဝင်မှ လုလင်သည် ဓမ္မရာဇာ ဘုရားဟူ၍ ဖြစ်လိမ့်မည်၊ ယင်းသို့ကြောင့် ငါနှင့်လုလင်သည် တမိတဘတည်းဟူ၍ ငါဆိုသတည်း။

ယင်းသို့ လုလင်လည်း ဘုရားမြတ်စွာ မိန့်တော်မူသည်ကို ကြားလျှင် အလွန်ဝမ်းမြောက်၍ ဤသို့ဆို၏၊ "ကြာနှစ်ပွင့်အတို့နှင့် နေ့တိုင်းအသက်မွေးသည်၊ ယခုနေ့ အသက်ကို ငါ-မမွေးပြီ၊ ဘုရားမြတ်စွာကို ငါပူဇော်တော့မည်"ဟူ၍ ပူဇော်လေ၏၊ ဘုရားမြတ်စွာသည် ထိုကြာနှစ်ပွင့်ကို ခံတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏၊ သုဓမ္မာလုလင်သည် နေတော်မူသည်ကိုမြင်လျှင် အလွန်ဝမ်းမြောက် ဝမ်းသာရှိ၏၊ ယင်းသို့လျှင် သုဓမ္မာလုလင်လည်း ဘုရားရှင်ကိုယ်တော်တွင် မြူကပ်သည်ဟူ၍ "ကိုယ်တွင်ဝတ်သော ပုဆိုးဖြူကို အကျွန်ုပ် ပူဇော်ရသည့် အကျိုးအားဖြင့် လောကုတ္တရာ တရားကိုးပါး သဗ္ဗညုတဉာဏ်ပညာကို ဘုရားမြတ်စွာကဲ့သို့ အကျွန်ုပ်ပြည့်စုံလို၏"ဟု ဆုတောင်း၍ လှူ၏။

ဘုရားရှင်လည်း ဤသို့မိန့်တော်မူ၏၊ "အို-လုလင် ဒါယကာ....ဆုတောင်းတိုင်းပြည့်စုံစေသော" ဟု မိန့်တော်မူသော ဘုရားရှင် အသံတော်ကို အထက်လည်း ဗြဟ္မာ့ပြည်တိုင်အောင်, အောက်လည်း နဂါးပြည်တိုင်အောင်ကြားလေလျှင် နတ်, ဗြဟ္မာ, နဂါးတို့သည် ဘုရားရှင်အထံတော်သို့ ရောက်လာကုန်၏၊ အဘယ့်ကြောင့်ပြည့်စုံစေသော ဟူ၍ ကောင်းချီးပေးတော်မူသနည်းဟူ၍ ဗြဟ္မာ,နဂါးတို့ မေးလျှောက်ကုန်၏၊ "ဗြဟ္မာ, နဂါးတို့....ဤလုလင်သည် မူလကမ္ဘာတွင် ဘုရားဖြစ်လိမ့်မည်၊ ကြာနှစ်ပွင့်ကို ပူဇော်သော အကျိုးကား လှမ်းတိုင်း လှမ်းတိုင်း ကြာပဒုမာနှစ်ပွင့် ခြေကိုခံလင့်မည်၊ အငတ်အမွတ်ခံသည့် အကျိုးကား သတ္တဝါများတို့သည် မလုပ်မဆောင်ဘဲ ပဒေသာပင် အိမ်တိုင်းပေါက်၍ ဝပြောလိမ့်မည်၊ အလိုရှိသမျှ ဆွတ်ကာယူ, ဆွတ်ကာ ဝတ်စားရမည်၊ ကြာနှစ်ပွင့်ကိုပူဇော်သော အကျိုးကား အသက် ငါးသောင်းနေရလိမ့်မည်၊"ဤသို့ဗြဟ္မာ, နဂါးတို့ကို ဘုရားမြတ်စွာ မိန့်တော်မူ၏။

"သာရိပုတ္တရာ....မေတ္တေယျ ဘုရား, ရာမသမ္ဗုဒ္ဓ ဘုရားကို မဆိုသော်လည်း ဓမ္မရာဇာဘုရားဝယ် ကျွတ်ဆုတောင်းကြလော့"၊ ဤသို့လျှင် ဒါနပါရမီကို ချီးမွမ်းတော်မူ၏၊ တရားမင်း ဘုရားမြတ်သည် အရှင်သာရိပုတ္တရာအား ဟောတော်မူ၏။

## ၄။ ဓမ္မသာမိ ဘုရားအကြောင်း

သာရိပုတ္တရာ စစ်သူကြီးလက်ျာရံ····ဤကမ္ဘာလောင်ပြီးသော် သာရကမ္ဘာဖြစ်ပေါ်လျှင်* အဘိဘူနတ်မင်းသည် ဘုရားဖြစ်လတ္တံ့၊ ဓမ္မသာမိ ဘုရား အမည်တွင်လိမ့်မည်၊ အဘယ်သို့သော လက္ခဏာနည်း ဟူမူကား အရပ်တော် သန်တောင် ၅၈ဆယ်၊ တန်ခိုးအာနုဘော်ကြောင့် အတိုင်းမသိသော အရောင် ထွန်းပလိမ့်မည်၊ နေလတို့၏အရောင်သည် ဗိုးမြေမြူးမျှသာရှိလိမ့်မည်၊ ဘုရားမြတ်စွာ သွားတော်မူတိုင်း ထီးဖြူတယူဇနာဖြန့်၍အုပ်လိမ့်မည်၊သက်တော် တသိန်းနေလိမ့်မည်၊အင်ကြင်းပင် တွင်ပွင့်လိမ့်မည်၊ လူတကာတို့သည် ရွှေအိုးများတွင် ယူ၍ အသက်မွေးလိမ့်မည်။

ပါရမီဆယ်ပါးတွင် ဘယ်ပါရမီမြတ်သနည်း ဟူမူကား– ကဿပ ဘုရားလက်ထက်၌ မာရ်နတ်သားသည် ဗာရာဏသီ မင်းကြီးထံတွင် ဗောဓိ ဟူသော အမည်ဖြင့် အမတ်ကြီး ဖြစ်လေ၏။ ကဿပဘုရားမြတ်စွာသည် ဖလသမာပတ် ဝင်စားတော်မူ၍ ဖလသမာပတ်မှ ထတော်မူလျှင် ဇေတဝန်ကျောင်းတော်တွင် နေတော်မူသော အခါ၌ ဗာရာဏသီမင်းကြီးသည် ဘုရားမြတ်စွာ ဖလသမာပတ်မှ ထတော်မူသည်ကိုသိ၍ နက်ဖြန် ငါကား သူတပါးမလှူခင် လှူမည်ဟူ၍ စည်လည်စေ၏၊ ဆင်မြင်းဗိုလ်ပါနှင့်တကွ တဆယ့်ငါးထပ် ဇေတဝန် ကျောင်းတော်ကို ရံရ၏။

ထိုကာလလျှင် အမတ်ဗောဓိသည် ဤသို့ကြံ၏၊"ဘုရားမြတ်စွာသည် ဖလသမာပတ်မှ ထသည်ကို ငါဆွမ်းလှူရသော် အကျိုးကြီးမြတ်၏၊ ငါ၏ အသက်ကိုမရေတွက်ပြီ၊ နက်ဖြန် ငါဆွမ်းလှူမည်" ဟူ၍ ထမင်းထုပ်ပုဆိုးတထည်ကိုယူ၍ ဇေတဝန်ကျောင်းသို့ ဝင်လေ၏၊ စစ်သည်ဗိုလ်ပါများလည်း ဗောဓိအမတ်ကို မြင်လျှင် "အို-အမတ်····ဘယ်သို့သွားမည်နည်း"ဟု မေး၏၊ ဗောဓိအမတ်သည် ဤသို့ကြံ၏၊ "ဘုရားမြတ်စွာကို မင်းကြီးစေ၍ ပို့မည်ဟူ၍ ဆိုမူကား မုသာဝါဒစကားဖြစ်တော့မည်၊ အမှန်စကားကို ဆိုတော့မည်"ဟူ၍ ဘုရားမြတ်စွာသို့ ဆွမ်းလှူလာသည် ဟု ဆိုလျှင် စောင့်သူ စစ်သည်များကြား၍ မင်းကား

* မာရ်နတ်သား (မှတ်ချက်)

မပြောပင်မလောဟု ကြား၍ ဗောဓိအမတ်ကို မင်းသို့ဆောင်လေ၏၊ မင်းကြီးလည်း အမျက်ထွက်၍ သူသတ်တို့ကိုခေါ်၍ အမတ်ဗောဓိကို ကွပ်လေလော့ဟုဆိုလျှင် တစပြင်သို့ ကွပ်မည်သို့ ထုတ်လေ၏။

ထိုခဏ၌ ဘုရားမြတ်စွာသည် အမတ်ဗောဓိ အကြောင်းကို သိ၍ အမတ်ဗောဓိသည် ဘေးအန္တရာယ် ဖြစ်ပေတော့မည် ဟူ၍ မဖြစ်ရအောင် အသက်ကြီး အယောင်ဆောင်၍ ဇေတဝန် ကျောင်းတော်က ထွက်၍ အမတ်ဗောဓိထံသို့ ရောက်လျှင် သူသတ်တို့လည်း ဘုရားရှင်ကို သူအိုထင်လေ၏၊ အမတ်ဗောဓိမူကား ဘုရားမြတ်စွာ ထင်လေ၏၊ ဘုရားမြတ်စွာလည်း ဤသို့မိန့်တော်မူလေ၏၊ ဗောဓိအမတ်....ဆွမ်းလှူမည်အလိုရှိသော် လှူလော့-ဟူ၍ မိန့်တော်မူ၏၊ ဆွမ်းတထုပ်ကား ကိုယ့်ဘို့, ပုဆိုးတထည်ကား မယားဘို့ဟူ၍ လှူလေ၏၊ “အသက်ကို စွန့်၍ ငါလှူသောအကျိုးအားဖြင့် သဗ္ဗညုတဉာဏ်နှင့်ပြည့်စုံလို၏”ဟူ၍ ဆုတောင်းလေ၏၊ ဘုရားမြတ်စွာလည်း အမတ် ဗောဓိခေါင်းကို လက်တော်နှင့်ကိုင်၍ ဗျာဒိတ်ထားတော်မူ၏၊ ကျောင်းတော်သို့ရောက်လျှင် လှူသည့်ဆွမ်းထုပ်ကို ဘုဉ်းပေးလေ၏။

သူသတ်သည်လည်း အမတ်ဗောဓိကို ကွပ်မည်ပြုလျှင် မြေကြီးလှုပ်၍ ထီးဖြူစောင့်သောနတ်ဆင်း၍ ပြေးသည်ကိုမင်းကြီးမြင်လျှင် ကြောက်လန့်၍ မြို့တံခါးလေးမျက်နှာကို ပိတ်ရလေ၏၊ အလှူအကျိုးဖြင့် တစပြင်မှာ ဗိမာန်တဆူ, မောင်းမတသောင်း ခြောက်ထောင်, ရွှေအိုးတဆယ့်ခြောက်လုံး, ပဒေသာပင်ပေါက်၍ အမတ်ဗောဓိ စည်းစိမ်ကြီးစွာခံရလေ၏၊ အသက် ငါးထောင် ဘုရားနှင့် နေရလေ၏၊ သာရိပုတ္တရာ....ဗောဓိအမတ်သည် ဆွမ်းတထုပ်, ပုဆိုးတထည်လှူရသောအကျိုးအားဖြင့် ဓမ္မသာမိဘုရားမြတ်စွာဖြစ်သောကာလတွင် သတ္တဝါလူများတို့သည် အလုပ်အဆောင် မလုပ်ဘဲ နမ-သလေးစပါး အလိုရှိတိုင်း စားရလိမ့်မည်၊ ထီးဖြူလည်း သုံးယူဇနာသွားတိုင်း ဖြန့်၍ကာလိမ့်မည်၊ အသက်ကိုစွန့်၍ လှူရသောအကျိုးအားဖြင့် အသက်တသိန်း နေရလတ္တံ့၊ ပါရမီဆယ်ပါးတွင် ဒါနပါရမီအကျိုးကြီးသည်ကို ဘုရားမြတ်စွာသည် အရှင်သာရိပုတ္တရာအား ဟောတော်မူပေ၏။

## ၅။ နာရဒဘုရားအကြောင်း

သာရိပုတ္တရာ စစ်သူကြီး လက်ျာရံ…သာရကမ္ဘာ လောင်ပြီးလျှင် မဏ္ဍကမ္ဘာဖြစ်လတ္တံ့၊ မဏ္ဍကမ္ဘာတွင် ဘုရားနှစ်ဆူ ဖြစ်လတ္တံ့၊ နှစ်ဆူတွင် * ရာဟုအသူရိန် ဘုရားဖြစ်လိမ့်မည်၊ နာရဒ ဘုရားအမည် တွင်လိမ့်မည်၊ အရပ် † သန်တောင် တရာ့နှစ်ဆယ်၊ မဏိတော်ကား ရောင်တော် သန်တောင်နှစ်ဆယ်၊ နေ့, ညဥ့်မသိ ထွန်းတောက်ပလတ္တံ့၊ နေလတို့၏ အရောင်သည် ပိုးမြေမြှုံးမျှသာထင်လတ္တံ့၊ စန္ဒကူးနံ့သာဗောဓိတွင်မှီ၍ ဘုရားဖြစ်လတ္တံ့၊ အသက်တော် နှစ်သောင်းနေလတ္တံ့၊ မြေကြီးသည် ရတနာခုနစ်ပါးဖြစ်လတ္တံ့၊ သတ္တဝါလူများလည်း မလုပ်မဆောင်ဘဲ ဤဘုရားလက်ထက် တန်ခိုးတော်ကြောင့် ဝတ်စားရလတ္တံ့၊ သားတော်ကား နိဂြောဓ, သမီးတော်ကား ဂေါတမီ အမည်တွင်၏၊ သိကုတ္တမင်းသည် "ငါ၏ သား,သမီးများကို အဘယ်သူတောင်း၍ ငါလှူရပါအံ့နည်း"ဟု ကြံ၍နေ၏။

တရံသောအခါ၌ ပုဏ္ဏားရှစ်ယောက်လာ၍ မြို့ကိုအလှူခံ၏၊ မင်းကြီးလည်း ဝမ်းမြောက်၏၊ ရေစက်ချပြီး မြို့ကိုလှူလေ၏၊ လှူပြီးလျှင် မင်းကြီး, မိဖုရား, သား, သမီး လေးယောက်လုံး မြို့ကထွက်၍ ဓမ္မိကတောင်သို့သွား၍ နေလေ၏၊ ထိုဓမ္မိကတောင်တွင် ဘီလူးတယောက်သည် ရမန္တမာအမည်တွင်၏၊ အရပ်သန်တောင် တရာ့နှစ်ဆယ် ရှိ၏၊ ထိုဘီလူးလာ၍ မင်းကြီးရှေ့သို့ ရောက်လေ၏၊ "အို-မင်းကြီး ဘုရားအလောင်း….ငါကား ဘီလူးတည်း၊ သူ့အသက်ကိုသာ စားသည်၊ ယနေ့ ဆင်ခုနစ်စီး, မြင်းခုနစ်စီး, ဒရယ်အစီး နှစ်ဆယ်စားလေပြီ၊ အတော်အမွတ်မပြေသောကြောင့် မင်းကြီးသား,သမီး နှစ်ယောက်ကို ငါ့အားလှူလော့၊ နောင်ဘုရားဖြစ်လိမ့်မည်"ဟူ၍ဆိုလျှင် မင်းကြီးလည်း ဘုရားဖြစ်လိမ့်မည် စကားကို ကြားလျှင် "အို-ဘီလူး….ငါ့မယား, သား,သမီးကို နိဗ္ဗာန်ပစ္စည်းပြု၍မည်"ဟူ၍ ရေကရားကို ကိုင်၍ သား, သမီးနှစ်ယောက်တို့ကို ရေစက်ချ၍လှူလေ၏။

"လှူရသည့် အကျိုးအားဖြင့် ဘုရားသဗ္ဗညုတဉာဏ်နှင့် ပြည့်စုံလို၏၊ နတ်တကာတို့ သာဓုခေါ်ပါ၊ သက်သေပြုပါ"ဟူ၍ ပူလေ၏၊ အလှူ

* ဒီဃသောဏ်မည်သောရာဟုအသူရိန် † ရှစ်ဆယ် (မှုကွဲ)

အာနုဘော်ကြောင့် မြေကသည် ဖြဗ္ဗာပြည်တိုင်အောင် မြေကြီးလည်း လှုပ်လေ၏၊ ဘီလူးသည် မင်းသား မင်းသမီး နှစ်ယောက်လုံးကို မနိုး မဝေး ဘုရားလောင်းရှေ့တွင် လည်ကိုဖောက်ပြီးလျှင် နှစ်ပိုင်းဖြတ်၍ သွေးကိုသောက်လေ၏၊ သွေးကိုသောက်လေပြီးလျှင် အသားကို ဘီလူး စားလေ၏၊ ဤသည်ကို မင်းကြီးမြင်လျှင် စိတ်နှလုံးက "ငါလှူရသည် မြတ်လှ၏" ဟူ၍ ဝမ်းမြောက်၏၊ သာရိပုတ္တရာ....သား, သမီး နှစ်ယောက်ကို လှူသော အကျိုးအားဖြင့် နာရဒ ဘုရားဖြစ်လတ္တံ့၊ အရောင်အဝါလည်း နေ့ညဥ့်မပြတ် တောက်ပလတ္တံ့၊ ဘီလူးစားသော အခါ မျက်နှာမပျက်သော အကျိုးအားဖြင့် ဤ နာရဒဘုရားလက်ထက် တွင် သတ္တဝါလူအများတို့သည် အငတ် အမွတ်မရှိ၊ အဆင်းအဝါ တင့်တယ်စွာ ရှိလတ္တံ့၊ သာရိပုတ္တရာ....မေတ္တေယျဘုရား, ဓမ္မရာဇာ ဘုရားတွင် မကျွတ်သော်လည်း ဤနာရဒဘုရားတွင် ကျွတ်ဆုတောင်း လော့-ဟူ၍ ဤသို့ဘုရားမြတ်စွာသည် ဒါနပါရမီကို ချီးမွမ်း၍ အရှင် သာရိပုတ္တရာအား ဟောတော်မူပေ၏။

---

## ၆။ ရံသိမုနိဘုရားအကြောင်း

သာရိပုတ္တရာ စစ်သူကြီး လက်ျာရံ .... နာရဒဘုရား နိဗ္ဗာန် ဝင်၍ ဤမဏ္ဍ ကမ္ဘာတွင်ပင် ကောသမ္ဗီပြည်၌ * စင်္ကီ ပုဏ္ဏား ဘုရားဖြစ်လိမ့်မည်၊ ရံသိမုနိဘုရား အမည်တွင်လိမ့်မည်၊အဘယ်သို့သော လက္ခဏာနည်း ဟူမူကား၊ အသက်တော် ငါးသောင်း၊ အရပ်တော် သန်တောင် ခြောက်ဆယ်၊ † ညောင်ကြတ်ဗောဓိပင်တွင် ပွင့်လတ္တံ့၊ဘုရား အရောင်သည် နေ့မူကား ရွှေအဆင်း, ညဥ့်မူကား ငွေအဆင်းကဲ့သို့ အရောင်တော်ထွက်တောက်ပလိမ့်မည်၊ တန်ခိုးအာနုဘော်ကြီးသည်။

ပါရမီဆယ်ပါးတွင် အဘယ်ပါရမီ မြတ်သနည်း ဟူမူကား-ကကု သန် ဘုရားလက်ထက် လုလင်ကုန်သည် တယောက်သည် ကုန်ရောင်း ဝယ်မှုကိုတတ်၍ မာဃအမည်တွင်၏၊ ကုန်တခုကို ရောင်းဝယ်ပြုသော် ဆယ်တံပိုးမြတ်သည်၊အိမ်သို့ ပြန်သော် မရောက်မီ လှေနစ်၍ ပျက်လေ၏၊

* ဒေါကာပုဏ္ဏား † ညောင်သခွေပြပင် (မူကွဲ)

တခါကုန်ပြုပြီးလျှင် တခုကိုဆယ်တံပိုး မြတ်ပြန်၏၊ အိမ်သို့ ရောက်လျှင် မိးအားလုံး လောင်လေ၏၊ တခါ ကုန်ပြုသော် တခုကို ဆယ်တံပိုးရ၏၊ သူခိုး ခိုးပြန်လေ၏၊ နောက်တခါ ကုန်ပြုပြန်လေသော် တခုကို ဆယ်တံပိုးရ၏၊ အိမ်သို့ရောက်လျှင် မင်းကေရာဇ် ဖျက်ဆီးလေ၏၊ သုံးလေးကြိမ် ဖျက်ဆီးခဲ့လျှင် ဆင်းရဲဒုက္ခများစွာရှိလေ၏၊ မယားလည်း နှလုံးပူဆာ ရှိလေ၏။

မာဃလုလင်သည် ဈေးသို့ထွက်၍ ကမ္ဗလာတထည်သည် အဘိုးတသိန်းထိုက်၏၊ သည်ကမ္ဗလာနှင့် ရင်းနှီးပါမည်ဟူ၍ ကောသမ္ဗီပြည်သို့ သွားလေ၏၊ လပြည့်နေ့ ရောက်လေ၏၊ ရောက်သောနေ့ လူတကာတို့သည် သဘင်ကစားကြ၏၊ ထိုအခါ ကကုသန်ဘုရား တပည့်တော်ရဟန္တာတပါးသည် နိရောဓသမာပတ်မှ ထ၍ စကြဝဠာတိုက် အလုံးတွင် ဘယ်သူသည်ဆင်းရဲဒုက္ခဖြစ်ဘိသနည်းဟု ကြည့်လတ်သော် မာဃလုလင်ကို မြင်လေ၏၊ မာဃလုလင်လည်း လူများသဘင် ကစားရာသို့ရောက်လေ၏၊ ရဟန္တာဈာန်သမာပတ်ဖြင့် ပျံလာ၏၊ သဘင်ကစားရာရောက်လျှင် လူများသည် နှံသာ,ကွမ်း,လဘက်လှူ၏၊ အလှူမခံလေ၊ မာဃလုလင်မြင်လျှင် "အရှင်ဘုရား .... အဘယ့်ကြောင့် ပူဇော်သည်ကို ခံတော်မမူသနည်း"ဟူ၍ မေး၏၊ ဒါယကာ.... မခံသည်ဟုတ်၏၊ ဒါယကာ လှူလိုသော်ကား ငါခံမည်ဟု ဆိုလျှင် မာဃလုလင်သည် ဤသို့ ကြံ၏၊ "သုံးလေးကြိမ် ငါကုန်ပြုပါသော်လည်း ဆုတ်ယုတ်ခဲ့၏၊ ယခုလျှင် နိဗ္ဗာန်ကုန်ကို ငါပြုတော့မည်"ဟူ၍ တသိန်းထိုက်သော ကမ္ဗလာကို ရဟန္တာအား လှူလေ၏။

"ဤနေရာကမ္ဗလာကို လှူရသောအကျိုးအားဖြင့် သဗ္ဗညုဆုကိုဖြည့်လို၏"ဟူ၍ တောင်း၏၊ ရဟန္တာလည်း အနုမောဒနာပြုပြီး၍ ကောင်းကင်သို့ ကမ္ဗလာသပ္ပါယ်၍ ပျံလေသည်၊ မာဃလုလင်သည် ထိုအလှူအကျိုးအားဖြင့် ဒိဋ္ဌဓမ္မဝေဒနိယဖြစ်၍ ပဒေသာပင် ပေါက်လေ၏၊ မာဃလုလင်သည် နတ်သားကဲ့သို့ စည်းစိမ်နှင့် ခံစားလေ၏၊ ကောသမ္ဗီမင်းလည်း သဘင်ကစား၍ အပြန်တွင် ပဒေသာပင်နှင့် တကွ နတ်သမီးများနှင့် မာဃလုလင်ခံစားရသည်ကိုမြင်လျှင် အမျက်ထွက်၍

ပဒေသာပင်နှင့် တကွ မိမာန်ကိုမီးတိုက်လေ၏၊ မီးသည် ကြာပဒုမာပွင့်ချပ်သာဖြစ်လေ၏၊ မင်းလည်းမြင်၍ အလွန်သည်းစွာ အမျက်ထွက်၍ မာဃလုလင်ကို ခေါ်၍ ရေတွင်နှစ်လေ၏၊ ထိုရေတွင် ကြာပဒုမာပွင့်ခြေကို ခံလေ၏။

ကောသမ္ဘီမင်းလည်း မာဃလုလင်ကို ဖျက်ဆီးသည်၊ မဖျက်ဆီးနိုင်မှ "ဟယ်-လုလင်....ဤသည့် ပဒေသာပင်ကို အသူပေးသနည်း" ဟု မေးလေ၏၊ "အို-မင်းကြီး....ရဟန္တာ ငါ့ကိုပေးသည်" ဟု ဆို၏၊ ရဟန္တာကို ခေါ်ခဲ့ဟူ၍ ဆို၏၊ မာဃလုလင်သည် ရဟန္တာကို တ-လေ၏၊ ထိုရဟန္တာလည်း ဉာဏ်တော်ဖြင့်သိ၍ ကမ္ဘလာဝတ်လျက် တခဏခြင်းပြန်လာ၍ ရောက်လျှင် မင်းကြီးကို ဤသို့ ဆိုပေ၏၊ "အို-မင်းကြီး....မာဃလုလင်ကို အဘယ့်ကြောင့် ရေတွင်နှစ်၍ ညှဉ်းဆဲသနည်း၊ မြို့တွင် လူများတို့ကို ညှဉ်းဆဲ နှစ်ပစ်တော့မည်၊ မင်းကြီးလည်း ကြောက်လန့်စွာ၏၊ အို-လုလင်မာဃ....ယနေ့ကစ၍ ငါ့ညီအရာထား၍ အိမ်ရှေ့မင်းအဖြစ်ပေးတော့မည် ဟူ၍ ဆိုလျက် အိမ်ရှေ့မင်းအရာကို ထားလေ၏၊ သာရိပုတ္တရာ....ကမ္ဘလာ လှူရသောအကျိုးအားဖြင့် ရိသိမုနိဘုရားဖြစ်သောအခါ အရောင်သည် ရွှေအဆင်းကဲ့သို့ ဖြစ်လတ္တံ့၊ ပုဆိုးမရက်ဘဲ ဝါပင်တွင် ပုဆိုးသီးလတ္တံ့၊ သတ္တဝါလူများဆွတ်၍ ဝတ်လတ္တံ့၊ ဤကဲ့သို့ ဘုရားမြတ်စွာသည် အရှင်သာရိပုတ္တရာအား ဟောတော်မူပေ၏။

---

## ၇။ ဒေဝ ဒေဝ ဘုရားအကြောင်း

သာရိပုတ္တရာ စစ်သူကြီး လက်ျာရံ....ဤမဏ္ဍကမ္ဘာလောင်ပြီး၍ မဏ္ဍကမ္ဘာတခု ပေါ်လာလျှင် ဘုရားနှစ်ဆူ ဖြစ်လတ္တံ့၊ နှစ်ဆူတွင်လည်း သုဘပုဏ္ဏားသည် ဘုရားအလျှင် ဖြစ်လတ္တံ့၊ *ဒေဝဒေဝ အမည်တွင်လတ္တံ့၊ အရပ်တော်သန်တောင် ရှစ်ဆယ်†စကားမောဒိပင်၌ ပွင့်လတ္တံ့၊ တန်ခိုးအာနုဘော် အရောင်တော်ကြောင့် သတ္တဝါ လူများတို့သည် ပူမှန်းချမ်းမှန်း မသိလတ္တံ့၊ သက်တော်ရှစ်သောင်းနေလတ္တံ့။

* ဒေဝသုဒေဝ † ကံ့ဂေါ်မောဒိပင် (မူကွဲ)

ပါရမီဆယ်ပါးတွင် အဘယ်ပါရမီ မြတ်သနည်း ဟုမူကား—ကောဏာဂုံ ဘုရားလက်ထက်၌ ဤသုဘပုဏ္ဏားသည် ဆဒ္ဒန်ဆင်ဖြူ ဖြစ်၍ တရံသောအခါ ကောဏာဂုံ ဘုရားတပည့်သားတော် ရဟန္တာတပါးသည် အာယုသင်္ခါရကုန်လျှင် ဆဒ္ဒန်အမည်ရှိသော ရေကန်၌ နိဗ္ဗာန်ဝင်သည်၊ ဆဒ္ဒန်ဆင်မင်းလည်း ရဟန္တာနိဗ္ဗာန်ဝင်သည်ကို မြင်လျှင် အစွယ်နှစ်ချောင်းနှင့် ရဟန္တာကိုပူဇော်မည်ဟု ကြံစဉ် ခဏခြင်းမိဋ္ဌာန်လျှင် နတ်တို့သည် လွှယူခဲ့၍ အစွယ်နှစ်ချောင်းကို နှာမောင်းဖြင့် တိုက်၏၊ အစွယ်နှစ်ချောင်းသည်အရောင်ခြောက်ပါးနှင့်တကွ ဖြစ်၍တချောင်းကိုကား ရဟန္တာအား ခေါင်းအုံးပြုစေ၏၊တချောင်းကိုကားတလားလုပ်၍ အလောင်းတော်ကို ထည့်လေ၏၊ ဦးကင်းဆံကိုဆီမီးညှိ၍ ပူဇော်လေ၏၊ နတ်များနှင့်တကွ ခုနစ်ရက်ပတ်လုံး သဘင်ခံ၍ ခုနစ်ရက်လွန်မှ အစွယ်ခေါင်းအုံးနှင့် အလောင်းတော်ထည့်သည့် တလားကို ဆဒ္ဒန်ဆင်းမင်းခေါင်းတွင်တင်၍ နတ်ပန်း,နံ့သာထင်းနှင့် မီးပူဇော်သဂြိုဟ်၏။

ရဟန္တာ အလောင်းသည် ဆဒ္ဒန်ဆင်မင်း၏ ဦးခေါင်းထက်တွင် မတည်ဘဲ ကောင်းကင်သို့ ပျံလေ၏၊ တေဇောဓာတ် လောင်ပြီးမှ ရဟန္တာဓာတ်တော်အောက်သို့ ရောက်လာ၏၊ နတ်များလည်း ဓာတ်တော်များကို စေတီတည်လေ၏၊ ဆဒ္ဒန်ဆင်မင်းသည် ငါးပါးသော ရှိခိုးခြင်းဖြင့် ပူဇော်၏၊ "နောင်ဘဝသော် ဘုရားသဗ္ဗညုဆုကို ငါဖြည့်စွမ်းလို၏" ဟု ဆုတောင်းလေ၏၊ သာရိပုတ္တရာ····ဆဒ္ဒန် ဆင်မင်းသည် အသက်ကိုစွန့်၍ ပူဇော်ရသော အကျိုးအားဖြင့် ဒေဝဒေဝဘုရားဟူ၍ ဖြစ်သောအခါ အသက်ရှစ်သောင်း နေလတ္တံ့ ဟူ၍ ဟောတော်မူ၏။

---

## ၈။ နရသီဟ ဘုရားအကြောင်း

သာရိပုတ္တရာ စစ်သူကြီး လက်ျာရံ····ဒေဝ ဒေဝ ဘုရား နိဗ္ဗာန်ဝင်ပြီးမှ * တောဒေယျပုဏ္ဏား ဘုရားဖြစ်လတ္တံ့၊ နရသီဟ ဘုရားဟု အမည်တွင်လတ္တံ့၊ အရပ်တော်သန်တောင် ခြောက်ဆယ်၊ အရောင်

---

* အဘိဓ္ဓရာမမင်း (မှုကွဲ)

တော်ကား နေ့ကိုရွှေအရောင်, ညဥ့်ကိုပတ္တမြားအရောင် နေ့ည၌မသိ ထွန်းတောက်ပလတ္တံ့၊ သန္တတ်ဗောဓိပင် တွင် ပွင့်လတ္တံ့၊ အသက်တော် ၅၅ ိသောင်း နေလတ္တံ့၊ ဘုန်းတန်ခိုးအာနုဘော်အားဖြင့် သတ္တဝါလူများ သည် လယ်ယာမလုပ်ဘဲ အလိုလိုစပါးဖြစ်၍ စားရကုန်လတ္တံ့၊ အထက် တယူဇနာ ဗိတာန်ကြက်လျက် ကာလတ္တံ့။

ပါရမီဆယ်ပါးတွင် အဘယ်ပါရမီမြတ်သနည်း ဟူမူကား–ကဿပ မြတ်စွာဘုရား သာသနာတော် အကြားနှင့် ဂေါတမ မြတ်စွာဘုရား သာသနာတော်အကြား၀ယ် တောဒေယျပုဏ္ဏားသည် နန္ဒအမတ်တွင်၍ ကုန်သည်ပြု၍ တရံရောအခါတွင် ပစ္စေကဗုဒ္ဓါတပါးသည် ဆွမ်းခံ တော်မူသည်ကို နန္ဒလုလင်ကုန်သည် မြင်သော် အဘိုးတသိန်း ထိုက် သော ကမ္ဗလာကိုလှူ၍၊ "လှူသောအကျိုးအားဖြင့် သဗ္ဗညုတဉာဏ် နှင့် ပြည့်စုံရပါလို၏" ဟူ၍ ဆုတောင်း၏၊ လှူသည့်ကမ္ဗလာသည် ပစ္စေက ဗုဒ္ဓါ၀တ်သော် ကိုယ်နှင့် အထက်တတောင်, အောက် တတောင်ခြား သည်ကို နန္ဒကုန်သည်မြင်လျှင် "အထက်တယူဇနာ, အောက်တယူဇနာ ကို အစိုးရလို၏" ဟူ၍ ဆုတောင်းလေ၏၊ မိန်းမတယောက်လည်း ပစ္စေကဗုဒ္ဓါကိုမြင်လျှင် "အို-သခင်ဘုရား....အဘယ်က ကြွတော်မူခဲ့ သနည်း" ဟု မေး၏၊ "ဒါယိကာမ....ကုန်သည် နန္ဒအလှူကို ခံလာ သည်" ဟူ၍ ဆိုပေ၏။

ဤသို့ မိန့်တော်မူလျှင် "နန္ဒလုလင်သည် အဘယ်သို့ ဆုတောင်း သနည်း" ဟုမေး၏၊ "မင်းဖြစ်၍ အထက်တယူဇနာ, အောက်တယူဇနာ ကို အစိုးရလို၏" ဟူ၍ ဆုတောင်းသည်ဟု ပြောပေ၏၊ ဒါယိကာမ လည်း ကြားလျှင် ၀တ်သည့်တဘက်ကိုလှူလေ၏၊ "လှူရသောအကျိုး အားဖြင့် နန္ဒလုလင်မင်းဖြစ်သောအခါ မိဖုရားကြီးဖြစ်ရပါလို၏" ဟု ဆုတောင်းလေ၏၊ နန္ဒလုလင်နှင့် တဘက်လှူရသော ဒါယိကာမတို့ တရပ်တည်းအလှူပေးကြ၍ ရှစ်မြှောင့်တပင်တိုင် ရွှေပြာသာဒ်ပေါက် ၍ ပစ္စေကဗုဒ္ဓါရုပ်ကုရေး၍ ထားသည်ကို ယင်းသည့်ဒါယိကာမ မြင် လျှင် စေတနာရှိ၍ မီးပူဇော်လေ၏၊ နှစ်ယောက်လုံး စုတေ၍လေလျှင် တုသိတာနတ်ပြည်မှာ လူတို့အသက် သုံးကုဋေ ခြောက်သန်း စံစား လေ၏၊ နတ်ပြည်မှ စုတေ၍ ပာရာဏသီပြည်တွင် နန္ဒလုလင် မင်းတရား

ကြီးဖြစ်လေ၏၊ တဘက်လျှသော ဒါယိကာမလည်း ထိုပြည်တွင် သူဌေး သမီးဖြစ်လာ၏၊ တသောင်းခြောက်ထောင်သော မင်းမိန်မတို့နှင့်မိဖုရား ဖြစ်လေ၏။

မင်းကြီးလည်း သည်မိဖုရားဘုန်းရှိသည်- မရှိသည် သိစေလို၍ ရွှေလင်ပန်း တသောင်းခြောက်ထောင်၊ တချပ်တချပ်တွင် ထမင်းအပြည့် ထည့်ပြီးမှ "မင်းကြီးဝတ်သည့် လက်စွပ်ကို အမဲနှင့် ထမင်းထဲတွင် မြှုပ်၍ တယောင်တခြမ်းစီ လက်စွပ်ရှိရာ ယူစားစေကုန်၊ ယူ၍စားလျှင် လက်စွပ်ရသည့်သူကို မိဖုရားမြှောက်မည်"ဟု ဆို၏၊ မောင်းမများမရ၊ ရွှေလင်ပန်းတချပ်တွင် မဂ်လာဒေဝ သူဌေးသမီး စားရာမှာ လက်စွပ်ကိုရလေ၏၊ ရမှာဘုန်းရှိမှန်းကိုသိ၍ မိဖုရားကြီး မြှောက်လေ၏၊ မင်းတရားလည်း အထက်တယူဇနာ,အောက်တယူဇနာကို အစိုးရလေ၏၊ ယင်းသို့လူ့ပြည်၌ စံစားလေ၏၊ တောဒေယျပုဏ္ဏားသည် နရသီဟဘုရား ဖြစ်လတ္တံ့ဟူ၍ ဘုရားမြွက်စွာသည် အရှင်သာရိပုတ္တရာကို ဟောတော်မူပေ၏။

---

## ၉။ တိဿဘုရားအကြောင်း

သာရိပုတ္တရာ စစ်သူကြီး လက်ျာရံ....မဏ္ဍကမ္ဘာ လောင်ပြီးလျှင် သုညကမ္ဘာတွင် ဘုရားမပွင့်၊ သုညကမ္ဘာလောင်ပြီးမှ မဏ္ဍကမ္ဘာ ဖြစ်လတ္တံ့၊ ထိုကမ္ဘာတွင် ဘုရားနှစ်ဆူဖြစ်လတ္တံ့၊ ထိုနှစ်ဆူတွင် ဓနပါလဆင်မင်းသည် တိဿ အမည်တွင်၍ ဘုရားအလျှင် ဖြစ်လတ္တံ့၊ အဘယ်သို့သောလက္ခဏာနည်းဟူမူကား သက်တော် ရှစ်သောင်း၊အရပ် တော် သန်တောင် ရှစ်ဆယ်၊ပညောင်ဗောဓိပင် တွင် ပွင့်လတ္တံ့၊ရောင် ခြည်တော်ခြောက်ပါးတို့သည် မီးကဲ့သို့ နေ့ညဥ့်မသိ ထွန်းတောက်ပ လတ္တံ့၊ အောက်ကအရောင်သည် တိမ်တံခွန်ကဲ့သို့ ရှိလတ္တံ့၊ မဏိတော် အရောင်သည် ထီးတထောင်, တံခွန်တထောင်ဆောက်၍ ထားသကဲ့သို့ ထွန်းတောက်ပလတ္တံ့၊ သစ်ပင်ရှိသရွေ့ အထဲအနှစ်အစေးက ကျွဲနို့, နွားနို့ ထောပတ်ကဲ့သို့ ညဥ့်နေ့မသိထွက်သည်ဖြစ်၍ သတ္တဝါလူအများ အသက်မွေးလတ္တံ့။

ဤတိဿဘုရားသည် ပါရမီဆယ်ပါးတွင် အဘယ်ပါရမီ မြတ်သနည်းဟူမူကား- ကောဏာဂုံ ဘုရားလက်ထက်၌ ပါရမီဆယ်ပါးကို ဖြည့်သောကြောင့် စမ္ပာနဂိုရ်ပြည်၌ ဓမ္မရာဇာအမည်တွင်၍ ပြည့်ရှင်မင်းဖြစ်သည်၊ ထိုမင်းတွင် သားယောကျ်ားငါးယောက်ရှိ၏၊ သားအကြီးအမည်ကား ဓမ္မသေနတည်း၊ တယောက်ကား ဘတ္တရတည်း၊ တယောက်ကား ရာမတည်း၊ တယောက်ကားပမာတတည်း၊ တယောက်ကား ဓဇတည်း၊ ထိုသားငါးယောက်တို့တွင်—

၁။ ဓမ္မသေနသည် အလှူဒါနပြု၍ သီလစောင့်သည်။
၂။ ဘတ္တရကား လေးအရာကို တတ်သည်။
၃။ ရာမကား ပန်းနံ့သာ လုပ်တတ်သည်။
၄။ ပမာတကား ရွှေ-ချက်တတ်သည်။
၅။ ဓဇကား မြွေဖြစ်စေသော နာနာရုပ်တတ်သည်။

ထိုငါးယောက်တို့သည် အခြားအခြားတတ်၍ ခမည်းတော်မင်းကြီးလည်း"ငါ့သားတော်ငါးယောက် အရွယ်ရောက်၍ တတ်သိလိမ်မာသည်ကိုမြင်လျှင် နှလုံးဝမ်းသာရွှင်၍ တယောက်အား ပြည်ကိုပေးသော် တယောက်ဝမ်းနည်းမည်"ဟူ၍ ကြံ၏၊ သားငါးယောက်ကိုခေါ်၍ ဆို၏၊ "သင်တို့သည် တပါးပြည်ရွာ သွားလေကုန်၊ တယောက် ယောက်ပညာကြီးသူသည် ငါ့ထံသို့လာရမည်၊ ပြည်ကိုစားစိမ့်မည်"ဟူ၍ဆိုလျှင် ဘဘော်ာစီး၍ တပါးပြည်ရွာသို့ သွားကြလေ၏။

၁။ သမုဒ္ဒရာသို့ရောက်လျှင် လေးတက်သည်ကို ဘတ္တရမြင်၍ "ဤအရပ်တွင် လေးတတ်သူ ရှိမည်မချွတ်ဟူ၍ လေးအတတ်ကို ငါနှင့်ပြိုင်မည်၊ ငါနိုင်လျှင် ခမည်းတော်ပြည်ကို စားမည်"ဟူ၍ လက်နက်နှင့်ရေထဲသို့ ငုပ်လေသော် တခဏခြင်း ငါးကြီးမျိုလေ၏။

၂။ ယင်းကသည် သဘော်ာလှူ့ သန်းခေါင်အခါတွင် သဘော်ာသွားလေသော် ရေနှစ်ဖက်သည် ပန်းကုံးသကဲ့သို့ရှိသည်ကို ရာမမင်းသားမြင်လျှင် "ရေထဲတွင် ပန်းကုံးတတ်သည့်သူ ရှိမည်မချွတ်၊ ငါ့အတတ်နှင့်ပြိုင်မည်၊ ငါနိုင်လျှင် ခမည်းတော်ပြည်သို့ပြန်၍ ပြည်ကိုစားရမည်" ဟူ၍ လက်နက်ကိုကိုင်၍ ရေထဲသို့ငုပ်လေသော် တခဏခြင်း ငါးကြီးမျိုလေ၏။

၃။ ယင်းကာသည် သင်္ဘောလှွင့်ပြန်လေသော် ရေတွင် ထံပိုးမရှိ၊ လင်ပန်းကဲ့သို့ရှိ၏၊ ရေတွင်နေမင်း၏ အရိပ်ကိုပမာတမင်းသား မြင်လေသော် "ရေထဲတွင် ရွှေချက်တတ်သည့်သူ ရှိမည်မချွတ်၊ ငါနှင့်ပြိုင်မည်၊ ငါနိုင်လျှင် ခမည်းတော်ပြည်သို့ပြန်၍ ပြည်ကိုစားရမည်"ဟူ၍ ရေထဲသို ငုပ်လေသော် တခဏခြင်း ငါးကြီးမျိုလေ၏။

၄။ သင်္ဘောလည်း တပါးပြည်သို့ ရောက်ပြန်လေ၏၊ မြို့သို့ဝင်၍ မင်းသားဇဗသည် မြွေအတတ်ကို ငါပြမည်ဟူ၍ လူများအကြားသို့ သွားလေ၏၊ ခမည်းတော်ပြည်မှာ မြွေအယောင်ဆောင်သော်ကား လူအများတို့သည် မင်းသားကစားသည်ကိုမြင်၍ မရိုက်မပုတ်ကုန်၊ သူ့ပြည်မှာမူကား မင်းသားအဖြစ်ကို မသိ၍ မြွေထင်လျက် ရိုက်ပုတ်၍ သေလေ၏။

၅။ ထိုကာလတွင် ရသေ့ရှစ်သောင်းတို့သည် ကောင်းကင်မှ ပျံ၍ မြို့သို့ရောက်လာ၏၊ ဓမ္မသေန ဘုရားလောင်းသည် "အိုရှင်ရသေ့တို့....ဘယ်အတတ်ပညာကိုတတ်၍ ပျံနိုင်သနည်း"ဟု မေး၏၊ "အို-ဒါယကာ....သိတင်းသီလ အတတ်စောင့်သောကြောင့် ပျံနိုင်သည်" ဟူ၍ဆိုလျှင် "အကျွန်ုပ်ပင် ဤပြည်တွင် သီလစောင့်၍ မပျံနိုင်တကား၊ အကျွန်ုပ်ထက် မြတ်သောသူလည်းမရှိ၊ ယခုနေ့ပင်လျှင် ရှင်ရသေ့တို့၏ ကျွန်ခံတော့မည်ဟူ၍ ကျောင်းတော်သို့လိုက်တော့မည်"ဟု ဆိုလျှင် ရှင်ရသေ့တို့လည်း မေတ္တာပြု၍ မင်းသား ဓမ္မသေနလက်ကိုကိုင်၍ ကောင်းကင်သို့ ပျံတက်၍ ဟိမဝန္တာတောသို့ ရောက်လေ၏၊ ရသေ့ရဟန်းပြုလေ၏၊ ကသိုဏ်းပရိကံပြုလျှင် အဘိညာဉ်ငါးပါး, သမာပတ် ရှစ်ပါး ရ၍ ကောင်းကင်သို့ပျံလေ၏၊ မင်းသားရသေ့လည်း "ပျံနိုင်သည့် အတတ်ကို ခမည်းတော်ကိုပြပါမည်"ဟူ၍ ရှင်ရသေ့တို့အား တောင်းပန်းလေ၏၊ ရှင်ရသေ့တို့လည်း သာဓုခေါ်၏။

မင်းသားရသေ့လည်း ကောင်းကင်သို့ ပျံတက်၍ခမည်းတော် စမ္ပာနဂိုရ်ပြည်သို့ရောက်လေ၏၊ ခမည်းတော် ဝမ်းမြောက် ဝမ်းသာရှိ၍ သားလေးယောက်ကိုမေးလျှင် အကြောင်းမျိုးကို ဆိုပေ၏၊ မင်းကြီးလည်း ဓမ္မသေနမင်းကို ပြည်ကိုနှင်းလေ၏၊ နှင်းပြီးမှ ဝတ်သည့်

သက်န်းကို ချွတ်၍ ရပ်ပြီးလျှင် "သက်န်းပေးရာ ရှင်ရသေ့များထံသို့ ပြန်လေလော့၊ ခုနစ်နှစ်မြောက်ရောက်လျှင် သက်န်းငါ့ထံသို့ ပြန်လည်စေသတည်း" ဟု မိဋ္ဌာန်ပြု၍ ကောင်းကင်သို့ ပစ်လျှင် သက်န်းပျံ၍ ရှင်ရသေ့များထံသို့ ရောက်လေ၏၊ မင်းသားဓမ္မသေနလည်း လမ္ပုသဒေဝီမိဖုရားနှင့် စံစားလေ၏၊ သားတယောက်မြင်၍ သွားတတ်လျှင် သမီးတယောက်မြင်ပြန်၍ မင်းမောင်းမမိဖုရား သားသမီးတို့နှင့် တကွ ပင်လယ်မြစ်ပါး ကစားလေ၏၊ မြစ်တွင် ဘီလူးတယောက်သည် သား, သမီး နှစ်ယောက်ကိုမြင်လျှင် ရေကတက်၍ ထိုမင်းကြီး၏ သား,သမီး နှစ်ယောက်တို့ကို စားချင်သည်ဟူ၍ ဘီလူးတောင်း၏၊ "သဗ္ဗညုတဉာဏ်ကိုရလိမ့်မည်၊ နိဗ္ဗာန်ပြည့်ရစေသော"ဟူ၍ဆိုလျှင် ဝမ်းမြောက်ဝမ်းသာရှိ၍ သား, သမီးနှစ်ယောက်ကို လှူလေ၏၊ ဘီလူးလည်း ပင်လယ်မြစ်တွင်ငုပ်၍ ရေထဲမှာစားလေ၏၊ မင်းလည်းမြို့သို့ပြန်လေ၏။

တရံရောအခါ ဓမ္မသေနမင်းသည် မိဖုရားနှင့်တကွ ဆင်စီး၍မြို့ကိုလည်၏၊မြို့တံခါးတွင်လူအိုတယောက်ကိုမြင်လျှင်"ဟယ်-သက်ကြီးအို.... အဘယ့်ကြောင့် ဆင်းရဲဒုက္ခကြီးသနည်း"ဟူ၍မေး၏၊ "အို-မင်းကြီး.... ငါကား မယားသား မရှိ၍ ဆင်းရဲသတည်း" ဟု ဆိုလျှင် မယားမိဖုရားကြီးကို လှူမည်ဟူ၍ ဆင်ထက်က မင်းကြီးသက်၍ မိဖုရားကြီးလက်ကိုကိုင်၍ လှူလေ၏၊ သက်ကြီးအိုလည်း ဆို၏၊ "အို-မိဖုရား.... ငါကား ဆင်းရဲစွတကား၊ အဘယ်သို့ စားရမည်နည်း"ဟု ဆိုသည့်စကားကို အဆင့်အဆင့် ကြားလေသော် မင်းကြီးကို လျှောက်လေ၏၊ မင်းကြီးလည်းမြို့ကို အသက်ကြီးအားလှူလေ၏၊ ထိုခဏတွင် စေတနာရှိ၍ သက်န်းတစုံ ကောင်းကင်ကပျံ၍ မင်းကြီးရှေ့သို့ ရောက်လာလျှင် ရသေ့ပြုပြန်၍ အဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါးတို့ကိုရ၍ ရသေ့ဘို့ထံသို့ ပြန်၍ရောက်လေ၏။

တရံရောအခါ ကောဏာဂုံဘုရားမြတ်စွာ တပည့်တော် ရဟန္တာတပါးသည် ရှင်ရသေ့တို့နေသော အရပ်သို့ရောက်လာ၏၊ ရဟန္တာကိုမြင်လျှင် ရသေ့လည်းဆီကိုဖြတ်၍ပူဇော်လေ၏၊ ဘုရားလောင်းဓမ္မသေနရသေ့လည်း ရဟန္တာနှင့် အတူလိုက်၍ ဘုရားမြတ်စွာအထံသို့ ရောက်

လေ၏၊ မြတ်စွာဘုရားကိုမြင်လျှင် သဒ္ဓါ၍ တရားဟောတော်မူပါဟု လျှောက်၏၊ ရှင်ရသေ့....ဝိနည်း, သုတ်, အဘိဓမ္မာ ဤ သုံးပါးတွင် အဘိဓမ္မာမြတ်သည်၊ သုံးဆယ့်တဘုံတွင် နိဗ္ဗာန်သာ မြတ်သည်၊ ဤသို့ ဟောတော်မူပေ၏၊ တရားတော်ကိုကြားလျှင် ဝမ်းမြောက်၍ ဆုတောင်းသည်ကား—

ကောဏ္ဍာဂမနသမ္ဗုဒ္ဓ၊ နိဗ္ဗာနံ ယာဟိ ပုရတော။
ဗုမိနာ ဇိဝိတဒါနေန၊ ပစ္ဆတော ပဒိဿရော။

ကောဏ္ဍာဂမနသမ္ဗုဒ္ဓ၊ ဘုန်းတော်ကြီးသော ကောဏ္ဍာဂုံဘုရားမြတ်။ ပုရတော၊ အကျွန်ုပ်ရှေ့မှလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့၊ ယာဟိ၊ သွားတော်မူလော့။ ဗုမိနာဇိဝိတဒါနေန၊ ဤခေါင်းဖြတ်၍ပူဇော်ရသော အကျိုးအားဖြင့်၊ ပစ္ဆတော၊ နောက်မှလျှင်၊ ပဒံ၊ နိဗ္ဗာန်ကို၊ ဣဿရော၊ အစိုးရလို၏။ စသည်ဖြင့် ဆုတောင်းပြီးလျှင် လက်သည်းနှင့်လည်ကို ပိုင်းပိုင်း ဖြတ်၍ ပူဇော်၍ စုတေ၍ တုသိတာနတ်ပြည်မှာ စံစားလေ၏။ ဤဓမ္မ သေနမင်းလည်း မိဖုရား,သား,သမီး,မြို့,ဦးခေါင်း၊ ဤသို့စွန့်ခြင်းကြီး ငါးပါးကို လှူရသောအကျိုးအားဖြင့် တိဿဘုရားဖြစ်၍ နေ့ညဥ့်မပြတ် အရောင်တော်တောက်ပလတ္တံ့ဟူ၍ မြတ်စွာဘုရားသည် အရှင်သာရိ- ပုတ္တရာအား ဟောတော်မူပေ၏။

---

## ၁၀။ သုမင်္ဂလဘုရားအကြောင်း

သာရိပုတ္တရာ စစ်သူကြီးလက်ျာရံ.... တိဿဘုရား နိဗ္ဗာန်ဝင် လျှင် ပလလဲဆင်မင်းသည် ဘုရားဖြစ်လတ္တံ့၊ သုမင်္ဂလဟူ၍ တွင်လတ္တံ့၊ အဘယ်သို့သော လက္ခဏာနည်းဟူမူကား—အရပ်တော် သန်တောင် ၅၈ဆယ်၊အရောင်တော်ကား နေ့အခါ ရွှေအဆင်း,ညဥ့်အခါ ငွေအဆင်း ကဲ့သို့ ထွန်းပမည်၊ အသက်တော်ကား— တသိန်း နေလတ္တံ့၊ ကံ့ဝေ ဗောဓိပင်တွင် ပွင့်လတ္တံ့၊ ပဒေသာပင်ပေါက်၍ လူတို့ အသက်မွေး လတ္တံ့။

ပါရမီဆယ်ပါးတွင် အဘယ်ပါရမီ မြတ်သနည်း ဟူမူကား—ဒါန ပါရမီမြတ်သည်ကို ဟောတော်မူပေ၏၊ ကကုသန် ဘုရားလက်ထက်၌

ဤပလလဲဆင်မင်းသည် ပါပုဏ္ဏိစကြာဝတေးမင်းဖြစ်၍ မိဖုရား ရတနာမြတ်ကို ယူချေဟူ၍ စကြာရတနာကို စေလွှတ်လျှင် ဥတ္တရကုရုကျွန်းမှ မိဖုရားရတနာသည် ရောက်လာ၏၊ သားကြီးရတနာ ရောက်လာ၏၊ ဆဒ္ဒန်ဆင်ရတနာကို ယူချေဟူ၍ စကြာရတနာကို စေလိုက်လျှင် တထောင်သောဆင်ရတနာရောက်လာ၏၊ သိန္ဓဝမြင်းရတနာကို ယူချေဟူ၍ စကြာရတနာကို စေလိုက်လျှင် တသောင်းသော မြင်းရတနာ ရောက်လာ၏၊ ပြည်တဆယ့်ခြောက်ပြည်မှ ပရိဏာယကဖြစ်သော သူဌေးကြီးရတနာရောက်လာ၏၊ ဥတ္တရကုရုကျွန်းမှ အောက်မဲညီပွင့် အဆင်းနှင့်တူသော ငါးမျက်စိနှင့်တူသော ပုဆိုးပဒေသာပင် ရောက်လာ၏၊ ရတနာခုနစ်ပါးအတိပြီးသော ထီးဖြူသုံးစင်း ရောက်လာ၏။

ပြည်ကြီး တဆယ့်ခြောက်ပြည်သို့ စေရာမှ ကကုသန် ဘုရားကို တွေ့လေ၏၊ "သခင်ဘုရား....အမည်တော် အဘယ်သို့ တွင်သနည်း" ဟူ၍မေးလေ၏၊ "ဒိုဒါယကာ.... ငါ့အမည်ကား သတ္တာဟူသတည်း၊ အဘယ့်ကြောင့် သတ္တာတွင်သနည်း ဟူမူကား- သုံးဆယ့် တဘုံတွင် သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်သောကြောင့် သတ္တာဟုတွင်သတည်း၊ သုံးဆယ့်တဘုံတွင် အဘယ်တရား မြတ်သနည်း ဟူမူကား-နဝဂုဏ်ကိုးပါးသော လောကုတ္တရာတရား မြတ်သတည်း"ဟု ဟော်တော်မူပေ၏။

၁။ သာရိပုတ္တရာ စစ်သူကြီး လက်ျာရံ .... အဇိတမထေရ်ကား မေတ္တေယျ မြတ်စွာဘုရားဖြစ်လတ္တံ့။

၂။ ရာမမင်းကား ရာမသမ္ဗုဒ္ဓဖြစ်လတ္တံ့။

၃။ ပသေနဒီကောသလမင်းကား ဓမ္မရာဇာ ဘုရားဖြစ်လတ္တံ့။

၄။ အဘိဘူနတ်မင်းကား ဓမ္မသာမိဘုရား ဖြစ်လတ္တံ့။

၅။ ရာဟုအသူရိန်ကား နာရဒဘုရားဖြစ်လတ္တံ့။

၆။ စင်္ကီပုဏ္ဏားကား ရံသိမုနိမည်သောဘုရားဖြစ်လတ္တံ့။

၇။ သုဘပုဏ္ဏားကား ဒေဝဒေဝဘုရားဖြစ်လတ္တံ့။

၈။ တောဒေယျပုဏ္ဏားကား နရသီဟဘုရားဖြစ်လတ္တံ့။

၉။ ဓနပါလဆင်မင်းကား တိဿဘုရားဖြစ်လတ္တံ့။

၁၀။ ပုလလဲဆင်မင်းကား သုမင်္ဂလဘုရားဖြစ်လတ္တံ့။

ဤသို့ အရင့်တကျိပ်သော ဘုရားမြတ်စွာတို့၏ အနာဂတဝင်ကို ငါတို့ ဘုရားမြတ်စွာသည် ရာမညတိုင်း၌ နေတော်မူသော အခါဝယ် အရှင်သာရိပုတ္တရာအား ဟောတော်မူ၏။

[ဒုဋ္ဌဂါမဏိမင်းသည် မေတ္တေယျဘုရားလက်ထက် လက်ျာရံ တပည့်တော်ဖြစ်လတ္တံ့၊ ညီတော်သဒ္ဓါတိဿမင်းသားကား လက်ဝဲရံ တပည့်တော်ဖြစ်လတ္တံ့၊ဒုဋ္ဌဂါမဏိမင်း၏ သားတော် သာလိကုမာရ မင်းသားသည်ကား မေတ္တေယျ သားတော်ဖြစ်လတ္တံ့၊ ဒုဋ္ဌဂါမဏိမင်း၏ ခမည်းတော်ဖြစ်သော ကာကဝဏ္ဏတိဿ မင်းသည်ကား ခမေတ္တေယျ ဘုရားခမည်းတော်ဖြစ်လတ္တံ့၊မယ်တော်ဝိဟာရဒေဝီမိဖုရားသည်ကား မေတ္တေယျဘုရား မယ်တော်ဖြစ်လတ္တံ့-ဟု ရဟန္တာအရှင်မြတ်တို့ ဗျာဒိတ်ကြားတော်မူပုံကို မဟာဝင်ကျမ်း၌ ပြဆိုလေသည်။]

---

## ပွင့်တော်မူမည့် ဘုရားဆယ်ဆူအကြောင်း အကျဉ်းချုပ်

### ၁-အရိမေတ္တေယျဘုရား

ဂေါတမ ဘုရားသခင် သာသနာတော် ကွယ်ပြီးသော် ဤဘဒ္ဒကကမ္ဘာ၌ပင် အဇိတမထေရ်သည် အရိမေတ္တေယျအမည်ရှိသော ဘုရားဖြစ်လတ္တံ့၊ သက်တော်ရှစ်သောင်း, အရပ်တော်အတောင် ရှစ်ဆယ့်ရှစ်တောင်, ကံ့ကော်ပင်ဗောဓိ ဖြစ်လတ္တံ့။

### ၂-ရာမဘုရား

မေတ္တေယျ ဘုရားသခင် သာသနာတော်ကွယ်၍ ကာလရှည်မြင့်သဖြင့် ဤဘဒ္ဒကကမ္ဘာပျက်သည်ရှိသော် ကမ္ဘာတသင်္ချေလွန်၍ မဏ္ဍကမ္ဘာ၌ ရာမဘုရား, ဓမ္မရာဇာဘုရားနှစ်ဆူ ဖြစ်ကုန်လတ္တံ့၊ ထိုနှစ်ဆူတို့တွင် ရာမမင်းသည် ရာမဘုရားဖြစ်လတ္တံ့၊ သက်တော် ကိုးသောင်း, အရပ်တော် အတောင်ရှစ်ဆယ်, စန္ဒကူးနံ့သာပင် ဗောဓိဖြစ်လတ္တံ့။

### ၃-ဓမ္မရာဇာဘုရား

ရာမဘုရားသခင် သာသနာတော် ကွယ်ပြီးသော် ထို ကမ္ဘာ၌ပင် ပစ္စေကနဒီကောသလမင်းကြီးသည် ဓမ္မရာဇာ ဘုရားဖြစ်လတ္တံ့၊ သက်တော် ငါးသောင်း, အရပ်တော် သန်တောင် ခြောက်ဆယ်, ကံ့ကော်ပင် ဗောဓိဖြစ်လတ္တံ့။

### ၄-ဓမ္မသာမိ ဘုရား

ဓမ္မရာဇာဘုရားသခင် သာသနာတော် ကွယ်ပြီး၍ ထိုကမ္ဘာပျက်သည်၏ အခြားမဲ့ဖြစ်သော သာရကမ္ဘာ၌ အဘိဘူ အမည်ရှိသော မာရ်နတ်မင်းကြီးသည် ဓမ္မသာမိဘုရားဖြစ်လတ္တံ့၊ သက်တော် တသိန်း, အရပ်တော် သန်တောင်ရှစ်ဆယ်, အင်ကြင်းပင် ဗောဓိဖြစ်လတ္တံ့

### ၅-နာရဒ ဘုရား

ဓမ္မသာမိဘုရား သာသနာတော် ကွယ်ပြီး၍ ထိုကမ္ဘာပျက်သည်ရှိသော် ကမ္ဘာတသိန်း ဘုရားသုဉ်းပြီးသည်နောက် မဏ္ဍကမ္ဘာ၌ နာရဒဘုရား, ရံသိမုနိဘုရား နှစ်ဆူဖြစ်ကုန်လတ္တံ့၊ ထိုနှစ်ဆူတို့တွင် ဒီဃသောဏိအမည်ရှိသော ရာဟုအသူရိန်သည် ရှေးဦးစွာ နာရဒဘုရားဖြစ်လတ္တံ့၊ သက်သော်နှစ်သောင်း, အရပ်တော် သန်တောင်တရာ့နှစ်ဆယ်, စန္ဒကူးပင် ဗောဓိဖြစ်လတ္တံ့။

### ၆-ရံသိမုနိဘုရား

နာရဒဘုရားသခင် သာသနာတော် ကွယ်ပြီးသည်ရှိသော် ထိုကမ္ဘာ၌ပင် စင်္ကီအမည်ရှိသော ပုဏ္ဏားသည် ရံသိမုနိဘုရားဖြစ်လတ္တံ့၊ သက်တော် ငါးထောင်, အရပ်တော် သန်တောင် ခြောက်ဆယ်,ညောင်ကြတ်ပင် ဗောဓိဖြစ်လတ္တံ့။

### ၇-ဒေဝဒေဝ ဘုရား

ရံသိမုနိဘုရား သာသနာတော်ကွယ်၍ ထိုကမ္ဘာပျက်သည်၏ အခြားမဲ့ဖြစ်သော မဏ္ဍကမ္ဘာ၌ ဒေဝဒေဝဘုရား, နရသီဟဘုရား နှစ်ဆူဖြစ်ကုန်လတ္တံ့၊ ထိုနှစ်ဆူတို့တွင် သုဘပုဏ္ဏားသည် ဒေဝဒေဝ ဘုရားဖြစ်လတ္တံ့၊သက်တော်ရှစ်သောင်း, အရပ်တော် သန်တောင်ရှစ်ဆယ်,စကားပင် ဗောဓိဖြစ်လတ္တံ့။

### ၈—နရသီဟဘုရား

ဒေဝဒေဝဘုရား သာသနာတော် ကွယ်ပြီးသော် ထိုကမ္ဘာ၌ပင် တောဒေယျ ပုဏ္ဏားသည် နရသီဟဘုရား ဖြစ်လတ္တံ့၊ သက်တော် ရှစ်သောင်း, အရပ်တော် သန်တောင်ခြောက်ဆယ်, သခွတ်ပင် ဗောဓိ ဖြစ်လတ္တံ့။

### ၉—တိဿဘုရား

နရသီဟဘုရား သာသနာတော် ကွယ်ပြီး၍ ထိုကမ္ဘာပျက်သည် ရှိသော် ခြောက်ဆယ့်လေးကမ္ဘာဘုရားမဖြစ်၊ ထိုနောက် မဏ္ဍကမ္ဘာ၌ တိဿဘုရား, သုမင်္ဂလဘုရား နှစ်ဆူ ဖြစ်ကုန်လတ္တံ့၊ ထိုနှစ်ဆူတို့တွင် ဓနပါလ-ဟု ဆိုအပ်သော နာဠာဂိရိဆင်သည် ရှေးဦးစွာ တိဿဘုရား ဖြစ်လတ္တံ့၊ သက်တော် ရှစ်သောင်း, အရပ်တော်သန်တောင်ရှစ်ဆယ်, ပညောင်ပင် ဗောဓိဖြစ်လတ္တံ့။

### ၁၀—သုမင်္ဂလဘုရား

တိဿဘုရား သာသနာတော်ကွယ်ပြီးသော် ထိုကမ္ဘာ၌ပင် ပလလဲ ဆင်မင်းသည် သုမင်္ဂလဘုရားဖြစ်လတ္တံ့၊ သက်တော်တသိန်း, အရပ် တော် သန်တောင်ရှစ်ဆယ်, ကံ့ကော်ပင် ဗောဓိဖြစ်လတ္တံ့။

### အကျဉ်းသင်္ဂဟဂါထာ

၁။ မေတ္တေယျော ဥတ္တမော ရာမော၊
ပသေနော ကောသလော ဘိဘူ။
ဒီဃသောဏိစ စင်္ကီစ၊
သုဘော တောဒေယျ ဗြာဟ္မဏော။ ။

၂။ နာဠာဂိရိ ပါလိလေယျော၊ ဗောဓိသတ္တာ ဣမေ ဒသ။
အနုက္ကမေန သမ္ဗောဓိံ၊ ပါပုဏိဿန္တိ နာဂတေ။

၃။ မေတ္တေယျောနာမ ဇိတော၊ ရာမောစ ရာမသမ္ဗုဒ္ဓေါ။
ကောသလော ဓမ္မရာဇာစ၊ ဓမ္မသာမိ ဘိဘူ ဗုဒ္ဓေါ။ ။

၄။ နာရဒေါ ဒီဃသောဏိစ၊ စင်္ကီ ရံသိ မုနိ တထာ။
သုဘောစ ဒေဝဒေဝေါထော၊ တောဒေယျော နရသီဟကော။ ။

၅။ တိဿော နာမ မနုပါလော၊ ပါလိလေယျော သုမင်္ဂလော။
ဧတေ ဒသ ဗုဒ္ဓါနာမ၊ ဘဝိဿန္တိ အနာဂတေ။ ။

၁။ ဥတ္တမော၊ မြတ်သော။ မေတ္တေယျောစ၊ မေတ္တေယျဒင်း။ ရာမောစ၊ ရာမမင်းဒင်း။ ပသေနဒီ ကောသလောစ၊ ပသေနဒီကောသလမင်းကြီးဒင်း။ အဘိဘူစ၊ အဘိဘူမာရ်နတ်မင်းကြီးဒင်း။ ဒီဃသောဏိစ၊ ဒီဃသောဏိအမည်ရှိသော ရာဟုအသူရိန်ဒင်း။ စင်္ကီစ၊ စင်္ကီပုဏ္ဏားဒင်း။ သုဘောစ၊ သုဘပုဏ္ဏားဒင်း။ တောဒေယျဗြာဟ္မဏောစ၊ တောဒေယျ ပုဏ္ဏားဒင်း။

၂။ နာဠာဂိရိစ၊ နာဠာဂိရိဆင်ဒင်း။ ပါလိလေယျောစ၊ ပလလဲ ဆင်မင်းဒင်း။ ဣမေဒသ ဗောဓိသတ္တာ၊ ဤတကျိပ်သော ဘုရားအလောင်း တို့သည်။ အနုက္ကမေန၊ အစဉ်အတိုင်း။ အနာဂတေ၊ နောင်လာလတ္တံ့ သောအခါ၌။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏိဿန္တိ၊ ရောက် ကုန်လတ္တံ့။

၃။ အဇိတော၊ အဇိတ မထေရ်သည်။ မေတ္တေယျော နာမ၊ မေတ္တေယျမည်သော ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ရာမော၊ ရာမမင်းသည်။ ရာမသမ္ဗုဒ္ဓေါ၊ ရာမဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ကောသလော၊ ပသေနဒီကောသလမင်းသည်။ ဓမ္မရာဇာ၊ ဓမ္မရာဇာ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အဘိဘူ၊ အဘိဘူအမည်ရှိသော မာရ်နတ်မင်းသည်။ ဓမ္မသာမိဗုဒ္ဓေါ၊ ဓမ္မသာမိဘုရားသည်။ ဘဝိ–ဿတိ၊ ဖြစ်လတ္တံ့။

၄။ ဒီဃသောဏိစ၊ ဒီဃသောဏိမည်သော ရာဟု အသူရိန်သည် လည်း။ နာရဒေါ၊ နာရဒဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တထာ၊ ထို့မြှ။ စင်္ကီ၊ စင်္ကီပုဏ္ဏားသည်လည်း။ ရံသိမုနိ၊ ရံသိမုနိဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သုဘော၊ သုဘပုဏ္ဏားသည်။ ဒေဝဒေဝေါ၊ ဒေဝဒေဝဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အထော၊ ထို့မြှ။

တောဒေယျော၊ တောဒေယျ ပုဏ္ဏားသည်၊ နရသီဟကော၊ နရသီဟ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

၅။ ဓနပါလော၊ ဓနပါလဆင်သည်။ တိဿောနာမ၊ တိဿမည်သော ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ ပါလိလေယျော၊ ပလလဲဆင်သည်။ သုမင်္ဂလော၊ သုမင်္ဂလဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဗောဓိသတ္တာ ဒွါဒသနာမ၊ ဤတကျိပ်သော ဘုရားတို့မည်ကုန်သည်။ အနာဂတေ၊ နောင်လာလတ္တံ့သောအခါ၌။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။

## ဒသဗုဒ္ဓအနာဂတဝင်ပြီး၏။

---

## ရင့်မာတကျိပ်အကျဉ်းချုပ်လင်္ကာ

* ဘုရားဆုပန်၊ ရင့်မာသန်၊ ကေန်မှတ်ကွဲ့၊ တကျိပ်တဲ့။

၁။ ရှေးဦးအစ၊ မေတ္တေယျ၊ မှတ်ကြလေကွဲ့၊ အလောင်းတဲ့။

၂။ ရာမမင်းကောင်း၊ ဆုပန်တောင်း၊ တကြောင်းမှတ်ကွဲ့၊ အလောင်းတဲ့။

၃။ ကောသလမင်း၊ ကျော်ရှိန်ပြင်း၊ မယွင်းဘူးကွဲ့၊ အလောင်းတဲ့။

၄။ အဘိဘူနတ်၊ ခေါ်တွင်မှတ်၊ သိတတ်စေကွဲ့၊ အလောင်းတဲ့။

၅။ ဒီဃသောဏိ၊ မည်ရှိကျော်ရှိန်၊ တန်ခိုးထိန်၊ သူရိန်နတ်ကွဲ့၊ အလောင်းတဲ့။

၆။ စင်္ကီဟုခေါ်၊ ပုဏ္ဏားကျော်၊ သိမြော်မှတ်ကွဲ့၊ အလောင်းတဲ့။

၇။ သုဘမည်တွင်၊ မောင်လုလင်၊ ရှုမြင်မှတ်ကွဲ့၊ အလောင်းတဲ့။

၈။ တောဒေယျမည်၊ ပုဏ္ဏားသည်၊ တည်ကြည်မှတ်ကွဲ့၊ အလောင်းတဲ့။

၉။ နာဠာဂိရိ၊ ဆင်ဟတ္ထိ၊ သိတတ်စေကွဲ့၊ အလောင်းတဲ့။

၁၀။ ပလလဲဆင်၊ အမည်တွင်၊ ထင်မြင်မှတ်ကွဲ့၊ အလောင်းတဲ့။

* ထိုတကျိပ်တွင်၊ မေတ္တေရှင်၊ ဤခါခင်ဘူးကွဲ့၊ ပွင့်မည်တဲ့။

* အနှစ်ရှစ်သောင်း၊ တွက်သက်ပေါင်း၊ ကောင်းကောင်းမှတ်ကွဲ့၊ သက်တော်တဲ့။

* အနာဂတဝင်၊ ဤကျမ်းတွင်၊ ဆင်ခြင်ရှုကွဲ့၊ တွေ့မည်တဲ့။

## အနာဂတဝင်ဝတ္ထု
## ဤတွင်ပြီးပြီ။

နလာဋမာတုဝင်ဝတ္ထုရေးသားရန်

# တောင်းပန်လွှာ

ဟင်္သာတမြို့ ညောင်ပင်ရွာရပ်နေ ကျောင်းဆရာကြီး မောင်သာတင်ရှိသေလေးမြတ်စွာ ခြေတော်စုံကို ဦးခိုက်၍ လျှောက်ကြား တောင်းပန်ဝံ့ပါသည် ဟင်္သာတမြို့ တာသစ်ရပ် ကြာခံဆရာတော် အရှင်သူမြတ်ဘုရား။

တပည့်တော်တို့သည် ဥပါသကာ, ဥပါသိကာများနှင့် တကွ အရှင်ဘုရားထံ ဆည်းကပ်ကြလျက် ဥပုသ်သီတင်း စောင့်သုံးကြစဉ် အရှင်ဘုရားသည် သီဟိုဠ်ကျွန်းသို့ ဘုရားဖူးရောက်ခဲ့ရာ ဒေသန္တရဗဟုသုတကိုယ်တွေ့အားဖြင့် မြတ်စွာဘုရား၏ စွယ်တော်, ဆံတော်, ခြေတော်ရာ, နဖူးသင်းကျစ်တော် စသည်တို့ကို တပည့်တော်တို့အား နလာဋမာတုဝင်ကျမ်းနှင့် ညှိနှိုင်းလျက် အမြွက်မျှ ဟောတော်မူသောအခါ တပည့်တော်နှင့်တကွ ဥပါသကာ, ဥပါသိကာတို့သည် ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်ကို ရွှင်မြူးလျက် ကြည်နူးသောသဒ္ဓါဖြင့် ဗုဒ္ဓါနုဿတိ ဘာဝနာဖြစ်ရသည်ကို လွန်စွာနှစ်သက် အားရကြပါသည်။

ဆထက်တံပိုး တိုးတက်သောသဒ္ဓါ ပညာဉာဏ်ထွား ပီတိပွါး၍ ရွှင်အားရကြစေခြင်းငှါ ပါဠိဘာသာဖြင့်ရှိသော နလာဋမာတုဝင်ကျမ်းအစဉ်ကို မြန်မာဘာသာဖြင့် စုံလင်စွာသိမြင်ရလျှင် များမြတ်သော ဗုဒ္ဓါနုဿတိတရား လွန်တိုးပွါးကြမည် ဖြစ်ပါသောကြောင့် တပည့်တော်တို့အား ချီးမြှင့်တော်မူသောအားဖြင့် ပါဠိဘာသာ နလာဋမာတုဝင်ကျမ်းအလာကို မြန်မာဘာသာဖြင့် စီစဉ်ရေးသားပါမည့်အကြောင်းကို ဆယ်ဟတ္ထေစုပေါင်း၍ ဝပ်ညောင်းကာ တောင်းပန်အပ်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

မောင်သာတင်
ကျောင်းဆရာကြီး။

# နိဒါန်း

လူနတ်တို့၏ ဆရာ ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည် သတ္တဝါတို့၏ပညာမျက်စိကို ကန်းအောင်ပြုတတ်သော အဝိဇ္ဇာဟုဆိုအပ်သော မိုက်မှောင်ကြီးကို ဉာဏ်တော် တည်းဟူသော ဆေးတော်ဖြင့် သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သော ပညာမျက်စိကို ရစေသဖြင့် မဂ္ဂင်ရှစ်ပါးဟုဆိုအပ်သော ယာဉ်တော်ဖြင့် အမတပုရိ နေပြည်တော်သို့ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး မယုတ်သော ဝီရိယတော်ဖြင့် ဝေ–နေယျသတ္တဝါတို့ကို ပို့ဆောင်တော်မူပြီးသည်နောက် ဗုဒ္ဓကိစ္စတော် ပြီးဆုံးခြင်းသို့ ရောက်သဖြင့် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းတော၌ ပရိနိဗ္ဗာန်စံတော်မူ၏။

ပရိနိဗ္ဗာန်စံတော်မူခါနီး အခါ၌ သတ္တဝါတို့အား မဟာကရုဏာတော် ကြီးမားတော်မူသောကြောင့် ရှေးဘုရားတို့ကဲ့သို့ ဓာတ်တော်ကို တဆူတည်းမဖြစ်မူ၍ အစိတ်အစိတ်ဖြစ်စေရန် ဓိဋ္ဌာန်တော် မူခဲ့သည်အလျောက် ဓာတ်တော်တို့သည် အစိတ်အစိတ်အားဖြင့် ဖြစ်တော်မူ၏၊ ထိုဓာတ်တော်တို့၏ အကြောင်းကို ဖေါ်ပြသောကျမ်းတို့တွင် ဤနလာဋဓာတုဝင်ကျမ်းသည် ပါဝင်၏၊ ဤနလာဋဓာတုဝင် ကျမ်းကိုလည်း ပါဠိဘာသာဖြင့် စီရင်ထားလေသောကြောင့် ပါဠိဘာသာကို မသိမြင်ကုန်သော ဥပါသကာ,ဥပါသိကာတို့ကို သိမြင်နားလည် နိုင်ကြစေခြင်းအကျိုးငှါ ကျောင်းဆရာကြီး ဦးသာတင်သည် တောင်းပန်အပ်သောကြောင့် ဤမြန်မာဘာသာ နလာဋဓာတုဝင်ကျမ်းကို ရေးသားစီရင်လိုက်သည်၊ ဤသို့ စီရင်အပ်သောကျမ်း၌–

(က) ပါဠိအတိုင်း မြန်မာပြန်ဆိုခြင်း,

(ခ) အဓိပ္ပါယ် အကျဉ်းချုပ်၍ မြန်မာပြန်ဆိုခြင်း,

အားဖြင့် နှစ်မျိုးရှိပါ၏၊ ပျက်စီးသော ခေတ်အတွင်း၌ ပေစာမူအများကို မရှာနိုင်သောကြောင့် ရှိရင်းမူနှင့်ရေးသားမှုကား ပေမူပေ့ ကွဲပြားသည်ကို တွေ့ငြားမူကား နှုတ်သက်ရာကို ယူနိုင်ကြ၏၊ မာဂဓကို

မြန်မာပြန်ဆိုရာ ဤကျမ်းစာကို ကြည့်ရှုကြကုန်သော သပ္ပုရိသသူတော်စင် အပေါင်းတို့သည် ဤကျမ်း၌လာသောနည်းကို အတုမှီးကုန်လျက် အချည်းနှီး အချိန်ကို မကုန်စေမူ၍ ဖြိုးဝေသော သဒ္ဓါတရားဖြင့် ဗုဒ္ဓါနုဿတိဘာဝနာတရားကို ပွားများနိုင်ကြစေရန် ရည်သန်၍ ရေးသားလိုက်သတည်း။



# နလာဋဓာတုဝင်ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ

သမ္ဗုဒ္ဓ မတုလံ သုဒ္ဓံ၊ ဓမ္မံ သံဃံ အနုတ္တရံ၊
နမသိတွာ ပဝက္ခာမိ၊ ဓာတုဝံသပကာသကံ။

အတုမရှိ စင်ကြယ် သန့်ရှင်းတော်မူသော လွန်ကဲ ထူးမြတ်သော သူ မရှိသော ဘုရား, တရား, သံဃာ-ဟု ဆိုအပ်သော ရတနာမြတ်သုံးပါးကို ရှိခိုးပြီး၍ ဓာတုဝင်ကို ပြရာပြကြောင်းဖြစ်သော ကျမ်းကို ဆိုပါအံ့။

## ၁။ သီဟိုဠ်ကျွန်းသို့ကြွတော်မူခဏ်း

တိက္ခတ္တုံ မာဂမာ နာထော၊ လင်္ကာဒီပံ မနောရမံ။
သတ္တာနံ ဟိတမိစ္ဆန္တော၊ သာသနဿ စိရဋ္ဌိတိံ။

သတ္တဝါတို့၏ အကျိုးစီးပွားဖြစ်သော သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်းကို အလိုရှိတော်မူသော ဘုရားရှင်သည် မွေ့လျော်ပျော်မွေ့ ဖွယ်ရာရှိသော လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်းသို့ သုံးကြိမ်ကြွလာတော်မူ၏။

ပဌမအကြိမ် ကြွတော်မူခြင်း

ထိုသုံးကြိမ်တို့တွင် ပဌမအကြိမ် ကြွတော်မူခြင်း၏ အကြောင်းကား ဘုရားမဖြစ်မီ အလောင်းတော်သည် ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူပြီးလျှင် အရှေ့မျက်နှာသို့ ရှေ့ရှုနေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်ကို အောင်တော်မူ၏၊ ပဌမယာမ်၌ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏ်တော်ကို ရတော်မူ၏၊ မဇ္ဈိမယာမ်၌ စုတူပပါတဉာဏ်တော်ကိုရတော်မူ၏၊ ပစ္ဆိမယာမ်၌ ဒွါသဗလ, စတုဝေသာရဇ္ဇ အစရှိသော ဂုဏ်တော်တို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသဖြင့် ဘုရား၏အဖြစ် သို့ရောက်တော်မူ၏၊ ထိုဗောဓိမဏ္ဍိုင်၌သာလျှင် ခုနစ်သတ္တာဟ နေတော်မူပြီး၍ အဋ္ဌမသတ္တာဟ၌ အဇပါလ ညောင်ပင်ရင်း၌ နေတော်မူလျက် တရားတော်၏နက်နဲသောအဖြစ်ကို ဆင်ခြင်တော်မူလျက် တရားမဟောလိုသော စိတ်တော်ဖြစ်တော်မူသောအခါ တသောင်းသောပြဟ္မာတို့ဖြင့် ခြံရံအပ်သော သဟမ္ပတိပြဟ္မာမင်းသည် လျှောက်တောင်းပန်အပ်သော ဓမ္မဒေသနာတော် ရှိသည်ဖြစ်၍ ဗုဒ္ဓစက္ခုဖြင့်လောကကို ကြည့်ရှုတော်မူလတ်သော် ပဉ္စဝဂ္ဂီ ရဟန်းတို့၏ ကျေးဇူးများသောအဖြစ်ကို အောက်မေ့တော်မူသဖြင့် နေရာမှ ထတော်မူပြီးလျှင် ကာသိကတိုင်းသို့ ကြွတော်မူ၏။

ဝါဆိုလပြည့်နေ့ ကာသိကတိုင်း ပဉ္စဝဂ္ဂီရဟန်းတို့၏ နေရာသို့ရောက်တော်မူသောအခါ အညာတကောဏ္ဍည အမှူးရှိကုန်သော တဆယ့်ရှစ်ကုဋေကုန်သော နတ်,ပြဟ္မာတို့အား ဓမ္မစကြာတရားတော်ကို ဟောတော်မူလျက် အမြိုက်နိဗ္ဗာန်ကို တိုက်ကျွေးတော်မူ၏၊ (*လဆုတ် ငါးရက်နေ့၌ အလုံးစုံသော ပဉ္စဝဂ္ဂီရဟန်းတို့ကို အရဟတ္တဖိုလ်၌ တည်စေ၏၊) ထိုနေ့-နေ့ညဉ့်အဘို့၌ ယသအမျိုးကောင်းသားအား သောတာပတ္တိဖိုလ်ကို ပေးတော်မူ၏၊ မိုးသောက်သောနေ့၌ အရဟတ္တဖိုလ်ကို ပေးတော်မူ၏၊ရှင်ယသ၏ အဆွေခင်ပွန်း ဖြစ်ကုန်သော ငါးကျိပ် လေးယောက်သောသူတို့ကို အရဟတ္တဖိုလ်သို့ ရောက်စေ၏၊ ဤသို့လျှင် လောက၌ ခြောက်ကျိပ်တပါး ကုန်သော ရဟန္တာတို့သည် ဖြစ်တော်မူကုန်သည်ရှိသော် ဝါကျွတ်၍ ပဝါရဏာပြုပြီးသောအခါ "ရဟန်း

* ပေမူမှယူဆောင်ထည့်သွင်း ပြဆိုထားပါသည်။

တို့····ဒေသစာရီ လှည့်လည်ကြကုန်လော့''ဟု ရဟန်းတို့ကို ထိုထို အရပ်သို့ စေလွှတ်တော်မူပြီးလျှင် ဘုရားရှင်ကားဆူဘည်းသာလျှင် ဉရုဝေလတောသို့ ကြွတော်မူ၏။

ဉရုဝေလတောသို့ မရောက်မီ လမ်းခရီးအကြား ကပ္ပါသိကတောအုပ်၌ ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့ကို ဆုံးမတော်မူပြီးလျှင် ဧဟိဘိက္ခုရဟန်း၏အဖြစ်ဖြင့် ရဟန်းပြုတော်မူ၏၊ ဉရုဝေလတောသို့ ရောက်တော်မူသောအခါ တထောင့်နှစ်ရာ့ငါးဆယ် ကုန်သော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ ဉရုဝေလကဿပ အမှူးရှိကုန်သော တထောင်သော ရသေ့ညီနောင်တို့ကို ဆုံးမတော်မူလျက် ဉရုဝေလတော၌ သီတင်းသုံးတော်မူ၏၊ ထိုအခါ အင်္ဂတိုင်း, မဂဓတိုင်း၌ နေသော သူတို့သည် ဉရုဝေလကဿပအား ပူဇော်ပွဲကြီးသဘင်ကို ပြုလုပ်ကြကုန်၏၊ ဉရုဝေလကဿပသည် ''ဤ ရဟန်းကြီး ဂေါတမသည် အစည်း အဝေး၏ အလယ်၌ တန်ခိုးပြာဋိဟာကို အကယ်၍ ပြငြားအံ့၊ ငါ့အားလာဘ် ပူဇော်သက္ကာရသည် ဆုတ်ယုတ်လတ္တံ့.''ဟု ကြံစည်လေ၏။

ဉရုဝေလကဿပ၏ အကြံအစည်ကို ဘုရားရှင်သိတော်မူသော အခါ နံနက်စောစော မြောက်ကျွန်း၌ ဆွမ်းခံယူတော်မူပြီးလျှင် အနော တတ္တအိုင်၌ ဆွမ်းဘုဉ်းပေးတော်မူပြီး၍ ပြာသိုလပြည့်နေ့ ညနေချမ်း အချိန်၌ သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၏။

ဘီလူးတို့ကို နှင်ထုတ်ခြင်း

ထိုအခါ သီဟိုဠ်ကျွန်း မဟာဂင်္ဂါမြစ်၏ လက်ျာဘက်ကမ်း၌ ရှိသော အလျားသုံးယူဇနာ, အနံတယူဇနာရှိသော မဟာနာဂဝန်ဉယျာဉ်၌ နတ်ဘီလူးတို့၏ အစည်းအဝေးသည် ဖြစ်၏၊ မဟိယင်္ဂဏ စေတီ၏တည်ရာ နတ်ဘီလူးအစည်းအဝေး၏ အလယ်ဖြစ်သော ကောင်းကင်အရပ်၌ ရပ်တော်မူလျက် မိုယ်းကြီးအမိုက်အတိုက်ကို ပြုတော်မူ၍ နတ်ဘီလူးတို့ကို ကြောက်လန့်ခြင်းကို ဖြစ်စေ၏၊ ထိုအခါ နတ်ဘီလူးတို့သည် ကြောက်လန့်ကြသောကြောင့် ''အဘယ်သူ၏ အမှုဖြစ်သနည်း''ဟု ထိုမှ ဤမှ ကြည့်ရှုကြကုန်သည်ရှိသော် ကောင်းကင်၌ နေတော်မူသော ဘုရားရှင်ကို မြင်ကြသောအခါ ဘုရားရှင်အား တောင်းပန်ကြလေ၏။

ဘုရားရှင်ကိုယ်တော်မြတ်သည် "သင်တို့သည် ဘေးရန်မရှိသည်ကို အကယ်၍ အလိုရှိကြကုန်အံ့၊ ငါ့အား နေထိုင်ရာ နေရာကို ပေးကြကုန်"ဟု မိန့်တော်မူ၏၊ နတ်ဘီလူးတို့သည်လည်း ဘုရားရှင်အား နေရာကို ပေးကြကုန်၏၊ ထိုအခါ ဘုရားကိုယ်တော်မြတ်သည် နတ်ဘီလူးတို့၏ ကြောက်လန့်ခြင်းကို ပယ်ဖျောက်တော်မူပြီးလျှင် နတ်ဘီလူးတို့ပေးအပ်သော နေရာ၌ စမ္မခက် ကို ခင်း၍ နေထိုင်တော်မူ၏၊ စမ္မခက်တော်ကို ထက်ဝန်းကျင်မှ တောက်ပစေလျက် သီဟိုဠ်တကျွန်းလုံးသို့ ဖြန့်တော်မူ၏၊ နတ်ဘီလူးတို့သည် ကြောက်လန့်ကုန်သောကြောင့် ထက်ဝန်းကျင် သမုဒ္ဒရာကမ်း၌ အစုအစုအားဖြင့် နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဂိရိဒီပကျွန်းကို တန်ခိုးတော်ဖြင့် ဆောင်တော်မူလျက် ပြတော်မူ၏၊ နတ်ဘီလူးတို့သည် ဂိရိဒီပကျွန်း၌ နေကြကုန်သည်ရှိသော် ဂိရိဒီပကျွန်းကို တဖန် တည်မြဲတိုင်းသော နေရာ၌ ထားတော်မူ၏၊ ဖြန့်ခင်းအပ်သော ရဲရဲတောက်သော စမ္မခက်တော်ကိုလည်း ပကတိအတိုင်း ပြုတော်မူ၏၊ ထိုခဏ၌ ထိုထိုအရပ်မှ နတ်တို့လည်း စည်းဝေးကြကုန်၏၊ ထိုနတ်တို့၏ အစည်းအဝေး၌ တရားတော်ကို ဟောတော်မူ၏၊ ကုဋေမက များစွာသော သတ္တဝါတို့သည်လည်း တရားထူးကို ရကြကုန်၏၊ သရဏဂုံ သီလ၌ တည်သောသူတို့သည်လည်း မရေမတွက်နိုင်ဖြစ်၏။

**ဆံတော်နှင့် လည်ရိုးတော်**

သုမနတောင်၌ နေသော မဟာသုမန နတ်မင်းသည် မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ သောတာပတ္တိဖိုလ်၌ တည်သောအခါ မိမိ၏ ပူဇော်ကိုးကွယ်ရာကို တောင်းလေသော် ဦးခေါင်းတော်ကို လက်တော်ဖြင့် သုံးသပ်တော်မူ၍ ဆံတော်ခတ် ကို ပေးတော်မူပြီးလျှင် သီဟိုဠ်ကျွန်းကို လက်ျာရစ် သုံးကြိမ်လှည့်တော်မူလျက် အစောင့် အရှောက်ကို စီရင်တော်မူပြီးလျှင် ဇမ္ဗူဒိပ်ကျွန်း ဉရုဝေလတောသို့ ကြွလာတော်မူ၏၊ သုမနနတ်မင်းသည်လည်း ဆံတော်ခတ်ကို ရွှေပန်းတောင်းဖြင့် ယူပြီးလျှင် မြတ်စွာဘုရား ထိုင်တော်မူသောနေရာ၌ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော စေတီတော်ကို တည်၍ အထက်၌ ဇန္ဒ

နီလာ ကျောက်ထုပိကာတို့ဖြင့် ပိတ်လျက် ပန်းနှံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် နေလေ၏၊ ထိုစေတီကို မဟိယင်္ဂဏစေတီ ဟု သမုတ်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ ရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော ရှင်သရဘူ အမည်ရှိသော ရဟန္တာ အရှင်မြတ်သည် စန္ဒကူးထင်းပုံတော်မှ တန်ခိုးတော်ဖြင့် မြတ်စွာဘုရား၏ လည်ရိုးတော်ခေါက်ကို ယူတော်မူ၍ * ဤမဟိယင်္ဂဏစေတီ၌ ဌာပနာပြီးလျှင် အဆီခဲအဆင်းနှင့် တူသော မေဒဝဏ္ဏ ကျောက်တို့ဖြင့် လွှမ်းထပ်၍ တဆယ့်နှစ်တောင်ရှိသော စေတီကို တည်တော်မူ၏။

ထိုနောက် ဒေဝါနံပိယတိဿမင်း၏ ညီတော်ဖြစ်သော စူဠာဘယမင်းသားသည် ထိုအံ့ဩဘွယ် ဖြစ်သော စေတီကို အလွန်ကြည်ညိုသောကြောင့် ပကတိသော အုဋ်တို့ဖြင့် လွှမ်းထပ်လျက် အတောင်သုံးဆယ် မြင့်သော စေတီကို တည်စေ၏၊ ထိုနောက် ဒုဋ္ဌဂါမဏိမင်းသည် ထိုစေတီကို လွှမ်းထပ်၍ အတောင်ရှစ်ဆယ် မြင့်သော ရွှေစေတီကို တည်စေ၏။

**ဒုတိယအကြိမ် ကြွတော်မူခြင်း**

ဘုရားဖြစ်တော် မူသည်မှ ငါးနှစ်မြောက်လတ်သော် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော် မူသောအခါ တူ,ဦးရီးဖြစ်ကုန်သော စူဠောဒရနှင့် မဟောဒရ နဂါးတို့၏ ပတ္တမြား ပလ္လင်ကို အကြောင်းပြု၍ စစ်ထိုးကြသည်ကို မြင်တော်မူသော အခါ ကိုယ်တော်တိုင် သပိတ်သင်္ကန်းတော်ကို ယူတော်မူပြီးလျှင် တန်ခူးလကွယ် ဥပုသ်နေ့၌ နာဂဒီပကျွန်းသို့ ကြွတော် မူ၍ စစ်မြေပြင်၏ အလယ်ဖြစ်သော ကောင်းကင်၌ ထက်ဝယ်ဘွဲ့ခွေ နေတော်မူလျက် တိမ်ခိုးတိမ်တိုက်မိုက်မှောင်ကြီးကို ပြုတော်မူ၏၊ ထိုအခါ ကြောက်လန့်ကုန်သော နဂါးတို့ကို ထိုကြောက်လန့်ခြင်းမှ ပျောက်စေလျက် အရောင် အလင်းကို ပြုတော်မူ၏။

မြတ်စွာဘုရားလျှင် ကိုးကွယ်ဆည်းကပ်ရာသို့ ရောက်ကြကုန်သော နဂါးတို့အား ညီညွတ်ကြစေရန် သစ်သီးတို့နှင့် ပြည့်စုံသော သစ်ပင်ကို

---

* ဇုန္နနီလမဏိထူပ ဟူ၍လည်း ဆိုသည်၊ တဆယ့်ရှစ်တောင်ဟု အချို့ဆိုသည်။

ကိုင်၍ လှုပ်သကဲ့သို့ တရားဟောမြွက်ကို ဟောတော်မူ၏၊ ထိုတွင်ဦးရိုး ဖြစ်ကုန်သော နဂါးတို့သည် တရားဟောကို ကြည်ညိုကုန်သည် ဖြစ်၍ ပဇ္ဇမြားပလ္လင် ကို မြတ်စွာဘုရားအား လှူကြကုန်၏၊ မြတ်စွာဘုရားသည် ပလ္လင်ထက်၌ ထက်ဝယ်ဘွဲ့ခွေ နေတော်မူပြီးလျှင် နတ်၌ဖြစ်သောထမင်း အဖျော်တို့နှင့် ပြည့်စုံသော ဆွမ်းကို ဘုဉ်းပေးတော် မူပြီးသော အခါ ကုဋေရှစ်ဆယ်ကုန်သော နဂါးတို့ကို သရဏဂုံသီလတို့၌ တည်စေ၏။

ထို အစည်းအဝေး၌ မဟောဒရ နဂါး၏ ဦးရိုးတော်ဖြစ်သော မဏိအက္ခိက မည်သော နဂါးမင်းသည် ကလျာဏီအရပ်သို့ ကြွလာ တော်မူပါရန် မြတ်စွာဘုရားအား လျှောက်ထားလေ၏၊ မြတ်စွာ ဘုရားသည် ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် သည်းခံတော်မူပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွလာတော်မူ၏။

**တတိယအကြိမ် ကြွတော်မူခြင်း**

ဘုရား ဖြစ်တော်မူသည်မှ ရှစ်နှစ်မြောက်လတ်သော် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူသော အခါ ပရိနိဗ္ဗာန် စံတော်မူပြီးသည်၏ နောက်၌ တမ္ဗပဏ္ဏိကျွန်း၌ သာသနာတော် သည် တည်လတ္တံ့၊ များစွာသော အရိယာ အပေါင်းတို့သည် ဖြစ်လတ္တံ့၊ ငါဘုရား၏ လေးဆူသော စွယ်တော်တို့တွင် တဆူသောစွယ်တော်, လက်ျာညှပ်ရိုးတော်, နဖူး သင်းကျစ်တော်,ရာမရွာ၌ နေသောသူတို့သည် ရအပ်သောဓာတ်တော်, ထိုမှတပါး များစွာသော သရီရဓာတ်တော်, ဆံတော်တို့သည် တည် လတ္တံ့၊ များစွာသော သံဃာ့အာရာမ်တို့သည် ဖြစ်လတ္တံ့၊ (*ကျွန်းသူ ကျွန်းသား လူအများသည် ရတနာ သုံးပါး၌ သဒ္ဓါတရား ပွားများ ကြကုန်လတ္တံ့။)

ထို့ကြောင့် သီဟိုဠ်ကျွန်းသို့ ကြွတော်မူပြီးလျှင် ထိုသီဟိုဠ်ကျွန်း၌ သမာပတ်ချမ်းသာကို ဝင်စားတော်မူခြင်းငှါ သင့်၏ဟု နှလုံးသွင်း တော်မူပြီးလျှင် အရှင်အာနန္ဒာကို "အာနန္ဒာ....ပဉ္စသတ္တဒါဉာဏ် လေးပါးနှင့် ပြည့်စုံ ကုန်သော ငါးရာ ကုန်သော ရဟန္တာတို့ကို ငါဘုရားနှင့် ကြွတော်မူခြင်းငှါ လျှောက်ထားလော့"ဟု မိန့်တော်မူ၏၊

* ပေမှုပ လူကောက်ဖြည့်သွင်း ဖြည့်ဆိုထားပါသည်။

အရှင်မဟာ အာနန္ဒာမထေရ်သည်လည်း ကပိလဝတ်ပြည်, ကောလိယပြည်၌ သီတင်းသုံးတော်မူကုန်သော ငါးရာကုန်သော ရဟန္တာ အရှင်မြတ်တို့အား လျှောက်ထားတော်မူ၏၊ ငါးရာကုန်သော ရဟန္တာ အရှင်မြတ်တို့သည်လည်း သပိတ် သင်္ကန်းကို ယူဆောင်ကြကုန် ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလက်အုပ်ချီကုန်လျက် နေကြကုန်၏။

မြတ်စွာဘုရား၏ သလလဂန္ဓကုဋိ ကျောင်းတော်၏အနီး၌ ကြာမျိုး ငါးပါးတို့ဖြင့် တင့်တယ်သော ရေရှိသော အထူးထူးသော ပန်းတို့ဖြင့် ကောင်းစွာ စီရင်အပ်သော မြေအပြင်ရှိသော ရေကန်သည်ရှိ၏၊ ထိုရေကန်၌ တန်ခိုးကြီးသော သုမန မည်သော နဂါးမင်းသည် တသောင်းခြောက်ထောင်ကုန်သော နဂါးမတို့ဖြင့် ခြံရံလျက် စည်းစိမ်ချမ်းသာကို ခံစားခြင်း,မြတ်စွာဘုရားကို ဖူးမြင်ရခြင်းကြောင့် များစွာသော သုခသောမနဿကို ခံစားခြင်း, မိခင်ဖြစ်သော ဇာန္ဒမည်သော နဂါးမကို လုပ်ကျွေးခြင်းတို့ကို ပြုလျက်နေ၏၊ မြတ်စွာဘုရားသည် သွားအံ့သော အခါနီးလတ်သော် ''သုမန နဂါးမင်းကို အခြံအရံနှင့် တကွ လာလော့''ဟု မိန့်တော်မူ၏၊ နဂါးမင်းသည်လည်း မိမိ၏ အခြွေအရံဖြစ်ကုန်သော ခြောက်ကုဋေ အတိုင်းအရှည် ရှိကုန်သော နဂါးတို့ကို ခေါ်ပြီးလျှင် အပွင့်နှင့် ပြည့်စုံသော စကားပင်ကို မြတ်စွာဘုရားအား နေရောင်အတွေ့တို တားမြစ်ခြင်းငှါ ထီးတော် ပြုလုပ်လျက် ယူလေ၏။

ကလျာဏီ၌ ခြေတော်ရာချခြင်း

ထိုအခါ မြတ်စွာဘုရားသည် နေရောင်ဖြင့်တောက်ပသော ရွှေတောင်ကဲ့သို့ သပ္ပါယ်တော်မူသည်ဖြစ်၍ သပိတ်သင်္ကန်းတော်ကို ယူတော်မူပြီးလျှင် ကောင်းကင်သို့ကြွတော်မူ၏၊ ငါးရာကုန်သော ရဟန္တာ အရှင်မြတ်တို့သည်လည်း မိမိတို့၏ သပိတ်သင်္ကန်းကို ယူဆောင်ကုန်လျက် ကောင်းကင်သို့ ကြွတော်မူကြကုန်လျက် မြတ်စွာဘုရားကို ခြံရံကြကုန်၏၊ မြတ်စွာဘုရားသည် ရဟန္တာငါးရာ ခြံရံတော်မူလျက် ကဆုန်လပြည့် ဥပုသ်နေ့၌ ကလျာဏီအရပ်သို့ ကြွတော်မူပြီးလျှင် မြတ်သောသူတို့အား ထိုက်သော မဏ္ဍပ်၌ ခင်းထားအပ်သော မြတ်သောနေရာ၌ ရဟန္တာ အပေါင်း ငါးရာခြံရံတော်မူလျက် နေထိုင်တော်မူ၏။

ထိုအခါ မဏိအက္ခိကနဂါးမင်းသည် ဘုရားအမှူးရှိသော ငါးရာသော သံဃာတော်အား များစွာသော နတ်၌ဖြစ်သော ခဲဘွယ်ဘောဇဉ်တို့ကို လှူပြီးသောအခါ လျောက်ပတ်သော နေရာ၌နေ၏၊ မြတ်စွာဘုရားသည် သုမန နဂါးမင်း၏ ဆွမ်းအနုမောဒနာကို ပြုတော်မူပြီးလျှင် သုမနတောင်ထိပ်၌ ခြေတော်ရာကို ချထားတော်မူ၏၊ ထိုသုမနတောင်ခြေရင်း၌ နေ့အခါ နေထိုင်ခြင်းကိုလည်း ပြုတော်မူ၏၊ ထိုနောက်ဒီဃဝါပိ စေတီတည်သော နေရာ၌ရင်း၊ မဟာထူပစေတီ တည်သောနေရာ၌ရင်း၊ ထူပါရုံစေတီ တည်သော နေရာ၌ရင်း၊ မရိစဝဋ္ဋိစေတီ တည်သော နေရာ၌ရင်း၊ *မဟာသေလစေတီ တည်သော နေရာ၌ရင်း၊ မဟာစေတီ တည်သောနေရာ၌ရင်း၊ တိဿမဟာဝိဟာရစေတီ တည်သော နေရာ၌ရင်း၊ နာဂမဟာဝိဟာရစေတီ တည်သော နေရာ၌ရင်း၊ သမာပတ်တို့ကို ဝင်စားတော်မူ၏၊ ဝင်စားသော နေရာတို့၌ မြေတုန်လှုပ်လေ၏။

**နတ်နဂါးတို့ကို စောင့်ရှောက်စေခြင်း**

ဒီဃဝါပိစေတီ တည်သော နေရာ၌ မဟာသေန နတ်သားကိုရင်း, မဟာထူပစေတီ တည်သော နေရာ၌ ဝိသာလ နတ်သားကိုရင်း, ထူပါရုံစေတီ တည်သော နေရာ၌ မရဏိပါလ နတ်သားကိုရင်း, မရိစဝဋ္ဋိစေတီ တည်သောနေရာ၌ ကန္ဒကနတ်သားကိုရင်း, မဟာသေလစေတီ တည်သောနေရာ၌ ဂန္ဓနတ်သားကိုရင်း, မဟာစေတီ တည်သောနေရာ၌ မဟာမေဃ နတ်သားကိုရင်း, တိဿမဟာဝိဟာရစေတီ တည်သော နေရာ၌ (†မဏိမေခလာနတ်သမီးကိုရင်း,) နာဂမဟာဝိဟာရ စေတီ တည်သောနေရာ၌ မဟိန္ဒနတ်သားကိုရင်း၊ အသီးအသီး စောင့်ရှောက်ရန် အပ်နှင်းတော်မူ၏။

ထိုနောက် မဟာဂင်္ဂါမြစ်၏ လက်ျာဘက်ကမ်း၌ သေရုမည်သော ရေကန်သည်ရှိ၏၊ ထိုရေကန်၏ အဆုံး၌ သရဘမည်သော ရေကန်ရှိ၏၊ ထိုသရဘ ရေကန်၏ထိပ်၌ အလွန်မွေ့လျော်ဘွယ်ရှိသော ရေပွက်,

---

* ဂါမစေတီ (မကွဲ)

† ပေမူမှယူ၍ဆောင်ထည့်သွင်းပြဆိုထားပါသည်။

ကောလာသ တောင်ထွဋ်နှင့်တူသော စေတီတော်ကို တည်ထားကိုးကွယ်ကြလတ္တံ့ဟုသိမြင်တော်မူ၍ စေတီတည်လတ္တံ့သော နေရာ၌ ရဟန္တာငါးရာတို့နှင့်တကွ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏၊ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ ကြီးစွာသော အသံကိုပြုလျက် လှုပ်လေ၏၊ ထိုနောက် ရဟန္တာ ငါးရာတို့နှင့်တကွ မြတ်စွာဘုရားသည် နိရောဓသမာပတ်မှ ထတော်မူသောအခါ သုမန နဂါးမင်း၏ လက်၌ရှိသော စကားပင်မှပန်းကို ယူတော်မူ၍ ထိုသမာပတ်ဝင်စားရာအရပ်၌ ပန်းတို့ဖြင့် ပူဇော်တော်မူပြီးလျှင် အဖန်ဖန်နဂါးမင်းကိုကြည့်ရှုတော်မူ၏။

နဂါးမင်းသည်လည်း မြတ်စွာဘုရားကို ရှိခိုးလျက် "ဘုရားတပည့်တော်သည် အဘယ်အမှုကို ပြုရပါအံ့နည်း" ဟု လျှောက်ထားသောအခါ"ဤနေရာ၌ စောင့်ရှောက်လော့"ဟု မိန့်တော်မူ၏၊ ထိုအခါ နဂါးမင်းသည် ဤသို့လျှောက်ထား တောင်းပန်၏၊ "ဘုန်းတော် ကြီးတော်မူသော အရှင်ဘုရား….သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး,ရှစ်ဆယ်သော လက္ခဏာတော်ငယ် အသွယ်သွယ်တို့ဖြင့် သပ္ပါယ်တော်မူသောအရှင်ဘုရား၏ရူပကာယကိုဖူးမြင်ရသော ဒဿနာနုတ္တရိယ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ဟောတော် မူအပ်သော တရားတော်ကို နာကြားရသော သဝနာနုတ္တရိယ ဉာဏ်တန်ခိုး၌အထွတ်အထိပ်သို့ရောက်တော်မူကုန်သော အရှင်မဟာသာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန် အဦးရှိကုန်သော ရှစ်ကျိပ်သော သာဝကတို့ကို ဖူးသောအခါတို့၌လည်း ထိုအတူ ဒဿနာနုတ္တရိယ, သဝနာနုတ္တရိယ နှစ်ပါးကို ဤဂန္ဓကုဋိ၌ စောင့်ရှောက်၍နေရသော တပည့်တော်အား ရရှိပါသဖြင့် အလွန်ဝမ်းမြောက်ပါ၏၊ အရှင်ဘုရားတို့နှင့်ကင်း၍ တပါးသောအရပ်မှာ မနေနိုင်ပါဘုရား"ဟု လျှောက်လေ၏။

ဓာတ်တော်နှင့် နဂူးသင်းကျစ်တော်

မြတ်စွာဘုရားသည် နဂါးမင်းကို ဤသို့မိန့်တော်မူ၏၊ နဂါးမင်း…. ဤအရပ်သည် သင်ကြာမြင့်စွာ နေရာအရပ် ဖြစ်၏၊ ကကုသန် မြတ်စွာဘုရား၏ ဓာတ်တော်ကို ဤနေရာ၌တည်ထားခဲ့ဘူးပြီ၊ ထိုအခါသင်သည် ဝရနိဒ္ဒမည်သောနဂါးမင်းဖြစ်ပြီးလျှင် ဓာတ်တော်ကိုပန်းနံ့သာတို့ဖြင့် ပူဇော်

လျှက် နေဘူးပြီ၊ တဖန် ကောဏာဂုံ ဘုရားရှင်၏ ဓာတ်တော်ကိုလည်း ဤနေရာ၌ တည်ထားဘူးပြီ၊ ထိုအခါသင်သည် ဇယသေန မည်သော နတ်သားဖြစ်ပြီးလျှင် ဓာတ်တော်ကိုပန်းနံ့သာတို့ဖြင့် ပူဇော်လျှက် နေဘူးပြီ၊ ထိုနောက် ကဿပမြတ်စွာဘုရား၏ ဓာတ်တော်ကိုလည်း ဤနေရာ၌တည်ထားဘူးပြီ၊ ထိုအခါ သင်သည် ဒိယမာလမည်သော နဂါးမင်းဖြစ်ပြီးလျှင် ဓာတ်တော်ကို ပန်းနံ့သာတို့ဖြင့် ပူဇော်လျှက်နေဘူးပြီ၊ ငါဘုရားပရိနိဗ္ဗာန်ပြုတော်မူသော အခါ ကာကဝဏ္ဏ တိဿမင်းကြီးသည် ငါဘုရား၏ နလာဋဓာတ် နှဖူးသင်းကျစ်တော် မြတ်ကို ဤနေရာ၌ သာလျှင် စေတီတည်လတ္တံ့၊ ထို့ကြောင့် သင်နဂါးမင်းသည် ဤနေရာ၌ စောင့်ရှောက်လေလော့''ဟု မိန့်တော်မူပြီးလျှင် ငါးပါးသီလ၌ တည်စေ၍ ရဟန္တာငါးရာ ခြံရံတော်မူလျှက် စေတီ၏နေရာကို လက်ျာရစ် လှည့်လည်တော်မူပြီးလျှင် ''မမေ့မလျော့ ဖြစ်လေလော့''ဟု မိန့်တော်မူပြီးလျှင် ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းတော်သို့ ကြွလာတော်မူ၏။

ထိုသုမန နဂါးမင်း၏မိခင်ဖြစ်သော ဇုန္န မည်သော နဂါးမသည် လာပြီးလျှင် မြတ်စွာဘုရားကိုရှိခိုးလျှက် ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....တပည့်တော်မ၏ သားဖြစ်သော သုမန နဂါးမင်း သည် အဘယ်မှာနည်း''ဟု လျှောက်ထား၏၊ ထိုအခါ ''သင်၏သား သည် တမ္ဗပဏ္ဏိကျွန်း၌ သရဘအိုင်၏ထိပ်၌ တည်ရှိသော ငါဘုရား သမာပတ် ဝင်စားရာနေရာ၌ အခြံအရံဖြစ်ကုန်သော နဂါးတို့နှင့်တကွ စောင့်ရှောက်လျှက်နေသည်''ဟု မိန့်တော်မူ၏၊ ထိုအခါ နဂါးမသည် သား၏အထံသို့ သွားတော့မည်ဟု လျှောက်ထားပြီးလျှင် အခြံအရံ ဖြစ်ကုန်သော တသောင်းခြောက်ထောင်ကုန်သော နဂါးသတို့သမီးတို့ကို ခေါ်လျှက် မြတ်စွာဘုရားကိုရှိခိုးလျှက် ''ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား....ယခုအခါမှစ၍ အရှင်ဘုရားတို့အား ဖူးမြင်ရခဲပေပြီ၊ ဘုရားတပည့်တော်မ၏ အပြစ်ကို သည်းခံတော်မူပါ''ဟု လျှောက်ထား ပြီးလျှင် သုမနနဂါးမင်း၏အထံသို့သွားလျှက် ကြီးစွာသော အစိုးရခြင်း စည်းစိမ်ချမ်းသာကိုခံစား၍ စောင့်ရှောက်လျှက်နေ၏။

သီဟိုဠ်ကျွန်းသို့ ကြွတော်မူခန်းပြီး၏။

## ၂။ ပရိနိဗ္ဗာန်စံတော်မူခန်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် လေးဆယ့်ငါးဝါ ကာလပတ်လုံး ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပရိယတ္တိတရားတော်ကို ဟောကြားတော်မူလျက် ဝေနေယျသတ္တဝါတို့ကို သံသရာမှ ထုတ်ဆောင်၍ နိဗ္ဗာန်၌တည်စေပြီးလျှင် နောက်ဆုံး ဖြစ်သောအခါ၌ ဝေသာလီပြည် စာပါလစေတီ၌ သီတင်းသုံးတော်မူသည်ရှိသော် မာရ်နတ် မင်းသည် ပရိနိဗ္ဗာန်ပြုတော်မူရန် တောင်းပန်ရကား သတိသမ္ပဇညနှင့် ပြည့်စုံသည်ဖြစ်၍ အာယုသင်္ခါရကို လွှတ်တော်မူ၏၊ ထိုအာယုသင်္ခါရကို လွှတ်တော်မူသည်ကို အရှင်အာနန္ဒာမှတပါးသော သူတို့သည် မသိကြသောကြောင့် ရဟန်းသံဃာကို သိစေအံ့ဟု နှလုံးသွင်းတော်မူပြီးလျှင် ဇေတဝန် ကျောင်းတော်သို့ ကြွတော်မူလျက် များစွာသော ရဟန်းသံဃာကို စည်းဝေးစေ၍ ဤသို့မိန့်တော်မူ၏၊

"ရဟန်းတို့....ငါဘုရားသည် မကြာမြင့်မီ သုံးလတို့ကို လွန်သဖြင့် ပရိနိဗ္ဗာန်ပြုအံ့၊ သင်ရဟန်းတို့သည် ငါဘုရား၏သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့၌ အညီအညွတ်ဖြစ်ကြကုန်၊ မမေ့မလျော့သဖြင့် သိက္ခာသုံးပါးကိုဖြည့်ကြကုန်"ဟု မိန့်တော်မူ၏၊ ထိုနောက်မိုးသောက်သောနေ့၌ ဝေသာလီပြည်၌ ဆွမ်းခံတော်မူပြီးလျှင် ဆွမ်းစားကျောင်းမှ ကြွတော်မူသောအခါ တိဏ္ဍုရွာသို့ ကြွတော်မူ၏၊ ထိုတိဏ္ဍုရွာမှ ဟတ္ထိဂါမရွာ, အမ္ဗဂါမရွာ, ဇမ္ဗုဂါမရွာ, နိဂြောဓဂါမရွာ, ဘောဂနဂရတို့သို့ အစဉ်အတိုင်းကြွတော်မူ၏၊ ထိုဘောဂနဂရမှ ပါဝါပြည်, ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွတော်မူ၏။

ကုသိနာရုံပြည်သို့ ရောက်တော်မူသောအခါ အစုံအစုံသော အင်ကြင်းပင်တို့၏အကြား၌ ရပ်တော်မူလျက် အရှင်အာနန္ဒာ မထေရ်ကို ခေါ်တော်မူ၍ "မြောက်အရပ်သို့ ဦးခေါင်းပြုလျက် ညောင်စောင်းကို ခင်းလော့၊ ငါဘုရားသည် ပင်ပန်းတော်မူသည်ဖြစ်၍ လျောင်းစက်အံ့" ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာသည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း မြောက်သို့ ဦးခေါင်းပြုလျက် ညောင်စောင်းကို ခင်းပြီးလျှင် ဒုကုဋ်သင်္ကန်းကို လေးထပ်ပြုလျက် ထိုညောင်စောင်းပေါ်၌ ခင်းလျက်ပေးတော်မူ၏၊ ဘုရားကိုယ်တော်မြတ်သည် လက်ျာ နံပါးတော်ဖြင့်

သတိ, ပညာတော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ နောင်တဖန် မထပြီဟု နှလုံးသွင်းတော်မူလျက် မြတ်သောအိပ်ခြင်းကို ပြုတော်မူ၏။

အံ့သြဘွယ် တိတ်နိမိတ်

ထိုပရိနိဗ္ဗာန် စံတော်မူလတ္တံ့သော ခဏ၌ အစုံအစုံသော အင်ကြင်းပင်တို့သည် ပွင့်ကြကုန်၏၊ အင်ကြင်းပင်တို့သည်သာလျှင် ပွင့်ကြသည်မဟုတ်၊ တသောင်းသော စကြဝဠာလောကဓာတ်၌ တည်ရှိကုန်သော အင်ကြင်းပင်, သီးတတ် ပွင့်တတ်ကုန်သော အပင်ဟူသမျှတို့သည် အသီးအပွင့်နှင့် ပြည့်စုံကြကုန်၏၊ ကုန်းအရပ်-ကြည်းအရပ်၌ရှိသော ကြာပဒုမာတို့သည်ရင်း, ပင်စည် အခက်အနွယ်တို့၌ ကြာပဒုမာ တို့သည်ရင်း, ကျောက်ဖျာ၌ဖေါက်ခွဲ၍ထွက်သော ကြာပဒုမာတို့သည်ရင်း တင့်တယ်စွာ ပွင့်ကြကုန်၏၊ လူ့ပြည်မှ ဗြဟ္မာ့ပြည်တိုင်အောင် တသောင်းသော လောကဓာတ်သည် တခုသော ပန်းကုံးကဲ့သို့ဖြစ်၏၊ နတ်တို့သည် ကောင်းကင်မှ နတ်၌ဖြစ်သော ထင်ရှားပန်း, ပင်လယ် ကသစ်ပန်း, စန္ဒကူးမှုံ့တို့ကိုကြဲကြကုန်၏၊ နတ်တို့၏ တူရိယာတို့သည် ကောင်းကင်၌ ဖြစ်ကြကုန်၏၊ များစွာသော အံ့ဘွယ်တို့သည် ဖြစ်ကြကုန်၏။

ဤသို့လျှင် ပူဇော်အထူးတို့သည် ဖြစ်ပေါ်လာသောအခါ ပဌမယာမ်၌ သုဘဒ္ဒပရိဗိုဇ်ကို ဆုံးမတော်မူ၏၊ ဒုတိယယာမ်၌ တသောင်းသော စကြဝဠာမှ လာကုန်သောနတ်တို့ကို ဆုံးမတော်မူ၏၊ ပစ္ဆိမယာမ်၏ ရှေးအဘို့၌ အရှင်အနုရုဒ္ဓါ အမှူးရှိသော ရဟန်းသံဃာကို ဆုံးမတော်မူ၏၊ ပစ္ဆိမယာမ်၏အဆုံး၌ ပဌမဈာန်အစရှိသော သမာပတ်ရှစ်ပါးကို အစဉ်အတိုင်းဝင်စားတော်မူ၏၊ နေဝသညာ နာသညာယတနဈာန်မှ ထတော်မူပြီးလျှင် နိရောဓသမာပတ်ကို ဝင်စားတော်မူ၏၊ နိရောဓသမာပတ်မှ ထတော်မူပြီးလျှင် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့ကို ဝင်စားတော်မူ၏၊ စတုတ္ထဈာန်မှ ထတော်မူပြီးလျှင် အနုပါဒိသေသ နိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူ၏။

အလောင်းတော်ကို ပြင်ဆင်ခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ ဝိသုကြို နတ်သားသည် ဘုရားကိုယ်တော်အတိုင်းအရှည်ရှိသော ကျင်းကို ရတနာခုနစ်ပါးကို့ဖြင့် ဖန်ဆင်း၍

ပေး၏၊ မလ္လာမင်းတို့သည် ကစီမချသော ပုဆိုးတို့ဖြင့် ရစ်ပတ်လျက်ရတနာ ကျင်း၌ထည့်ပြီးလျှင် ပန်းနံ့သာတို့ဖြင့် ပြည့်စေ၍ တခုသော ကျင်းဖြင့် ပိတ်လျက် အလုံးစုံနံ့သာပန်းဖြစ်သော ထင်းပုံကိုပြုကြကုန်၏၊ များသော အားဖြင့် နတ်တို့သည် စန္ဒကူးနီကိုယူကုန်လျက် ထင်းပုံ၌ ထည့်ကြကုန် ၏၊ မလ္လာမင်းတို့သည် မီးပူဇော်ခြင်းကို ပြုကြကုန်သော်လည်း မီးလောင် စေခြင်းငှါ မစွမ်းနိုင်ကြကုန်၊ အကြောင်းသော်ကား အရှင်မဟာ ကဿပ မကြွရောက်သေးသည်၏ အဖြစ်ကြောင့်တည်း။

**အရှင်မဟာကဿပ ကြွလာခြင်း**

အရှင် မဟာကဿပသည်ကား များသော အားဖြင့် နတ်တို့သည်ကြည်ညိုနှစ်သက်အပ်သော မဟာထေရ် ဖြစ်တော်မူ၏၊ အရှင်မဟာကဿပအား ပေးလှူရ ခြင်းကြောင့် နတ်ပြည်၌ ဖြစ်သောသူတို့၏ အရေအတွက်သည် အပိုင်း အခြားမရှိ များလှ၏၊ ထို့ကြောင့် နတ်တို့သည် ၎င်းအစည်းအဝေး၌ အရှင်မဟာကဿပကို မမြင်ကြ၍ "အရှင်မဟာကဿပသည် အဘယ် မှာနည်း"ဟု ကြည့်ရှုကြကုန်သည်ရှိသော် အခြံအရံ ဖြစ်ကုန်သော ငါးရာသော ရဟန်းတို့နှင့် လမ်းခရီး၌ ကြွလာသည်ကို သိကြ၍ "အရှင် မဟာကဿပ မရောက်မီ ထင်းပုံတော်ကို မီးမလောင်စေသတည်း"ဟု အဓိဋ္ဌာန်ပြုကြကုန်၏။

အရှင်မဟာကဿပ မထေရ်သည်လည်း များသောအားဖြင့် ခုတင် တဆယ့်သုံးပါးကို ဆောင်ကုန်သော ငါးရာကုန်သော ရဟန်းတို့နှင့် ကြွလာတော်မူလျက် ထင်းပုံတော်ကို သုံးကြိမ်လက်ျာရစ် လှည့်ပြီးလျှင် ၎င်းသို့ အဓိဋ္ဌာန်တော်မူ၏၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာ ဘုရား....အရှင်ဘုရားတို့အား ဖူးမြင်ရခြင်း အကျိုးငှါ ပဒုမုတ္တရ ဘုရားရှင်၏ ခြေတော်ရင်း၌ ဆုတောင်းခဲ့ရပါ၏၊ ယခု အခါကား အဆုံးစွန်သော ဖူးမြင်ရခြင်းပါတည်း၊ ခြေတော်အစုံသည် ဦးခေါင်း ထက်၌ တည်ပါစေသတည်း"ဟု အဓိဋ္ဌာန်တော်မူ၏၊ အဓိဋ္ဌာန်တော် မူသည်နှင့် တပြိုင်နက် သာလျှင် ခြေတော်အစုံသည် တိမ်တိုက်မှ ထွက် သော လဝန်းကဲ့သို့ ပုဆိုးထင်းပုံကိုဖွင့် ထွက်တော်မူပြီးလျှင် အရှင်မဟာ ကဿပ၏ ဦးခေါင်းတော်ပေါ်၌ တည်တော်မူ၏။

အရှင် မဟာကဿပသည် ရှိခိုးပြီးသောအခါ ခြေတော် အစုံသည် ပုဆိုးထင်းပုံတော်သို့ ကြွတော်မူ၏၊ ဤအံ့ဘွယ်ကို မြင်ကြသော အခါ လူအပေါင်းတို့သည် များစွာ ကြွေးကြော်ကြကုန်၏။

**အလောင်းတော်ကို မီးပူဇော်ခြင်း**

ထိုအခါ မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ အလောင်းတော်၏ ကိုယ်ကို ပြုကြကုန်အံ့ဟုဆိုကြကုန်ပြီးလျှင် အထူးထူးသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ကြကုန်လျက် ဝန်းရံကြကုန်၏၊ သိကြားမင်းနှင့်တကွ အလုံးစုံသော နတ်တို့သည်လည်း ဝန်းရံကြကုန်၏၊ ထိုနောက် မလ္လာမင်းတို့သည် မီးပူဇော်ကြရန် အားထုတ်ကြကုန်၏၊ ထိုအခါ သိကြားမင်းသည် ဤသို့ ကြွေးကြော်တော်မူ၏၊ "ငါဘုရားသည် ပရိနိဗ္ဗာန် စံတော်မူသောအခါ သိကြားမင်းသည် မဏိဇောတိရသ ကျောက်မှထွက်သော မီးဖြင့် ငါဘုရား၏ ကိုယ်တော်၏ ကိုယ်ကို ပြုလတ္တံ့၊ မဏိဇောတိရသ ကျောက်မီး၏ အဆုံး၌ လူတို့သည် မီးပူဇော်ကုန်လတ္တံ့"ဟု ဗျာဒိတ်တော်ကိုကြားစေ၍ သုံးကြိမ်လကျ်ာရစ် လှည့်လည်ပြီးလျှင် ပတ္တမြားကို ဖြန့်လျက် "ထင်းပုံတော်၏ အောက်အဘို့မှ မီးလောင်စေသတည်း" ဟု မိန့်တော်မူ၏၊ ထိုခဏ၌ ထင်းပုံသည် မီးတောက်လောင်လေ၏။

**ဓာတ်တော်၊ စွယ်တော် သင်းကျစ်တော်**

မီးသည် မြတ်စွာဘုရား၏ အသား အရေတို့ကို အကြွင်းအကျန် မရှိစေမူ၍ မလေးပန်း၊ ပုလဲပန်းနှင့်တူသော ဓာတ်တော်တို့ကိုသာ ကြွင်းကျန်စေလျက် လောင်လေ၏၊ လူအပေါင်းတို့သည် မြေပြိုဘိ သကဲ့သို့ သနားစဘွယ် များစွာ ငိုကြွေးခြင်းသည် ဖြစ်၏၊ အလောင်းတော်ကို ရစ်ပတ်လျက် ထားသော အဝတ်ပုဆိုးတို့တွင် အတွင်းအကျဆုံးသော အဝတ်ပုဆိုးနှင့် ပြင်ပအကျဆုံးသော အဝတ်ပုဆိုးနှစ်ထည်တို့ကို မီးမလောင်ကုန်၊ အတွင်းတထည် ဖြစ်သော အဝတ်ပုဆိုးတို့ကိုသာ မီးလောင်၏၊ အလောင်းတော် ပြာ မီးသွေး မဖြစ်ဘဲ မလေးပန်းငုံအဆင်း၊ ပုလဲအဆင်း၊ ရွှေအဆင်းရှိသော ဓာတ်တော် တို့သည် အကြီးဆုံး ပဲနောက်ခြမ်းပမာဏ၊အလတ်အားဖြင့် ဆန်ကျိုးပမာဏ၊ အငယ်ဆုံး မုံညင်းစေ့ပမာဏ အားဖြင့် စိတ်ဖြာလျက် အသမ္ဘိန္န ဓာတ်တော်ဖြစ်၍ တည်၏၊

စွယ်တော် လေးဆူ, နဖူး သင်းကျစ်တော် တဆူ, ညှပ်ရိုးတော် နှစ်ဆူ အားဖြင့် ခုနစ်ဆူတို့သည် မပြိုမကွဲ အသမ္ဘိန္န ဓာတ်တော်ဖြစ်၍ တည်ကြကုန်၏။

**လည်ရိုးတော်နှင့် လက်ဝဲအောက် စွယ်တော်**

အရှင်မဟာ သာရိပုတ္တရာ၏ တပည့်ဖြစ်သော အရှင်သရဘူသည် စန္ဒကူးထင်းပုံအတွင်းမှ မြတ်စွာဘုရား၏လည်ရိုးတော် ကို တန်ခိုးဖြင့် ယူပြီးလျှင် မဟိယင်္ဂဏ စေတီကို တည်ပြီးလျှင် ကုသိနာရုံ ပြည်သို့ ကြွလာတော်မူ၏၊ ခြောက်ပါးသော အဘိညာဉ်နှင့် ပြည့်စုံတော်မူသော အရှင်ခေမာသည် စန္ဒကူးထင်းပုံအတွင်းမှ လက်ဝဲအောက် စွယ်တော်ကို ယူတော်မူ၏၊ စန္ဒကူးထင်းပုံတော်ကို မီးလောင်၍ပြီးလျှင် ကောင်းကင်မှ လက်ရုံးဖျားမျှလောက်သော ရေအယဉ်သည် သက်ဖျန်းသဖြင့်ငြိမ်းအေးစေ၏၊ မလ္လာမင်းတို့သည် နံ့သာရေတို့ဖြင့် ထင်းပုံတော်ကို ငြိမ်းအေးစေ၏။

မဟာကရုဏာတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ကဆုန်လပြည့် အင်္ဂါနေ့၌ ပရိနိဗ္ဗာန်စံတော်မူ၏၊ ထိုနောက် အလောင်းတော်သည် အစုံအစုံသော အင်ကြင်းပင်တို့၏ အကြား၌ ခုနစ်ရက် စံနေတော်မူ၏၊ ထိုနောက် အတောင်တရာ့နှစ်ဆယ်မြင့်သော စန္ဒကူး ထင်းပုံတော်ထက်၌ ခုနစ်ရက် စံနေတော်မူ၏၊ ၎င်းခုနစ်ရက်အတွင်း၌ တေဇောဓာတ်လောင်၏။

တေဇောဓာတ်မီး ငြိမ်းပြီးသောအခါ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ရွှေပန်းတောင်း၌ ထည့်ပြီးလျှင် အလောင်းတော်ကို ကျင်းပပူဇော်ရာ ဇရပ်မှ မကုဋဗန္ဓစေတီတိုင်အောင် လမ်းကို တန်ဆာဆင်လျက် ပူဇော်ခြင်းအထူးတို့ဖြင့် ပူဇော်၍ ဓာတ်တော်ကို ဆင်တော်ထက်၌ တင်ပြီးလျှင် ပင့်ယူကြကုန်၏၊ ထိုမကုဋဗန္ဓစေတီ အမည်ရှိသော မလ္လာမင်းတို့၏ တန်ဆာဆင်ရာ ဇရပ်မှ မြို့တွင်းသို့ ပင့်ယူကြပြီးလျှင်သန္တာဂါရမည်သော ပူဇော်ရာ ဇရပ်၌ ထားကြကုန်၏။

ထက်ဝန်းကျင်၌လည်း လှံလက်နက် စွဲကိုင်သော သူရဲကောင်းတို့ကို ဝန်းရံစောင့်ရှောက်စေ၏၊ ၎င်းတို့နောက်မှ ဆင်တပ်,မြင်းတပ်, ရထား တပ်, လေးလက်နက် စွဲကိုင်သော သူရဲကောင်းတပ်များကို ဝန်းရံစေ၏၊

ထိုအစောင့်အရှောက်တို့သည် ထက်ဝန်းကျင် တယူဇနာရှိကုန်၏၊ ဤသို့သော အစောင့်အရှောက်ဖြင့် ထားကြပြီးလျှင် မလ္လာမင်းတို့သည် ခုနစ်ရက်ပတ်လုံး ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ပန်းနံ့သာတို့ဖြင့် ပူဇော်ခြင်းတို့ဖြင့် သာဓုကီဠနသဘင်ကို ပြုကြကုန်၏။

**ခုနစ်ပြည်ထောင် မင်းများစစ်ချီလာခြင်း** မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူကြောင်းကို အဇာတသတ်မင်းကြီး ကြားတော်မူသောအခါ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အထံသို့ တမန်တော် စေလွှတ်တော်မူ၏၊ "ငါသည်လည်း မင်းဖြစ်၏၊ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ပူဇော်ပွဲပြုလို၏၊ ဓာတ်တော်များကို ငါတို့ရထိုက်ပါသည်၊ ဓာတ်တော်ကို ငါတို့အား ပေးပါ"ဟု စေလွှတ်တော်မူ၏၊ ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့သည်၎င်း, ကပိလဝတ်ပြည်၌ သာကီဝင်မင်းတို့သည်၎င်း, အလ္လကပ္ပပြည်၌ ဗုလမင်းတို့သည်၎င်း, ရာမရွာ၌ နေကုန်သော ကောလိယ မင်းတို့သည်၎င်း, ဝေဋ္ဌဒီပတိုင်း၌ နေကုန်သော ပုဏ္ဏားတို့သည်၎င်း, ပါဝါပြည်၌ နေကုန်သော ပါဝေယျက မင်းတို့သည်၎င်း ထိုအတူ တမန်တော်ကို စေလွှတ်ကြပြီးသောအခါ တပေါင်းတည်းပြုကုန်လျက် ကုသိနာရုံ မင်းတို့နှင့် ငြင်းခုံခြင်း ဖြစ်ကြကုန်၏။

**ဒေါဏပုဏ္ဏား ဓာတ်တော် ဝေခြင်း** ထိုမင်းတို့၏ ဆရာဖြစ်သော ဒေါဏ ပုဏ္ဏားကြီးသည် "အို-မင်းအပေါင်းတို့....ငြင်းခုံခြင်းကိုမပြုကြကုန်လင့်၊ ငါတို့၏ဘုရားရှင်သည် ခန္တီဝါဒီ ရှိတော်မူ၏ဟု ဆိုပြီးလျှင် ထိုသို့သဘောရှိသော ခန္တီမေတ္တာ ကရုဏာတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သရီရ ဓာတ်တော်တို့ကို အကြောင်းပြု၍ ငြင်းခုံခိုက်ရန် ဖြစ်ခြင်းငှါ မထိုက်၊ ဓာတ်တော်တို့ကို ရှစ်ပုံပြု၍ ဝေကြကုန်လော့၊ လူအပေါင်းတို့ ကြည်ညိုသောစေတီတို့သည် များစွာဖြစ်ကြစေကုန်လော့"ဟု ဆို၏၊ ထိုအခါ မင်းအပေါင်းတို့သည် "အရှင်ပုဏ္ဏားကြီးသည် ဓာတ်တော်တို့ကို ရှစ်ပုံပြု၍ ဝေဘန်ပါလော့" ဟု ဆိုကြကုန်၏၊ ထိုအခါပုဏ္ဏားကြီးသည် ရွှေဖြင့်ပြီးသော ကွမ်းစားခွက်ကို ကိုင်လျက် စလယ်ကွမ်းစားအားဖြင့် တဆယ့်ခြောက်ကွမ်းစား, စိတ်အားဖြင့် တစိတ်စီ ဝေပေးလေ၏၊ ထိုမင်း အပေါင်းတို့သည်လည်း ဓာတ်တော်များကို အသီးသီးပင့်ယူကြပြီးသောအခါ မိမိတို့၏တိုင်းပြည်

၌ စေတီတည်ထားကြကုန်၏၊ ဒေါဏပုဏ္ဏားကြီးသည် ခွက်တော်ကြွတ်ကိုယူ၍ စေတီတည်၏၊ မောရိယမင်းတို့သည် မီးသွေးကို ယူ၍ စေတီတည်၏။

စွယ်တော်လေးဆူ

ဒေါဏ ပုဏ္ဏားကြီးသည် ဓာတ်တော်ကို ဝေဘန်သောအခါ လက်ျာစွယ်တော်ကို ယူပြီးလျှင် ဦးရစ်ကြား၌ ထားလေ၏၊ သိကြားမင်းသည် ''ယနေ့ လက်ျာစွယ်တော်ကို အဘယ်သူ ယူသနည်း''ဟု ကြည့်ရှုသော အခါ ဦးရစ်အကြား၌ ထားသည်ကို မြင်လျှင် ရတနာ ပန်းတောင်းကို ယူလျက် မထင်ရှားသော ကိုယ်ဖြင့်သွား၍ စွယ်တော်ကို ယူပြီးလျှင် တာဝတိံသာ နတ်ပြည်၌ တယူဇနာ အမြင့်ရှိသော စူဠာမဏိ စေတီတော်ကြီးကို တည်ထားလေ၏။

လက်ျာအောက်စွယ်တော်တဆူကို ခြေကြားဖြင့်နင်း၍ယူ၏၊ ဇယသေန နဂါးမင်းသည် မြတ်စွာဘုရားပရိနိဗ္ဗာန် ပြုတော်မူကြောင်းကို ကြားသောအခါ ယနေ့နောက်ဆုံး ဖူးမြင်ရခြင်းဟု နှလုံးသွင်းပြီးလျှင် များစွာသော နဂါးတို့၏ စည်းစိမ်ချမ်းသာကိုယူလျက် ကုသိနာရုံပြည်သို့ သွား၍ ပူဇော်ခြင်းကို ပြုသောအခါ ခြေကြား၌ထားသော စွယ်တော်ကို မြင်လျှင် နဂါးတို့၏ တန်ခိုးဖြင့်ယူ၍ နဂါးပြည်သို့ ဆောင်ပြီးလျှင် နဂါးတို့၏မြို့လယ်၌ ရတနာတို့ဖြင့် စီအပ်သော စေတီကိုတည်ထားလေ၏၊ ထိုနဂါးမင်းယူသော လက်ျာအောက်စွယ်တော်ကို သီဟိုဠ်ကျွန်း ကာကဝဏ္ဏတိဿမင်းကြီး၏ လက်ထက်၌ မဟာဒေဝမထေရ်၏ တပည့်ဖြစ်သော ရှင်မဟိန္ဒထေရ်သည် နဂါးပြည်သို့ကြွတော်မူပြီးလျှင် လက်ျာစွယ်တော်ကိုယူ၍ သီဟိုဠ်ကျွန်း သေရုမြို့သို့ဆောင်၍ ဂိရိအဘယ မင်းအားပေးပြီးလျှင် သေရုမြို့တောင်ကြား၌ စေတီတည်ထားလေ၏။

လက်ဝဲအထက်စွယ်တော်ကို ဒေါဏပုဏ္ဏားကြီးသည် ပုဆိုးအတွင်း၌ ထား၍ယူ၏၊ ထိုအခါ ဂန္ဓာရတိုင်း၌ သီတင်းသုံး နေထိုင်တော် မူသော ရအပ်ပြီးသော ဗျာဒိတ်တော် ရှေးဆုတောင်းနှင့် ပြည့်စုံတော်မူသော အရှင်မြတ်တပါးသည် အဝတ်ကြား၌ ထားအပ်သော စွယ်တော်ကို မြင်တော်မူသောအခါ ကုသိုလ်စိတ်ဖြင့်ယူပြီးလျှင် ဂန္ဓာရတိုင်း၌ စေတီတည်ထားလေ၏၊

လက်ဝဲအောက်စွယ်တော်ကို ရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော ရှင်ခေမာသည် စန္ဒကူးထင်းပုံတော် အတွင်းသို့ ကြွတော်မူပြီးလျှင် စွယ်တော်ကို ယူပြီးသောအခါ ကလိင်္ဂရာဇ်တိုင်း ဗြဟ္မဒတ်မင်းထံသို့ ကြွတော်မူပြီးလျှင် "ဤစွယ်တော်သည် ဤဇမ္ဗူဒိပ်ကျွန်း၌ ဂုဟာသိဝမင်း အဆက်ဆက်တိုင်အောင် အကျိုးရှိလတ္တံ့"ဟုဆိုတော်မူလျက် ဗြဟ္မဒတ်မင်းအား အပ်နှင်းလေ၏၊ နောက်ကာလ၌ ဟေမမာလာ အမည်ရှိသော မင်းသမီးသည် ဒန္တအမည်ရှိသော မင်းသားနှင့် ဇနီးခင်ပွန်းဖြစ်ကြ၏၊ ထိုဇနီးခင်ပွန်းတို့သည် ပုဏ္ဏားတို့၏အသွင်သဏ္ဌာန် ဝတ်ဆင်ကုန်လျက် စွယ်တော်ကို ယူပြီးသောအခါ ပြေးသွားကြကုန်၏။

သမုဒ္ဒရာဆိပ်ကမ်းသို့ ရောက်သောအခါ ကုန်သည်တို့ကို ပြောကြားပြီးလျှင် လှေဖြင့်ကူး၍ ဇမ္ဗုကောလဆိပ်သို့ ရောက်ကြလေ၏၊ ထိုဆိပ်ကမ်းမှ မြတ်သောငှက်၏ ညွှန်ကြားအပ်သော လမ်းခရီးဖြင့် သွားကြလတ်သော် အနုရာဓမြို့သို့ ရောက်ကြလေ၏၊ ထိုမြို့၌ ကိတ္တိသိရိမေဃ၏ အကြောင်းကို မေးသောအခါ ရတနာသုံးပါး၌ ကြည်ညိုသော အကြောင်းကိုကြားကြ၍ စွယ်တော်ဓာတ်ကို ဇမ္ဗူဒိပ်ကျွန်းမှ ယူ၍လာသော အကြောင်းကို ပြောကြကုန်၏။

ကိတ္တိသိရိမေဃသည်လည်း ဝမ်းမြောက်သည် ဖြစ်၍ မင်းသား မင်းသမီးတို့အား ချီးမြှင့်ပြီးလျှင် မဟာဝိဟာရ ကျောင်းတော်ကို တန်ဆာဆင်၍ စွယ်တော်ဓာတ်ကို ပင့်ထားလေ၏၊ ထိုနောက် မင်းကြီးအား အကြောင်းကြားတော်မူရန် ရဟန်းတော်တပါးအား လျှောက်ထားလေ၏၊ မင်းသည်လည်း ထိုအကြောင်းကို ကြားသောအခါ စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာကိုရသော သူဆင်းရဲကဲ့သို့ နှစ်သက်ဝမ်းမြောက်တော် မူပြီးလျှင် အကြောင်းအရာကို စုံစမ်းတော်မူသောအခါ ဟုတ်မှန်ကြောင်းကို သိတော်မူသဖြင့် စွယ်တော်အား အလုံးစုံသော သီဟိုဠ်ကျွန်းဖြင့်ပူဇော်လေ၏။

**သွားတော်,ဆံတော်, မွေးညှင်းတော်**

သွားတော်, ဆံတော်, မွေးညှင်းတော်တို့ကို စကြဝဠာအဆက်ဆက်အားဖြင့်နတ်တို့သည်ပင့်ဆောင်ကြကုန်၏၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုခါနီးအခါ၌ "သွားတော်,ဆံတော်,မွေးညှင်းတော်,ခြေသည်းလက်သည်းတော်

တို့ကို တေဇောဓာတ် မလောင်စေသတည်း၊ ကောင်းကင်၌ တည်စေသတည်း၊ စကြဝဠာ အဆက်ဆက်တို့၌ ဆောင်ယူကုန်လျက် နတ်လူတို့၏အကျိုးငှါ စေတီတည်ကြပြီးလျှင် ပူဇော်ကြစေကုန်သတည်း'' ဟု မိန့်ဩာန်တော်မူ၏၊ ထို့ကြောင့် ပရိနိဗ္ဗာန် ပြုသောအခါ၌ တေဇောဓာတ် မလောင်ကုန်။

**ဒေါနပုဏ္ဏား၏ ဗိုလ်ဘုရား**

ဒေါဏ ပုဏ္ဏားကြီးသည် ဓာတ်တော်ကို ဝေဘန်၍ပြီးသည်၏ အဆုံး၌ မိမိဖွက်ထားအပ်သော စွယ်တော်တို့ကို ကြည့်ရှုသောအခါပျောက်ဆုံးသည်ကို သိသောကြောင့် မြေ၌ ပက်လက်လန်လျက် လည်းလေ၏၊ ထိုအခါ သိကြားမင်းသည် ဒေါဏပုဏ္ဏားကို မြင်သောအခါ "ဤဒေါဏပုဏ္ဏားသည်ကား စွယ်တော်အကြောင်းကြောင့် လူးလိမ့်လျက် ပျက်စီးခြင်းသို့ ရောက်လတ္တံ့၊ ငါသိကြားမင်းသည် စောင်းဆရာ၏အသွင်သို့ ဖန်ဆင်းပြီးလျှင် ထိုပုဏ္ဏား၏အထံသို့သွား၍ သောကကို ပျောက်ကင်းအောင် ပြုမည်''ဟု ကြံပြီးလျှင် သိကြား၏အသွင်ကို ပယ်ဖျောက်၍ စောင်းဆရာ၏အသွင်ကို ဖန်ဆင်းပြီးသောအခါ ပုဏ္ဏား၏အနီးသို့သွား၍ နတ်၌ ဖြစ်သော သီချင်းကိုသီဆိုလျက် စောင်းကို တီးလေ၏။

"အကြွင်ဝတ္ထုကိုရ၏၊ ထိုရသောဝတ္ထုဖြင့် နှစ်သက် ရောင့်ရဲအပ်၏၊ လောဘကြီးသောသူသည် အလွန်ယုတ်မာသောသူဖြစ်၏''ဟု ဗုံသရာဇ ဇာတ်တော်ဖြင့်လည်း ဆုံးမ၏၊ ထိုစောင်းသံနှင့် ဆုံးမစကားကို ကြားသောအခါ ဤစောင်းဆရာသည် ငါခိုးယူသောအဖြစ်ကို သိပြီဟု သောကကို ပယ်ဖျောက်ပြီးလျှင် ထ၍ကြည့်ရှုသောအခါ ဓာတ်တော်ဗူးကို မြင်လျှင် "ဤဓာတ်တော်ဗူးကို စေတီတည်အံ့''ဟု ကြံပြီးလျှင် ဓာတ်တော်ဗူးကို တောင်းယူလေ၏၊ ဓာတ်တော်ဗူးကို ရရှိသောအခါ စေတီတည်ထားလေ၏။

**ပရိဘောဂ,သရီရ ဓာတ်နှင့် ဖြစ်တော်စဉ်**

သက်န်း သပိတ် တောင်ဝှေးတို့ကို ဝဇီရာပြည်၌, သင်းပိုင်တော်ကို ကုလဃရမြို့၌, အိပ်ယာခင်းတော်ကို ကပိလဝတ် ပြည်၌, ဥဏ္ဏာလုံတော်ကိုကောသလတိုင်း၌, ဓမကရိုဏ် ခါးပန်းကြိုးတော်ကို ပါဋလိပုတ်ပြည်၌, နီသီဒိုင်တော်ကို အဝံသိတိုင်း၌, ရေသနုပ်တော်ကို စမ္ပာ

ပြည်၌, (*အခင်းတော်ကို ဒေဝတိုင်း၌,) ရေစင်တော်ကို ဝိဒေဟတိုင်း၌, ပဲခွပ်နှင့် အပ်ကျည်တော်ကို ဇုန္နပတ္တပြည်၌, ကြွင်းသော အသုံးအဆောင်ကို အပရန္တတိုင်း၌ အသီးအသီး ပူဇော်ကြကုန်၏။

မြတ်စွာဘုရား၏ သရီရဓာတ်တော်သည် တင်းအားဖြင့် နှစ်တင်း, စိတ်အားဖြင့် ရှစ်စိတ်,စလယ်ကွမ်းစားအားဖြင့် တရာ့နှစ်ဆယ့်ရှစ်စလယ်ရှိ၏၊ မြတ်စွာဘုရားသည် ဥတ္တရာသဠ်နက္ခတ်နှင့် ပဋိသန္ဓေနေတော်မူ၏၊ ဝိသာခါ နက္ခတ်နှင့်ဖွားတော်မူ၏၊ ဥတ္တရာသဠ်နက္ခတ်နှင့် တောထွက်တော်မူ၏၊ ဝိသာခါနက္ခတ်နှင့် ဘုရားဖြစ်တော်မူ၏၊ ဥတ္တရာသဠ်နက္ခတ်နှင့် ဓမ္မစကြာတရားကို ဟောတော်မူ၏၊ ထိုဥတ္တရာသဠ်နက္ခတ်နှင့် သာလျှင် တန်ခိုးပြာဋိဟာကို ပြတော်မူ၏၊ အဿယုဇနက္ခတ်နှင့် နတ်ပြည်မှ ကြွဆင်းတော်မူ၏၊ ဝိသာခါ နက္ခတ်နှင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ အရှင်မဟာကဿပမထေရ်နှင့် အရှင်အနုရုဒ္ဓါ မထေရ်တို့သည် ဓာတ်တော်တို့ကို ဝေဘန်၍ပေးကြကုန်၏။

**အဇာတသတ်မင်း ဓာတ်တော်တိုက် တည်ခြင်း**

အဇာတသတ် မင်းကြီးသည်ကား သရီရ ဓာတ်တော်တို့ကို လမ်းခရီး၌ ခုနစ်နှစ်,ခုနစ်လ,ခုနစ်ရက်တို့ ပတ်လုံး ပူဇော်ပွဲကြီးကိုပြုပြီးလျှင် ပင့်ယူတော်မူ၏။ ထိုအခါ မိစ္ဆာဒိဋ္ဌိတို့သည် "ရဟန်းကြီးဂေါတမသည် ပရိနိဗ္ဗာန်ပြုလေပြီ၊ ထိုရဟန်းကြီး ဂေါတမ၏ ဓာတ်တော် အကျိုးငှါ ငါတို့၏ အသက်မွေးခြင်းကို ဖျက်ဆီးလျက် ပူဇော်ပွဲကြီးကို ပြု၏"ဟု ပြစ်မှား ကြကုန်၏၊ သိကြားမင်း သည် ဆင်ခြင်တော်မူသော အခါ ထိုသို့လျှင် ဘုရား၌ ပြစ်မှားသည်ကို သိတော်မူ၍ အရှင်မဟာကဿပမထေရ်အား လျှောက်ကြား၏၊ "အရှင်မဟာကဿပ.... မိစ္ဆာဒိဋ္ဌိတို့သည် ဘုရားအား ပြစ်မှားသောစိတ်ဖြင့် ဤလူ့ပြည်မှစုတေကြကုန်သည်ရှိသော် ငရဲ၌ များစွာဖြစ်ကြရ ကုန်၏၊ နောင်အခါ အမိအဘကို သတ်ကုန်သော မိစ္ဆာဒိဋ္ဌိမင်းတို့သည် ဖြစ်ကုန်လတ္တံ့၊ ယနေ့သာလျှင် ဓာတ်တော်တို့ကို မြှုပ်ထားခြင်းငှါ သင့်ပါသည်"ဟု လျှောက်ထားလေ၏။

* ပေမူမှ ယူဆောင်ထည့်သွင်းပြဆိုထားပါသည်၊

အရှင်မဟာကဿပ သည် အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူလတ်သော် ဓာတ်တော်တို့၏ အန္တရာယ်သည် နောင်အခါ ဖြစ်လတ္တံ့သည်ကို မြင်တော်မူ၍ အဇာတသတ်မင်းကြီးအား ဓာတ်တော်တို့ကို မြှုပ်နှံထားရန်ကို မိန့်တော်မူ၏၊ အဇာတသတ် မင်းကြီးသည်လည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ဓာတ်တော်တို့ မြှုပ်နှံရာ ဖြစ်သောနေရာကို ပြုလုပ်ပြီးသော အခါ အရှင်မဟာကဿပ မထေရ်အား လျှောက်ကြား၏၊ ထိုအခါ အရှင်မဟာကဿပ မထေရ်သည် ဓာတ်တော်တို့ကို သိမ်းယူတော် မူသောအခါ ဤအကြောင်းကို မြင်တော်မူ၏၊ "ရာမရွာ၌ ရှိသော ဓာတ်တော်တို့ကို နဂါးတို့သည် စောင့်ရှောက် သောကြောင့် ဘေးရန်မရှိ၊ နောင်သော အခါ လင်္ကာဒီပ၌ မဟာစေတီတည်လတ္တံ့" ဟု မြင်တော်မူ၏၊ ထိုရာမရွာ၌ ရှိသော ဓာတ်တော်တို့ကို ချန်ထားတော်မူ၍ ကြွင်းသော ပြည်ထောင်မင်းတို့၏ ဓာတ်တော် များကို သာလျှင် ထိုမင်းတို့၏ ကိုးကွယ်ပူဇော်ရရုံ အနည်းငယ်သော ဓာတ်တော်တို့ကို ချန်ထားတော်မူ၍ ကြွင်းသောဓာတ်တော်တို့ကို ဆောင်ယူတော်မူပြီးလျှင် အဇာတသတ်မင်းကြီးအား ပေးတော်မူ၏။

**ဓာတ်တော်တိုက် အခမ်းအနား**

ထိုအခါ အဇာတသတ်မင်းကြီးသည် သီဟိုဠ်ကျွန်း ထူပါရုံစေတီ ပမာဏ ရှိသော ကျောင်းတော်ကို ပြုစေ၏၊ ထိုကျောင်းတော်၏ အတွင်း၌ ဓာတ်တော်တို့ကို ထားပြီးလျှင် ထိုကျောင်းတော်၏ အပေါ်၌ ရွှေဖြင့် ပြီးသော ကျောင်း, ငွေဖြင့်ပြီးသော ကျောင်း, ဖလ်ဖြင့်ပြီးသော ကျောင်းတို့ကို ဆင့်ကာ ဆင့်ကာ ပြုလုပ်စေရကား ပြင်ဆုံးဖြစ်သော ကျေးပြားသို့ ရောက်အောင် အထပ်ပေါင်း တရာ့ခြောက်ဆယ့်လေးထပ် ရှိ၏၊ ဓာတ်တော်ဌာပနာတိုက်၌ သဲကို ကြဲဖြန့်လျက် အထူးထူးသော ပန်းနံ့သာတို့ဖြင့် ကောင်းစွာ ခင်းထားလေ၏၊ နံဘေးရှစ်ဘက်တို့၌လည်း ရှစ်ကျိပ်သော သာဝကတို့၏ ရုပ်ပုံတော်, ငါးရာ့ငါးဆယ်သော ဇာတ်, သုဒ္ဓေါဒနမင်း, မဟာမာယာ, မဟာပဇာပတိဂေါတမီ အစရှိသော ရုပ်ပုံတို့ကိုပင် ရွှေဖြင့်ပြီးသည်ကိုသာလျှင် ပြုစေ၏၊ ရွှေတံခွန်ငါးရာ, ငွေတံခွန်ငါးရာတို့ကိုလည်း ပြုစေ၏၊ ရွှေငွေရတနာဖြင့် ပြီးကုန်သော ငါးရာကုန်သောအိုးကြီးတို့ကိုလည်းထားစေ၏၊ ငါးရာစီရှိသော ရွှေငွေသိမ်း

ခွက်တို့၌ နံ့သာဆီတို့ဖြင့် ပြည့်စေပြီးလျှင် မီးပူဇော်လျက် ထက်ဝန်းကျင်၌ ထားစေ၏။

ဓာတ်တော်တို့ကို ဌာပနာပြီးသော အခါ အရှင် မဟာကဿပသည် "ဤဆီမီးပန်းနံ့သာတို့သည် ထားသည် အတိုင်း တည်စေသတည်း"ဟု အဓိဋ္ဌာန်တော်မူ၏၊ "နောင်သော အခါ ဓမ္မာသောကမင်းသည် ဤဓာတ်တော်တို့ကို ယူ၍ပျံ့နှံ့စေလတ္တံ့" ဟု ရွှေပေ၌အက္ခရာတို့ကိုလည်း ရေးသား၍ ထားစေ၏၊ ထိုနောက် ဝိသုကြာ နတ်သားသည် ဓာတ်တော်ကြုတ်၏ ထက်ဝန်းကျင်၌ လေ၏အဟုန်ကဲ့သို့ လျင်မြန်သော လက်နက်စွဲကိုင်သော ယန္တရားရုပ် တို့ကို ထားပြီးမှ အထက်၌ကျောက်ဖျာဖြင့် ဖုံး၍ ထိုကျောက်ဖျာ၏ အထက်၌ မြေမှုန့်တို့ကို ဖုံးထားပြီးသော် အပေါ်ထပ်၌ ကျောက်စေတီ တည်၍ ထား၏၊

ပရိနိဗ္ဗာန် စံတော်မူခန်း ပြီး၏။

---

## ၃။ အဆက်ဆက် ဓာတ်တော်ဆောင်ခန်း

နလာဋဓာတ်
နဖူးသင်းကျစ်တော်

ဓာတ်တော်တို့ကို ဝေဘန်သောအခါ နလာဋဓာတ် နဖူးသင်းကျစ်တော်မြတ်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ ရသောအဘို့၌ ပါဝင်၏၊ အရှင်မဟာကဿပသည် ကုသိနာရုံပြည်သို့ ကြွလာတော်မူပြီးသော် ဤသို့မိန့်တော်မူ၏၊ "နလာဋဓာတ် သင်းကျစ်တော်မြတ်ကို မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိတော်မူစဉ်သာလျှင် သီဟိုဠ်ကျွန်း၌ ခွင့်ပြုတော်မူခဲ့၏၊ ထို့ကြောင့်သင်းကျစ်တော်ကို ပင့်ယူရန် ငါကြွလာခဲ့သည်၊ သင်းကျစ်တော်ကို ငါ့အားပေးကြကုန်"ဟု မိန့်တော်မူ၏၊ မလ္လာမင်းတို့သည်လည်း အရှင် မဟာကဿပ မထေရ်အား ပေးကြကုန်၏။

၁။ အရှင်မဟာကဿပ မထေရ်သည်လည်း မိမိ၏တပည့်ဖြစ်သော မဟာနန္ဒ မထေရ်ကို ခေါ်တော်မူပြီးလျှင် နဖူးသင်းကျစ်တော်ကို အပ်နှင်း၍ ဤသို့ မိန့်တော် မူ၏၊ ဤသင်းကျစ်တော်ကို သီဟိုဠ်ကျွန်း၌ မဟာဝါလုက ဂင်္ဂါမြစ်၏ လက်ျာဘက်ကမ်း၌ သေချမည်သော အိုင်၏ အဆုံး၌ဟည်သော သရဘ မည်သော

အိုင်၏ထိပ်၌ ကာကဝဏ္ဏ တိဿမင်းကြီးသည် စေတီနှင့်တကွ သံဃာ့အာရာမ်ကို ပြုလတ္တံ့၊ ငါ့ရှင်သည် ဤနဖူးသင်းကျစ်တော်ကို ပင့်ယူပြီးလျှင် ဝေသာလီပြည် မဟာဝုန်တော၌ စုလစ်မွန်းချွန်တပ်သော ဇရပ်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဂန္ဓကုဋိ၌ ထားလေလော့၊ ပရိနိဗ္ဗာန် ပြုချိန်နီးသော အခါ ငါ့ရှင်၏ တပည့်ဖြစ်သော စန္ဒဂုတ္တမထေရ်အား ဓာတုဝင် အကြောင်းကို ဟောကြားပြီးလျှင် မမေ့မလျော့ စောင့်ရှောက်လေလော့”ဟု မိန့်တော်မူပြီးလျှင် နောက်ကာလ၌ အရှင်မဟာကဿပသည် ပရိနိဗ္ဗာန်ပြုတော် မူ၏။

၂။ အရှင် မဟာနန္ဒ မထေရ်သည်လည်း သင်းကျစ်တော်ကို စောင့်ရှောက်လျက် ပရိနိဗ္ဗာန်ပြုချိန်နီးသော အခါ ဓာတုဝင် အကြောင်းကို ဟောကြားတော်မူပြီးလျှင် တပည့်ဖြစ်သော အရှင်စန္ဒဂုတ္တမထေရ်အား အပ်နှင်းတော်မူပြီးနောက် ပရိနိဗ္ဗာန်ပြုတော်မူ၏။

၃။ အရှင်စန္ဒဂုတ္တမထေရ်သည် သင်းကျစ်တော်ကို ပင့်ယူပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးတော် မူသော ဂန္ဓကုဋိ၌ ပူဇော်လျက် နေတော်မူ၏၊ ထိုအရှင်မြတ်သည်လည်း ပရိနိဗ္ဗာန် ပြုချိန်နီးသောအခါ တပည့်ဖြစ်သော ဘဒ္ဒသေန မထေရ်အား ခေါ်တော်မူပြီးလျှင် ဓာတုဝင် အကြောင်းကို ဟောကြားတော်မူလျက် သင်းကျစ်တော်ကို အပ်နှင်းပြီးနောက် ပရိနိဗ္ဗာန် ပြုတော်မူ၏၊

၄။ ဤနည်းအားဖြင့် ဘဒ္ဒသေန မထေရ်သည် ဓမ္မစကြာတရားဟောတော်မူရာ ဖြစ်သော ဣသိပတန ဝိဟာရ ကျောင်းတော်၌ စောင့်ရှောက်တော်မူ၏။

၅။ ထိုမထေရ်၏တပည့်ဖြစ်သော ဇယသေနမထေရ်သည် သင်းကျစ်တော်ကိုပင့်ယူပြီးလျှင် ဝေဠုဝန်ကျောင်းတော်၌ စောင့်ရှောက်တော်မူ၏။

၆။ ထိုမထေရ်၏ တပည့်ဖြစ်သော မဟာ သံဃ ရက္ခိတ မထေရ်သည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတော်၌ စောင့်ရှောက်တော်မူ၏၊ ပရိနိဗ္ဗာန်ပြုချိန် နီးသောအခါ တပည့်ဖြစ်သော မဟာဒေဝမထေရ်အား ခေါ်တော်မူပြီးလျှင် ဓာတ်တော်၏အကြောင်းကို ဟောကြားတော် မူလျက် အပ်နှင်းပြီးနောက် ပရိနိဗ္ဗာန်ပြုတော်မူ၏။

၇။ မဟာဒေဝ မထေရ် သည်လည်း သင်းကျစ်တော်ကို ပင့်ယူပြီးလျှင် ဒေဝါနံပိယတိဿမင်းကြီး၏ ညီတော်ဖြစ်သော မဟာနာဂအိမ်ရှေ့မင်းသည် မဟာဂါမ၌ မင်းပြုသောအခါ တံခုသော ဇနပုဒ်၏ အနီးဖြစ်သော ကုက္ကုဋတောင်ကြား အင်ကြင်းပင်ကြီး၏အနီး၌ ကောင်းကင်မှ သက်ဆင်းပြီးလျှင် သီတင်းသုံးတော်မူ၏။

**အိမ်ရှေ့မင်း ဓာတ်တော်ရှာခြင်း**

ထိုအခါ မဟာကာဋမည်သော ဥပါသကာသည် မိမိ၏ သားမယားတို့နှင့်တကွ ပန်းနံ့သာတို့ကို ယူပြီးလျှင် တခနသုံးကြိမ်ပူဇော်လျက် ကြာမြင့်စွာနေလေ၏၊ ဥပုသ်နေ့တို့၌ ဓာတ်တော်မှ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏၊ ထိုသင်းကျစ်တော် ရှိတော်မူသော အရပ်သည် ဘုရားရှင်ထင်ရှား ရှိတော်မူသော အခါကဲ့သို့ ဖြစ်၏၊ ဇနပုဒ်၌ နေသော သူတို့သည်လည်း မဟာဒေဝမထေရ်၏ အထံ၌ သီလဆောက်တည်ခြင်း, ဒါနပြုခြင်း,သင်းကျစ်တော်အား ပူဇော်ခြင်းတို့ကို ပြုကြကုန်၏၊ ထိုနောက် မဟာနာဂမင်းသည် မဟာဂါမ၌ စည်ကိုလှည့်လည်စေ၏၊ "အကြင်သူသည် မြတ်စွာဘုရား၏ ဓာတ်တော်ကိုယူပြီးလျှင် ဤအရပ်သို့လာ၏၊ ထိုသူအား များစွာသော စည်းစိမ်ချမ်းသာကို ပေးမည်"ဟု စည်လည်စေ၏။

ထိုအခါ မဟာကာဋသူကြွယ်သည် မဟာနာဂမင်းကိုဖူးမြင်အံ့ဟု ကြံပြီးလျှင် လက်ဆောင် ပဏ္ဏာကိုယူလျက် မင်း၏ တံခါးဝ၌ နေပြီးသောအခါ သတင်းစကားကို လျှောက်ကြားစေ၏၊ အိမ်ရှေ့မင်းသည် သူကြွယ်ကိုခေါ်စေသောအခါ သူကြွယ်သည် နန်းတော်သို့ ဝင်ပြီးလျှင်

ရှိခိုးပြီးလတ်သော် လက်ဆောင်တော် ကို မင်းချင်းယောကျ်ားတို့အား အပ်နှင်း၏၊ အိမ်ရှေ့မင်းကြီးသည် "ဦးရီးတော်မဟာကာဋ္ဌ....ဦးရီးတော်တို့၏ဇနပုဒ်၌ ဂေါတမဘုရား၏ ဓာတ်တော်ရှိသလော"ဟု မေး၏၊ ထိုအခါ မဟာကာဋ္ဌသူကြွယ်လည်း "အရှင်မင်းမြတ်.... ကျွန်ုပ်တို့၏ မထေရ်၏အထံ၌ မြတ်စွာဘုရား၏ နလာဋဓာတ် သင်းကျစ်တော် မြတ်သည်ရှိပါ၏" အစရှိသည်ဖြင့် သင်းကျစ်တော်၏ အကြောင်းအရာ အလုံးစုံတို့ကို လျှောက်ကြားလေ၏။

မဟာကာဋ္ဌသူကြွယ်၏ စကားကို ကြားတော်မူသောအခါ မင်းကြီးအား ငါးပါးသောပီတိ တို့ဖြင့် ပြည့်သော ကိုယ်ကာယသည် ဖြစ်လေ၏၊ အလွန့်ဝမ်းမြောက်တော်မူသည်ဖြစ်၍ အသပြာတသိန်းကိုဎင်း, သိန္ဓောမြင်းလေးကောင် ကသော ရထားကိုဎင်း, ရွှေတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သောမြင်းတစီးကိုဎင်း, ရေနှင့် ပြည့်စုံသော နေရာ၌ လယ်ကိုဎင်း, ကျွန်မငါးရာကိုဎင်း, ကြွင်းသောတန်ဆာတို့ကိုဎင်း ပေးစေပြီးလျှင် ထိုနေ့၌သာလျှင် မြို့ကိုစည်လည်စေ၍ ဆင်, မြင်း, ရထားတို့ကိုယူပြီးလျှင် သူကြွယ်ကိုလမ်းပြစေလျက် ဇနပုဒ်သို့ သွားတော်မူ၏၊ ဇနပုဒ်သို့ရောက်သောအခါ မွေ့လျော်ပျော်ဘွယ်ရာ အရပ်၌ တဲနန်းကို ဆောက်လုပ်စေ၏။

**သင်းကျစ်တော်ကို အိမ်ရှေ့မင်း ဖူးမျှော်ခြင်း**

ထိုနောက် ထိုတဲနန်းတော်မှ အမတ်အပေါင်း ခြံရံပြီးလျှင် သူကြွယ်ကို ခေါ်တော်မူလျက် မထေရ်၏ အထံသို့ သွားပြီးသောအခါ သင့်တင့်လျောက်ပတ်သောအရပ်၌ နေတော်မူ၏၊ ကြွင်းသောမင်း, အမတ်, သူကြွယ်တို့သည်လည်း မထေရ်ကိုရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သော အရပ်၌ နေကြကုန်၏၊ အိမ်ရှေ့ မင်းကြီးသည် မထေရ်နှင့်သင့်တင့်လျောက်ပတ်သော ပဋိသန္ထာရစကားကို ပြောဆိုလေ၏၊ ထိုအခါ မထေရ်သည်"မင်းကြီး.... အဘယ်အကြောင်းကြောင့် ဤအရပ်သို့ လာသနည်း"ဟု မေးတော်မူ၏၊ ထိုအခါ အိမ်ရှေ့မင်းသည် "အရှင်ဘုရားတို့၏အထံ၌ မြတ်စွာဘုရား၏ နလာဋဓာတ်နဖူးသင်းကျစ်တော်မြတ်သည်ရှိ၏ဟု ကြားပါ၏၊ ထိုဓာတ်တော်ကို ဖူးမျှော်လိုသောကြောင့် လာပါသည်"ဟု လျှောက်ထားလေ၏၊ ထိုအခါမထေရ်သည်

"မင်းကြီး၏လာခြင်းကား ကောင်းသော လာခြင်းပေတည်း" ဟု မိန့်တော်မူပြီးလျှင် ခတ်တော်ကျောင်း၏ဘံခါးကို ဖွင့်တော်မူပြီးသောအခါ "မင်းကြီး…. နဖူးသင်းကျင်ခာတ်တော်ကို အလွန်ဖူးမြင်ရခဲ၏" ဟု မိန့်တော်မူ၏။

မင်းကြီးလည်း တဆယ့်ခြောက်လုံးသော နှံ့သာရေတို့ဖြင့် ရေချိုးတော်မူပြီးလျှင် တန်ဆာဆင်ယင်လျက် လက်ဝဲတဘက် ပခုံးထက်၌ ကိုယ်ဝတ်စမွယ်တင်သည်ကိုပြု၍ လက်အုပ်ချီလျက်ရပ်လေ၏၊ ထိုအခါ ဘုရားလျှင် အာရုံရှိသောပီတိဖြင့် ကိုယ်ကာယသည် ပြည့်သောအဖြစ်သို့ ရောက်လေ၏၊ မင်းကြီးလည်း ပီတိအဟုန်ဖြင့် ခာတ်တော်မြတ်ကို ဂါထာဗန္ဓတို့ဖြင့် ရှိခိုးတော်မူ၏၊ ထိုခဏ၌ နဖူးသင်းကျစ်တော်မှ ခြောက်သွယ်သော ရောင်ခြည်တော် တို့သည် လွှတ်တော်မူ၏၊ အလုံးစုံသော သီဟိုဠ်ကျွန်းသည် ရွှေရည်တို့ဖြင့် သွန်းလောင်းဘိသကဲ့သို့ဖြစ်၏၊ မင်းကြီးအား များစွာ နှစ်သက် ဝမ်းမြောက်ခြင်းသည် ဖြစ်တော်မူ၏၊ ထိုအိမ်ရှေ့မင်းကြီးသည် ခာတ်တော်ကျောင်းတော်မှ ထွက်တော်မူပြီးလျှင် မထေရ်နှင့်တကွ တန်ဆာဆင်အပ်သောမဏ္ဍပ်၌ ခြောက်ပါးသော အပြစ်ရှိသော နေရာတို့ကို ကြဉ်ရှောင်ပြီးလျှင် လျှောက်ပတ်သော နေရာ၌ နေထိုင်တော်မူ၏။

**အပြစ်ရှိသော အရပ်ခြောက်ပါး**

ခြောက်ပါးသော နေရာတို့ ဟူသည်ကား–အလွန်ဝေးသောအရပ်, အလွန် နီးသောအရပ်, လေ၏ အထက်ဖြစ်သောအရပ်, မြင့်သောအရပ်, ရှေ့ရှုဖြစ်သော အရပ်, နောက်ဖြစ်သော အရပ်တို့တည်း၊ ထို ခြောက်ပါးတို့တွင် အလွန်ဝေးသောအရပ်၌ နေသောသူသည် စကားပြောဆိုသောအခါ ကျယ်စွာသော အသံဖြင့် ပြောဆိုရ၏၊ အလွန်နီးသော အရပ်၌ နေသောသူသည် ရောနှောခြင်းကိုပြု၏၊ လေထက်၌ နေသောသူသည် ကိုယ်နံ့တို့ဖြင့် နံခြင်းကိုပြု၏၊ မြင့်သောအရပ်၌ နေသောသူသည် မရိုသေခြင်းကိုပြု၏၊ ရှေ့ရှုအရပ်၌ နေသောသူသည် မျက်စိချင်းထိခိုက်၍ ကြည့်ရှုရ၏၊ နောက်၌နေသောသူသည် လည်ကိုလှည့်၍ ကြည့်ရှုရခြင်းကိုပြု၏၊ ထို့ကြောင့် ထိုနေရာခြောက်ပါးတို့ကို ကြဉ်ရှောင်လျက် နေတော်မူ၏။

**သင်းကျစ်တော်ကို ပင့်ဆောင်ခြင်း**

ထိုသို့နေတော်မူပြီးသောအခါ မင်းကြီးသည်''အရှင်ဘုရား....ဤ နလာဋဓာတ် နဖူး သင်းကျစ်တော်မြတ်ကို ဘုရားတပည့်တော်အား ပေးတော်မူပါ၊ ကြီးကျယ်စွာသော ပူဇော်ခြင်းကိုပြုလျက် ပင့်ယူပါမည်'' ဟု လျှောက်၏၊ ''မြတ်သောအိမ်ရှေ့မင်းကြီး....မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်သာလျှင် သင်မင်းကြီးတို့၏ အနွယ်၌ဖြစ်သော ကာကဝဏ္ဏတိဿမင်းကြီးသည် ဤကျွန်း၌ မဟာဝါလုက ဂင်္ဂါမြစ်၏ လက်ျာဘက်ကမ်း သေရမည်သော အိုင်၏အဆုံး၌ သရဘမည်သော အိုင်ထိပ်၌ စေတီကြီးကို တည်ထားလတ္တံ့''ဟု ဗျာဒိတ် ကြားတော်မူ၏၊ ထိုစေတီနေရာ၌ မြတ်စွာဘုရားသည် ရဟန္တာငါးရာတို့ဖြင့် ခြံရံတော်မူလျက် သမာပတ်ကို ဝင်စားတော်မူပြီးလျှင် ကြွသွားတော်မူ၏၊ ထို့ကြောင့် ''အိမ်ရှေ့မင်းမြတ်....ဤ သင်းကျစ်တော်ကို ယူလော့''ဟု ပေးတော်မူ၏။

အိမ်ရှေ့မင်းကြီးသည်လည်း နလာဋဓာတ် နဖူးသင်းကျစ်တော်မြတ်ကို ပင့်ယူရန် ဤသို့စီစဉ်တော်မူ၏၊ လေးထောင့်ပလ္လင်၌ဓာတ်တော် ကြုတ်ကို ထားပြီးလျှင် ထိုကြုတ်၌ဓာတ်တော်ကို ထည့်ပြီးသောအခါ ကုမုဒကြာဖြူအဆင်းရှိသော မင်္ဂလာ သိန္ဓောမြင်းကသော ရထားပေါ်၌ ဓာတ်တော်ကြုတ်ကို ထားတော်မူ၏၊ ထက်ဝန်းကျင်၌ အစောင့်အရှောက်ကို စီရင်တော်မူလျက် အင်္ဂါငါးပါးရှိသော တူရိယာတို့ကို တီးမှုတ်စေ၏၊ နောက်တော်၌ လူအပေါင်းတို့ကို လိုက်စေ၏၊ မဟာဒေဝမထေရ်၏အထံတော်သို့ သွားပြီးလျှင် ''အရှင်ဘုရားတို့သည် ဓာတ်တော်ကို ပူဇော်လုပ်ကျွေးခြင်းငှါ ကြွတော်မူပါ''ဟု ပင့်လျှောက်၏။

မဟာဒေဝ မထေရ်သည်လည်း ''မြတ်သောမင်းကြီး....ဤ ဓာတ်တော်ကို အဆက်ဆက်အားဖြင့် စောင့်ရှောက်အပ်ပြီ၊ ငါသည် ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော အရှင်မဟာ အာနန္ဒာနှင့်တူ၏၊ ဤ ဓာတ်တော်ကို ပူဇော်လုပ်ကျွေးအံ့'' ဟု မိန့်တော်မူပြီးလျှင် မိမိ၏ ပစ္စည်းလေးပါး ဒါယကာဖြစ်သော သူကြွယ်ကို ပန်ကြားတော်မူ၍ သပိတ်သက်နုံးကို ယူတော်မူပြီးသောအခါ ဝါကြော်ကို စောင့်ရှောက်လျက် နောက်၌ကြွတော်၏၊ မင်းကြီးသည် ဤ အစီအစဉ်ဖြင့်

ဓာတ်တော်ကို မဟာဂါမသို့ ပင့်တော်မူ၏၊ မဟာဂါမသို့ ရောက်တော်မူသောအခါ မဟာသေနဂုတ္တမည်သော စစ်သူကြီးကို ခေါ်တော်မူပြီးလျှင် "မြို့ကိုတန်ဆာဆင်လေလော့"ဟု မိန့်တော်မူ၏။

သင်းကျစ်တော်
ပူဇော်ပွဲ

စစ်သူကြီး သည်လည်း မြို့၌ စည်လည် စေပြီးလျှင် "တဆယ့်ရှစ်ခုသော လမ်းတို့ကို သုတ်သင်ကြကုန်လော့၊ ရေပြည့်အိုးတို့ကို ထားကြကုန်လော့၊ တံခွန်ကုက္ကားတို့ကို စိုက်ထူကြကုန်လော့၊ တုရိုဏ်းတိုင်တို့ကို စိုက်ထူကြကုန်လော့၊အဆင်းငါးပါးရှိကုန်သောပန်းတို့ကို ကြဲကြကုန်လော့၊ တမြို့လုံးကို တန်ဆာဆင်ကြကုန်လော့၊ ပန်းနံ့သာတို့ကို ယူပြီးလျှင် ဖြူစင်သော အဝတ်ကို ဝတ်ဆင်ကုန်လျက် မြို့မှခရီးသို့ ရှေ့ရှုလာကြကုန်လော့"ဟု အမိန့်ပေး၏။

လူအပေါင်းတို့သည်လည်း တူရိယာ ငါးပါးတို့ကို တီးမှုတ်ကုန်လျက် ပန်းနံ့သာစသည်တို့ကို ယူကုန်လျက် ဓာတ်တော် ကြွလာမည့်လမ်း သို့ ရှေ့ရှုထွက်ကြကုန်၏၊ နတ်,လူ, ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့သည် အလွန်များကုန်၏၊ ပန်းနံ့သာစသည်တို့ဖြင့် ပြည့်သော အိုး, စိုက်ထောင်အပ်ကုန်သော တံခွန်တို့ဖြင့် ပြွမ်းကုန်သော ပရိသတ်တို့သည် များစွာသော ပုဆိုးတို့ကို မြှောက်လွှင့်ကြကုန်၏၊ ယုဂန္ဓိုရ်တောင်၌ လေတိုက်ခတ်အပ်သော သမုဒ္ဒရာသံ ကဲ့သို့ မြို့အလုံးသည် ပွဲတင်သံ ဖြစ်လေ၏။

ထိုအခါအိမ်ရှေ့မင်းကြီးသည် "နေ့ခင်းအိမ်၌ ရှိသော အလုံးစုံသော သူတို့ကို လွှတ်ကြကုန်၊ တရားနှင့်ညီညွတ်စွာ ဆုံးမကြကုန်"ဟု မိန့်တော်မူပြီးလျှင် ဓာတ်တော်ကို ပင့်တော်မူလျက် မြို့တွင်းသို့ သွင်းတော်မူ၏၊ နန်းတော်သို့ လာပြီးသောအခါ နန်းတွင်းသူတို့အား "ဓာတ်တော်ကို ရှိခိုးကြကုန်လော့"ဟု အမှတ်သညာကိုပေးတော်မူ၏၊ အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော နန်းတွင်းသူတို့သည်လည်း နန်းတော်မှ ထွက်ပြီးလျှင် ဓာတ်တော်ကို ရှိခိုးကြပြီးသောအခါ မိမိတို့၏ လက်၌ရှိသော တူရိယာတို့ကို ကောင်းစွာ တီးမှုတ်ကြကုန်လျက် မြတ်သောပူဇော်ခြင်းကို ပြုကြကုန်၏။

ထိုနောက် လက်သမားတို့ကို ခေါ်စေပြီးလျှင် နန်းတော်မှ မနီး မဝေးသောအရပ်၌ ဓာတ်တော်ကျောင်း ကို ဆောက်လုပ်စေ၏၊ ခြူးပန်း ခြူးနွယ်တို့ဖြင့် တန်ဆာဆင်လျက် ဆန်းကြယ်သော မဏ္ဍပ်ကိုလည်း ပြုစေ၏၊ ရတနာခုနစ်ပါးဖြင့် ပြီးသောဓာတ်တော်ကြုတ်၌ ဓာတ်တော်ကို ထည့်ပြီးလျှင် ရတနာပလ္လင်ထက်၌ထား၍ အထက်၌ ဆန်းကြယ်သော မျက်နှာကြက်ကိုပြုစေပြီးလျှင် ကန့်လန့်ကာ တင်းတိမ်တို့ကို ကာစေ လျက် မြတ်သော အခြံအရံတို့နှင့် တကွ မြတ်သော ပူဇော်ခြင်းကို ပြုတော်မူ၏၊

လူအပေါင်းတို့သည် ပန်းနံ့သာတို့ကိုယူကုန်လျက် လ၏ ထက်ဝက် ဥပုသ်နေ့တို့ပတ်လုံး ပူဇော်ကြကုန်၏၊ ဓာတ်တော်မှ ရောင်ခြည်တို့သည် ထွက်တော်မူကုန်၏၊ မြို့သူမြို့သားတို့သည် ဘုရားလျှင် အာရုံရှိသော ပီတိကို ရရှိကုန်သည်ဖြစ်၍ နေ့စဉ်ဓာတ်တော်ကို ပူဇော်ခြင်းတို့ဖြင့် အချိန်ကုန်စေကုန်၏၊ ငါးပါးသီလ ကို ဆောက်တည်ခြင်း, ရတနာသုံး ပါးကို ဆည်းကပ်ခြင်းတို့ကို ပြုကြကုန်၏။

**သင်းကျစ်တော်ကို စောင့်ရှောက်ကြခြင်း**

မင်းကြီးသည် "ဗြဟ္မစိုရ် တရားလေးပါးကို ပွားကြကုန်၊ အလှူပေးကြကုန်၊ သီလကိုစောင့်ကြကုန်၊ အမိအဘတို့အား လုပ်ကျွေးကြကုန်၊ ဂုဏ်သိက္ခာ ကြီးသော သူတို့၏ဝေယျာဝစ္စကို ပြုကြကုန်လော့"ဟု လူအပေါင်းတို့ အား ဆုံးမတော်မူ၏၊ ရဟန်းသံဃာအားလည်း ဂင်္ဂါမြစ်ရေစီးသကဲ့သို့ အလှူကြီးကိုလှူတော်မူ၏၊ ထိုအိမ်ရှေ့မင်းကြီး၏ အဆုံးအမ၌တည်သော သူတို့သည် ဒါနအစရှိသော ကောင်းမှုတို့ကို ပြုကြကုန်သောကြောင့် များ သောအားဖြင့် သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့လားကြကုန်၏။

၁။ အိမ်ရှေ့မင်းကြီးသည် ဓာတ်တော်ကို များစွာ ပူဇော်တော်မူ လျက် မဟာဂါမ၌ နေတော်မူ၏၊ ထိုမင်းကြီးပြုအပ်သော ကုသိုလ် ကောင်းမှုတို့သည်ကား—

၁။ လောကဝိဟာရ ကျောင်းတော်,

၂။ သဒ္ဓါဂိရိခကျောင်းတော်,

၃။ ကောဋိပဗ္ဗတကျောင်းတော်,

၄။ တရဂ်ဏာကျောင်းတော်,
၅။ သေလက ကျောင်းတော်,
၆။ တလာက ကျောင်းတော်—

အစရှိသည်တို့တည်း၊ ထိုကျောင်းတော်တို့ကို ဆောက်လုပ်စေပြီးလျှင် တိမိဋ္ဌကဓရမဟာအရိဋ္ဌ မထေရ်အား အလှူရေစက်ကို သွန်းချတော်မူပြီးလျှင် ကျောင်းတော်တို့ကို အပ်နှင်းတော်မူ၏၊ ဤသို့လျှင် မင်းကြီးသည် အသက်ထက်ဆုံး ဓာတ်တော်ကို ပူဇော်တော်မူလျက် နောက်ဆုံး နတ်ရွာစံတော် မူလတ္တံ့သော ညောင်စောင်း၌ အိပ်တော်မူလျက် ယဋ္ဌာလာယကတိဿ မည်သော သားတော်ကို ခေါ်စေပြီးလျှင် "သားတော်....ငါတို့သည် ပူဇော်အပ်သော နလာဋဓာတ် သင်းကျစ်တော်မြတ်ကို မမေ့မလျော့ ပူဇော်လေလော့"ဟု မိန့်တော်မူ၍ ဓာတုဝင်ကို ဟောကြားတော်မူပြီးလျှင် နတ်ရွာစံတော်မူ၏။

၂။ ယဋ္ဌာလာယက မင်းသားသည်လည်း ခမည်းတော် ဆုံးမတော်မူသည့်အတိုင်း ဓာတ်တော်ကိုပူဇော်လေ၏၊ တနေ့သုံးကြိမ်ဓာတ်တော်ကို ပူဇော်လျက် မင်းပြုတော်မူ၏၊ ထိုယဋ္ဌာလာယကမင်းသည်—

၁။ ဓမ္မသာလကျောင်းတော်,
၂။ မဟာဓမ္မသာလကျောင်းတော်,
၃။ သေလာယကျောင်းတော်-

အစရှိသော ကျောင်းတော်တို့ကို ဆောက်လုပ် စေပြီးသော အခါ မဟာအရိဋ္ဌ မထေရ်၏ တပည့်ဖြစ်တော်မူသော တိမိဋ္ဌကမဟာဘယ မထေရ်အား အလှူရေစက်ကိုသွန်းချ၍ လှူဒါန်းတော်မူ၏၊ ထိုမင်းသည်လည်း အသက်ထက်ဆုံးဓာတ်တော်ကို ပူဇော်တော်မူ၏၊ နတ်ရွာစံချိန်နီးသောအခါ သားတော် ဂေါဌာဘယမင်းသားကို ခေါ်စေပြီးလျှင် "ဓာတ်တော်ကို မမေ့မလျော့ ပူဇော်လေလော့"ဟု မိန့်တော်မူ၍ ဓာတုဝင်ကို ဟောကြားတော်မူပြီးလျှင် နတ်ရွာစံတော်မူ၏။

၃။ ထိုဂေါဌာဘယ မင်းသည်လည်း ခမည်းတော် ဆုံးမတော်မူသည့်အတိုင်းသာလျှင် ဓာတ်တော်ကို ပူဇော်လျက် မဟာဂါမ၌ မင်းပြု

သောအခါ ဒသဘာတိက မင်းတို့အား သတ်သေသောကြောင့် မိမိကိုယ်ကို ဒဏ်ပေးတော်မူခြင်းငှါ ဂေါ်ဋ္ဌာဘယ မထေရ်သည် ဇနပုဒ်၌ နေတော်မူစဉ်—

၁။ မတ္တိကလေဏကျောင်းတော်,

၂။ ခရသာလကျောင်းတော်,

၃။ နာဂ မဟာဝိဟာရကျောင်းတော်,

၄။ ကုမ္ဘသေလကျောင်းတော်,

၅။ စေတိယပဗ္ဗတကျောင်းတော်,

၆။ သာနုပဗ္ဗတကျောင်းတော်,

၇။ ကဏ္ဏိကာရသေလကျောင်းတော်,

၈။ သစ္စကလ္လကျောင်းတော်,

၉။ တိဏ္ဍကလေဏကျောင်းတော်,

၁၀။ ကရဏ္ဍကကျောင်းတော်,

၁၁။ ဂေါဓသာလကျောင်းတော်,

၁၂။ ဝါလုကတိတ္ထကျောင်းတော်—

အစရှိကုန်သော ဂင်္ဂါမြစ်၏ ထိုမှာဘက်ကမ်း၌ ငါးရာသော ကျောင်းတော်တို့ကိုလည်း, ဤမှာဘက်ကမ်း၌ ငါးရာသော ကျောင်းတော်တို့ကိုလည်း ဆောက်လုပ်စေပြီးလျှင် (မိမိနှင့်အမည်တူ) ဂေါဋ္ဌာဘယ မထေရ်အား အလှူရေစက်ကို သွန်းချပြီးလျှင် အပ်နှင်းတော်မူ၏၊ ထိုမင်းသည်လည်းအသက်ထက်ဆုံးဓာတ်တော်ကို ပူဇော်တော်မူလျက် နတ်ရွာစံချိန်နီးသောအခါ သားတော်ကာကဝဏ္ဏတိဿမင်းသားကို ခေါ်စေပြီးလျှင် "ဤနလာဋဓာတ် သင်းကျစ်တော်မြတ်ကို ငါတို့သည် အဆက်ဆက်အားဖြင့် ပူဇော်စောင့်ရှောက်အပ်ပြီ၊ မြတ်စွာဘုရားသည် နောင်အခါ ကာကဝဏ္ဏတိဿခင်းကြီးသည် မဟာဂင်္ဂါမြစ်၏ လက်ျာဘက်ကမ်း၌ သေချမည်သော အိုင်၏အဆုံး၌ရှိသော သရဘမည်သော အိုင်ထိပ်၌စေတီတည်ပြီးလျှင် သံယာ့အာရာမ်ကိုလည်း ပြုလည့် ဟု သက်တော်ထင်ရှားရှိစဉ် မှာဒိတ် တော်မူခဲ့အပ်၏၊ သားတော်သည် ဤဝယ်

တော်ကို ပင့်ယူပြီးလျှင် ထိုအိုင်ထိပ်၌ စေတီတည်လေလေ့”ဟု ဆိုးမ တော်မူပြီးလျှင် နတ်ရွာစံတော်မူ၏။

အဆက်ဆက်ဓာတ်တော် ဆောင်ခဏ်းပြီး၏။

---

## ၄။ အဓထွေထွေပကိဏ္ဏကခဏ်း

**စရကလုလင် အကြောင်း:**

ဤနေရာ၌ ကာကဝဏ္ဏတိဿမင်းကြီး၏ အဋ္ဌုပ္ပတ္တိကို ဆိုပေအံ့၊ မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးကာလ၌ *မလ္လာယတိုင်း၌ စရက မည်သော လုလင်ခင်ပွန်းတို့သည် သားတယောက်ကို ဘွားမြင်ပြီးနောက် ထိုသားအရွယ်သို့ ရောက်သောအခါ သားနှင့်သင့်လျော်သော သူငယ်မကို ဆောင်ယူကြပြီးလျှင် သားနှင့်ထိမ်းမြားကြလေ၏၊ ထိုနောက်အဘသည် သေလွန်သောအခါ သားသည်လည်း စရကလုလင်ဟူသောအမည်ဖြင့် ထင်ရှားလေ၏၊ ထိုစရကလုလင်သည် ပစ္စေကဗုဒ္ဓါကို ဆည်းကပ်လုပ်ကျွေး၏၊ အိမ်ခြံ၌ ၄က်ပျောပိန္နဲအစရှိသည်တို့ကို စိုက်ပျိုးလျက် ဥယျာဉ်ပြုလုပ်၏။

အခါတပါး၌ စိုက်ပျိုးအပ်သောဥယျာဉ်၌ အိုးကြီးပမာဏ ရှိသော ပိန္နဲသီးကို မြင်လတ်သော် အိမ်သို့ယူဆောင်ပြီးလျှင် အနှစ်ကို ထုတ်လျက်ကြည့်ရှု၏၊ ထိုခဏ၌ ထက်ဝန်းကျင်မှ စတုမဓုကဲ့သို့သောအရည်သည် စီးကျလျက် အနှစ်အိမ်၏အတွင်းကို ပြည့်လျက်တည်သည်ကိုမြင်သောအခါ “ဤပိန္နဲသီးကို တပါးသောသူတို့သည် သုံးဆောင်ခြင်းငှါ မထိုက်၊ ငါတို့၏ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်သာလျှင် ဘုဉ်းပေးတော်မူခြင်းငှါထိုက်၏”ဟု ကြံပြီးလျှင် သိုမှီး၍ထားလေ၏၊ မိုးသောက်သောနေ့၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် လိုဏ်ဂူမှ ထွက်တော်မူပြီးလျှင် ကိုယ်ဝတ် သက်န်းကိုရုံတော်မူလျက် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီးလျှင် စရကလုလင်၏ အိမ်တံခါး၌ ရပ်တော်မူ၏၊ စရကလုလင်သည် အိမ်မှထွက်ပြီးလျှင် သပိတ်တော်ကို ယူလျက် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ညောင်စောင်း၌နေစေပြီးသောအခါ ပိန္နဲသီး၏ အနှစ်ကို သပိတ်၌ ပြည့်စေ၍လှူ၏၊ ပစ္စေကဗုဒ္ဓါအရှင်သည်လည်း ဘုဉ်းပေးတော်မူပြီးလျှင် ကောင်းကင်ခရီးဖြင့် လိုဏ်ဂူသို့ ကြွတော်မူ၏။

* မဟာမလ္လ (မှက္ခ)

**မယား၏ ပရိယာယ်**

တနေ့သ၌ စရက လုလင်သည် အရပ်တပါးသို့ သွားခါနီးလတ်သော်မယားကိုခေါ်ပြီးလျှင်“ရှင်မ…. ငါတို့၏ အရှင်အား မမေ့မလျော့ လှူဒါန်းပါ”ဟု ဆိုပြီးလျှင် လှူဘွယ်ဝတ္ထုကိုပေး၍ အရပ်တပါးသို့သွားလေ၏၊ နောက်နေ့၌ အရှင်ပစ္စေကဗုဒ္ဓါသည် လိုဏ်ဂူမှထွက်တော်မူပြီးလျှင် သင်္ကန်းကို ရုံပြီးသောအခါ သပိတ်ကိုယူတော်မူလျက် ကောင်းကင် ခရီးဖြင့် ကြွတော်မူ၍ အိမ်တံခါးသို့ ရောက်တော်မူသောအခါ ကောင်းကင်မှ သက်ဆင်းတော်မူ၍ တံခါး၌ ရပ်တော်မူ၏၊ ထိုခဏ၌ စရကလုလင်၏ မယားသည် အိမ်မှထွက်ပြီးလျှင် သပိတ်တော်ကိုယူလျက် အရှင်ပစ္စေကဗုဒ္ဓါကို အိမ်၌နေစေပြီးသောအခါ ဆွမ်းကိုလှူလေ၏။

အရှင်ပစ္စေကဗုဒ္ဓါသည် ဆွမ်းဘုဉ်းပေးပြီး လတ်သော် စရကလုလင်၏မယားသည် အရှင် ပစ္စေကဗုဒ္ဓါ၌ ကိလေသာနှင့် ယှဉ်သောစိတ်ဖြစ်သောကြောင့် အရှင်ပစ္စေကဗုဒ္ဓါအား မိမိ၏အလိုကို ပြောဆိုလေ၏၊ အရှင်ပစ္စေကဗုဒ္ဓါသည် ရွံရှာတော်မူသောကြောင့် ကောင်းကင်ခရီးဖြင့် လိုဏ်ဂူသို့ကြွတော်မူ၏၊ ထိုစရကလုလင်၏မယားသည် အရှင် ပစ္စေကဗုဒ္ဓါ ကြွတော်မူသောအခါ မိမိ၏ကိုယ်ကို ဆိတ်တို့ဖြင့် လိမ်းကျံပြီးလျှင် ခိုက်ရန်ဖြစ်သကဲ့သို့ ညောင်စောင်း၌ အိပ်လေ၏၊ စရကလုလင်သည်လည်း အရပ်တပါးမှလာသောအခါ အိပ်နေသော မယားကိုမြင်လျှင် “ရှင်မ….အရှင်ပစ္စေကဗုဒ္ဓါအား လှူပါ၏လော” ဟု မေးလေ၏၊ မယားသည်လည်း ညည်းတွားလျက်“သင်၏အရှင် ပစ္စေကဗုဒ္ဓါ၏အမှုကို မမေးပါလင့်”ဟု ပြောဆိုလေ၏။

**ပစ္စေကဗုဒ္ဓါကို ပြစ်မှားမိခြင်း**

“ရှင်ပစ္စေကဗုဒ္ဓါသည် အဘယ်အမှုကိုပြုသနည်း” ဟု မေးသောအခါ “ထိုပစ္စေက ဗုဒ္ဓါသည် ငါ့ကို ကိလေသာ၏ အစွမ်းဖြင့် အခွင့်ပြုရန် အားထုတ်သော်လည်း ငါသည်မသင့်မလျော်ပါဟု ဆိုသောအခါ ငါ၏ဆံပင်ကို ဆွဲလျက် လက်ခြေတို့ကို ရိုက်နှက်ခြင်း, ကိုယ်ကိုလက်သီးဖြင့် နှိပ်စက်ခြင်း, ခေါင်းကိုပုတ်ခတ်ခြင်းကို ပြုလျက်သွားသည်”ဟု ပြောဆိုလေ၏၊ စရကလုလင်သည် ထိုစကားကိုကြားလျှင် သည်းမခံ နိုင်သောကြောင့် “ထိုသို့ သဘောရှိသော ရဟန်းအား ဂျွေးမွေးရသလော”ဟု ဆိုပြီး

လျှင် လေးကိုယူလျက် ထက်စွာသောမြှားကိုကိုင်၍ "ဤပစ္စေကဗုဒ္ဓါကို သတ်၍ ငါလာမည်"ဟု ပြောဆိုပြီးလျှင် ပစ္စေကဗုဒ္ဓါ၏နေရာသို့ သွားလေ၏၊

ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါသည် ရေချိုးရန်ကြွလာတော်မူပြီးသော အခါ ခါးပန်းကြိုးကို ကောင်းကင်၌ သက်န်းကြီးပြုလျက် ကိုယ်ဝတ် သင်းပိုင်တို့ကို ထိုကြိုး၌ထားပြီးလျှင် ရေသနုတ်တော်ကို ဝတ်လျက် ရေ၏အထက်၌ ထိုင်တော်မူပြီးလျှင် ရေသပ္ပါယ်တော်မူ၏၊ စရက လုလင်သည်လည်း အရှင်ပစ္စေကဗုဒ္ဓါကို မြင်သောအခါ ခြုံ၏အကြား ၌ ပုန်းကွယ်လျက်နေ၏၊ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါ၏ မကြည်နိုင် သော တန်ခိုးတော်ကို မြင်သောအခါ "ဤအရှင် ပစ္စေကဗုဒ္ဓါသည် ဤသို့ သဘောရှိသောအမှုကို မပြုတန်ရာ၊ ငါ၏မယားသည် မဟုတ်မမှန် သော စကားကိုပြောဆိုဘိ၏၊ ငါသည် မယား၏စကားကို ယုံကြည် မိ၍ အရှင်ပစ္စေကဗုဒ္ဓါကို ပြစ်မှားချေပြီ"ဟု ကြံစည်လျက်နေ၏၊

အရှင်ပစ္စေကဗုဒ္ဓါသည်လည်း ရေချိုးပြီးသောအခါ ရပ်တော် မူလျက် နေတော်မူ၏၊ ထိုအခါ စရကလုလင်သည် အရှင်ပစ္စေက ဗုဒ္ဓါ၏ ခြေတော်ရင်း၌ ဝပ်လျက် "ကျွန်ုပ်အား သည်းခံတော်မူပါ"ဟု ကန်တော့တောင်းပန်လေ၏၊ "ဥပါသကာ....အဘယ်စကားကို ပြော ဆိုသနည်း"ဟု မေးတော်မူသောအခါ စရကလုလင်သည် အကြောင်း အရာတို့ကို လျှောက်ထားလေ၏၊ ထိုအခါ အရှင် ပစ္စေကဗုဒ္ဓါသည် "ဥပါသကာ....သင်တို့၏အမှုကိုပြီးဆုံးစေ၍ သွားခြင်းငှါ သင့်၏"ဟု မိန့်တော်မူ၏၊ ထိုအခါ စရကလုလင်သည် "အရှင်ဘုရား....မသိသော ကြောင့် မယား၏စကားကို ယုံကြည်ပြီးလျှင် အရှင် ဘုရားတို့အား သတ်ရန်လာပါသည်"ဟု မိမိ၏အကြံအစည်ကို လျှောက်ကြား၏၊

အရှင်ပစ္စေကဗုဒ္ဓါသည် "ဥပါသကာ....သင်၏ မယားသည် မသူတော်တို့၏အမှုကို ပြုကျင့်ရန် ငါ့အား ပြောကြားသည်"ဟု မိန့် တော်မူ၏၊ ထိုအခါ စရကလုလင်သည် မယားကို အမျက်ထွက်သော ကြောင့် "ငါသည် မယားကိုအမှီပြု၍ ဤအရှင်အား ပြစ်မှားမိ၏၊ ထို မယားကိုသတ်အံ့"ဟု ကြံပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ သွား

လေ၏၊ အရှင်ပစ္စေကဗုဒ္ဓါသည် စရကလုလင်ကို ပြန်လာစေပြီးသော် မာတုဂါမကို မသတ်ရန် တရားဟောတော်မူလျက် ငါးပါးသီလ၌ တည်စေ၏။

စရကလုလင်သည်လည်း တရားတော်ကို ကြားနာပြီးသော အခါ ကြည်ညိုသောစိတ်ရှိသောကြောင့် ရှိခိုးပြီးလျှင် ဤသို့လျှောက်ထား၏၊ "တပည့်တော်သည် အိမ်သို့ရောက်သောအခါ ထိုမယားနှင့် ညီညွတ်စွာ နေပါမည်"ဟု လျှောက်၏၊ ထိုအခါမှစ၍ အသက်ထက်ဆုံးအရှင်ပစ္စေကဗုဒ္ဓါအား ပစ္စည်းလေးပါးတို့ကို လှူဒါန်းလျက် စောင့်ရှောက်လုပ်ကျွေးလေ၏၊ အရှင်ပစ္စေကဗုဒ္ဓါသည်လည်း ထိုလိုဏ်ဂူ၌ သီတင်းသုံးတော်မူလျက် အနုပါဒိသေသနိဗ္ဗာနဓာတ် ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏။

**အနုပါလက ဖြစ်လာခြင်း**

စရက လုလင်သည်လည်း သေသည်၏ အခြားမဲ့၌ နတ်ပြည်၌ ဖြစ်လေ၏၊ နတ်တို့၏စည်းစိမ်ကို ခံစားပြီးလျှင် စုတေလတ်သော် သီဟိုဠ်ကျွန်း မလယတိုင်း တခုသော လိုဏ်ဂူကြီး၏အနီး၌ ဥပစရကမည်သော ဥပါသကာ၏သား ဖြစ်လေ၏၊ * အနုပါလက သတ္တိသားဟု အမည်မှည့်ကြကုန်၏၊ ထိုအနုပါလကသတ္တိသားသည် သူငယ်တို့နှင့် ကစားကြသောအခါ သစ်ရွက်ထုပ်ဖြင့် သဲကိုထမင်းပြုလုပ်လျက် ချက်ပြီးလျှင် အလှူပေးသော ကစားခြင်းမျိုးကိုကစား၏၊ တနေ့သ၌ သဲပုံစေတီကိုတည်ပြီးလျှင် မိမိ၏ ကိုယ်ဝတ်ကို တံခွန်ကုက္ကားပြု၍ စေတီ၌ပူဇော်၏၊ နောက်ကာလ၌ လိုဏ်ဂူ၌ သီတင်းသုံးတော်မူသော မလ္လဒေဝအမည်ရှိသော မထေရ်ကို အမှီပြုပြီးလျှင် ဒါနအစရှိသော ကောင်းမှုတို့ကိုပြုလုပ်၍ ထိုဘဝမှ စုတေသည်ရှိသော် သီဟိုဠ်ကျွန်း မဟာဂါမ၌ ဂေါဌာဘယမင်းကြီး၏ သားတော်ဖြစ်လေ၏။

**ကာကဝဏ္ဏတိဿမင်း ဖြစ်လာခြင်း**

ကာကဝဏ္ဏတိဿမင်းသား ဟူသော အမည်ကို မှည့်ကြကုန်၏၊ အရွယ်သို့ရောက်သောအခါ ခမည်းတော် သေလွန်လတ်သော် ထီးဖြူကို စိုက်ထောင်လျက် မင်းပြုတော်မူ၏၊ မင်း၏အဖြစ်သို့ ရောက်

* အနုမာန (မှတ်ချက်)

တော်မူသောအခါ အလုံးစုံသော တိုင်းပြည်သည် သာယာဝပြော၍၊ ငါးရက်, ဆယ်ရက်တို့ကိုမလွန်မူ၍ မိုယ်းရွာ၏၊ ဝေဿန္တရာ ဘုရားလောင်း၏ အလှူတင်းကုပ်ကဲ့သို့ သူတောင်းစားတို့၏ ထမင်းခွက်ဖြစ်၏၊ ရေကန်, မြစ်,ချောင်း,အင်း,အိုင် အစရှိသည်တို့သည် ငါးပါးအပြားရှိသော ကြာမျိုးတို့ဖြင့် ပြည့်သောရေရှိကုန်၏၊ အထူးထူးသော ကောက်တို့ကိုစိုက်ပျိုးကြရကုန်၏၊ မြောက်ကျွန်း၌ အာလကမန္ဒာ မည်သော မင်းနေပြည်နှင့်တူ၏၊ ရွှေ,ငွေစသော ရတနာတို့၏ ဖြစ်ရာဖြစ်၏။

မင်းကြီးသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ များစွာသော ရဟန်းသံဃာအား ပစ္စည်းလေးပါးတို့ကို လှူတော်မူ၏၊ ပိဋကတ်သုံးပုံကို ဆောင်တော်မူကုန်သော ခြောက်ကျိပ်သော ရဟန်းတော် များအား စန္ဒကူးဖြင့် ပြုလုပ်အပ်သောကျောင်း၌ အကြိမ်တရာချက်အပ်သော ဆီဖြင့် ပြည့်စေလျက် နွယ်ချို, ဒန်ပူ,စတုမဓုကိုထည့်စေပြီးလျှင် လှူဒါန်းတော်မူ၏၊ နံနက်အခါ၌ သလေးဆန်ဖြင့် စီရင်အပ်သော ယာဂုဆွမ်းစသည်တို့ကို လှူတော်မူ၏၊ အန္တရာဘတ်၌ တဆယ့်ရှစ်ပါး အပြားရှိသော ခဲဘွယ်ဘောဇဉ်တို့ကိုငင်း, အထူးထူးသော လက်သုတ် ဟင်းလျာနှင့်တကွ သလေးဆွမ်းကိုငင်း လှူတော်မူ၏၊ ဆွမ်းစားပြီး နောက်ကာလ၌ ရှစ်ပါးသော အဖျော်တို့ကိုလှူတော်မူ၏၊ ထိုမှတပါး များစွာသောရဟန်းတို့၏ အသုံးအဆောင် တို့ကိုလည်း လှူတော်မူ၏။

တနေ့သ၌ မင်းကြီးသည် မိမိ၏ တူတော်ဖြစ်သော အဘယမင်းသားကို နှမတော်ဖြစ်သော သောမဒေဝီမင်းသမီးနှင့် ထိမ်းမြားတော်မူပြီးလျှင် ဂိရိမြို့၌ နေစေ၏၊ ငင်းမင်းသားကို ဂိရိမြို့၌ မင်းပြုသောကြောင့် ဂိရိအဘယမင်းဟု ခေါ်၏၊ ထိုနောက် မင်းကြီးသည် မဟာဂါမ၌ နေတော်မူသောအခါ ရဟန်းတော်တပါး၏ကိုယ်တွင် သန်းကိုက်သော နေရာ၌ အနာဖြစ်လေ၏၊ ထိုအနာကို မင်းကြီး မေးတော်မူသော အခါ ရဟန်းသည် သန်းကိုက်သောနေရာ ဖြစ်ကြောင်းကို မိန့်တော်မူ၏၊ ထိုအခါ မင်းကြီးအား သံဝေဂဖြစ်တော်မူပြီးလျှင် ''အရှင်ဘုရား သန်းတို့သည် အဘယ်အဝတ်မျိုးတို့၌ မရှိပါကုန်သနည်း''ဟု မေးတော်မူလတ်သော် နူးညံ့ပြေပြစ်သောအဝတ်၌ မရှိကြောင်းကို မိန့်တော်မူ၏။

သတင်းငါးခု ဆောင်လာသောကျီး

ထိုအခါ မင်းကြီးသည် "ဤအရှင်မြတ်တို့၏အကျိုး ၄ါ နူးညံ့ပြေပြစ်သောအဝတ်ကို အဘယ်အခါ ရပါအံ့နည်း"ဟု ကြံစည်တော်မူ၏၊ ထိုနေ့၌ သာလျှင် ကမ္ဗဋ္ဌာန်းကို အားထုတ်ရာဖြစ်သော တန်ဆောင်း၌ သီတင်းသုံးတော်မူသော တိပိဋကတိဿမထေရ်သည် မင်းကြီးအား သီဟနာဒသုတ္တန်ကို ဟောတော်မူ၏၊ မင်းကြီးသည် မထေရ်အား ကြည်ညိုသောကြောင့် ကိုယ်ဝတ်ကိုလှူလိုသော်လည်း အဝတ်တထည်တည်းသာလျှင် မင်းကြီး၏ ကိုယ်၌ ကွင်းကျန်မည်ဖြစ်၍ မလျောက်ပတ်သောကြောင့် မလှူမူ၍ မထေရ်နှင့်သာလျှင် ပြောဆိုလျက် နေတော်မူ၏၊ ထိုခဏ၌ကျီးတကောင်သည် သရက်ပင်၏ သစ်ခက်ကြား၌ နားနေလျက် "အရှင်မင်းကြီးတို့အား တောင့်တချခြင်းမည်သည် မရှိ၊ ကြည်ညိုသောခဏ၌ သာလျှင် ဓမ္မကထိကအရှင်မြတ်တို့အား ကိုယ်ဝတ်ကို လှူလော့"ဟုဆို၏၊ ကျီးဆိုသော ခဏ၌သာလျှင် ကြည်ညိုသောကြောင့် မထေရ်အားကိုယ်ဝတ်ကို လှူတော်မူ၏၊ ထိုအခါ ကျီးသည် "အရှင်မင်းမြတ်····ငါသည် အရှင်မင်းကြီးတို့၏ ငါးခုသောသတင်းကို ယူဆောင်လျက် လာ၏။

၁။ ဝိဟာရဒေဝီမိဖုရားသည် သားတော်ကို ဘွားမြင်၏။

၂။ ဆင်မသည် သုရဝိရမည်သောဆင်ငယ်ကို တိတ္ထအိုင်၌ ဘွားမြင်၏။

၃။ ဂေါဋ္ဌာဘယ သမုဒ္ဒရာ၏အလယ်၌ လှေခုနစ်စင်းတို့သည် ဆိပ်ကမ်း၌ ဆိုက်ရောက်ကုန်၏။

၄။ မြောက်အရပ်၌ ရှိသော ဝဆုမာနတောင်ခြေ၌ နှစ်မင်းပယ်ပမာဏရှိသော လယ်မြေ၌ ထန်းလုံးခန့်ပမာဏရှိသော ရွှေတုံးတို့သည် ပေါ်ထွက်ကုန်၏။

၅။ ဂိရိတောင်ခြေ၌ရှိသော ကောဋုရဋ္ဌကကျောင်း၌ သီတင်းသုံးတော်မူသော ကောဋုရဋ္ဌက မထေရ်သည် ဂိရိတောင်ထိပ်၌ ထန်းနှနစ်ဆင့် ပမာဏရှိသော ကောင်းကင်သို့ ပျံကြွတော်မူပြီးလျှင် ပရိနိဗ္ဗာန်ပြုတော်မူ၏"။

ဟု ငါးခုသော သတင်းစကားကို ပြောကြားလေ၏၊ မင်းကြီးသည် ကျီး၏စကားကို ကြားတော်မူသော အခါ ပြုံးရယ်တော်မူ၏၊ မထေရ်

သည်''မင်းကြီး....အဘယ့်ကြောင့် ပြုံးရယ်သနည်း''ဟု မေးသောအခါ ကျိုးပြောဆိုသော စကားအလုံးစုံကို လျှောက်တော်မူ၏၊ မထေရ်သည် လည်း မင်းကြီး၏ ရှေးဘဝ၌ ပြုသောကောင်းမှုကို မြင်တော်မူ၍ ပြုံးရယ် တော်မူ၏၊ မင်းကြီးသည် ပြုံးရယ်ခြင်း၏ အကြောင်းကို မထေရ်အား လျှောက်ကြားသောအခါ ''မင်းကြီး....အခြားမဲ့ဖြစ်သောဘဝ၌ မလယ တိုင်း၌ အနုပါလက ဥပါသကာဖြစ်သောအခါ ပြုအပ်သောကောင်းမှု ကိုမြင်၍ ပြုံးရယ်သည်''ဟု မိန့်တော်မူ၏။

ထိုအခါ မင်းကြီးသည် လျှောက်တောင်းပန်အပ်သောကြောင့် ရှေး ဘဝ၌ ပြုအပ်သောကံကို အကျယ်အားဖြင့် ဟောကြားတော်မူ၏၊ မင်းကြီးသည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ ကိုယ်ဝတ်ကို လှူဒါန်းပြီး လျှင် သွားတော်မူ၏၊ ကောဠရဋ္ဌကကျောင်းသို့ သွားပြီးလျှင် မထေရ်၏ အလောင်းတော်ကို မီးပူဇော်ပြီးနောက် ဓာတ်တော်ကို ယူတော်မူပြီး လျှင် စေတီတည်၍ ကြီးစွာသော ပူဇော်ခြင်းကို ပြုတော်မူပြီးလျှင် မဟာဂါမသို့ ကြွမြန်းတော်မူ၍ ရွှေတုံးများကို ယူဆောင်စေပြီးလျှင် မင်းရင်ပြင်၌ထား၏၊ ခုနစ်စင်းသောလှေမှ အဝတ်တို့ကို ယူစေပြီးလျှင် ရဟန်းသံဃာအား သင်္ကန်းအကျီုင်္ဂါ လှူတော်မူ၏၊ မဟာဂါမ၏အနီး ၌လည်း ကျောင်းတော်ကို ဆောက်လုပ်စေ၏။

သောမမြို့ကို တည်ခြင်း၊

ကာကဝဏ္ဏတိဿ မင်းကြီးသည် သားတော် ဒုဋ္ဌ ဂါမဏိမင်းသားကို ခေါ်စေပြီးလျှင် ဂိရိမြို့သို့ သွား လျက်နေရန် အမိန့်ပေးတော်မူ၏၊ အမတ် တ ယောက်ကိုလည်း အဘအရာ၌ထားပြီးလျှင် သွား၍နေစေ၏၊ ဒုဋ္ဌဂါမဏိ မင်းသားသည် ဂိရိမြို့သို့ သွားသောအခါ ဂိရိအဘယ မင်းသားသည် စစ်သည်ဗိုလ်ပါနှင့်တကွ အရိုအသေပြုတော်မူ၏၊ ဒုဋ္ဌဂါမဏိ မင်းသား သည်လည်း ဂိရိမြို့သို့ ရောက်သောအခါ ဂိရိတောင်ခြေ၌ နေတော်မူ၏၊ အခါတပါး၌ မင်းနှစ်ပါးတို့သည် ဇာတ်ကိုအကြောင်းပြု၍ ငြင်းခုံ ခိုက်ရန်ဖြစ်ကြကုန်၏၊ ထိုအခါ ဂိရိအဘယမင်းသားသည် ငြင်းခုံခန သဖြင့် အကျိုးမရှိဟု ကြံစည်ပြီးလျှင် မိမိ၏ခင်ပွန်းဖြစ်သောသောမဒေဝီ မိဖုရားနှင့်တကွ စစ်သည်တော်တို့ကို ခေါ်ပြီးလျှင် ဒေါရမြို့ကို အစိုးရ သော မိတ်ဆွေဖြစ်သော သိဝမင်း၏ မြို့သို့သွား၏။

သိဝမင်းသည်လည်း ဂိရိအဘာဃမင်းနှင့်တကွ စစ်သည်တော်တို့ကို အရှိအသေပြုပြီးလျှင် အဝတ်အစားတို့ကို ပေးစေ၏၊ နှစ်ရက်သုံးရက်ကို လွန်လတ်သောအခါ လာရောက်ခြင်း၏ အကြောင်းကို မေးလေ၏၊ ဂိရိအဘယမင်းသည်လည်း အလုံးစုံသော အကြောင်းကို ပြောကြားလေ၏၊ ထိုအခါ သိဝမင်းသည် "မစိုးရိမ်လင့်၊နေထိုင်ရာအရပ်ကို ငါပြုလုပ်ပေးမည်" ဟု ပြောဆိုပြီးသောအခါ မြို့တည်ရာနေရာကို ရှာလတ်သော် သရဘအိုင်၏ အဆုံး၌ရှိသော မြေနေရာကိုမြင်၍ ထိုနေရာ၌ သောမဒေဝီမိဖုရားနှင့် တူသော အမည်ရှိသော အလွန်စည်ကား ကြီးကျယ်သောမြို့ကို တည်ထောင်ပြီးလျှင် ပေးလေ၏၊ ထိုအဘယမင်းသားသည်လည်း သောမမြို့၌ မင်းပြုလျက် နေတော်မူ၏။

**လကျ်ာခွယ်တော်ကို စေတီတည်ခြင်း**

ထိုနောက် သောမဒေဝီ မိဖုရားသည် "အရှင်မင်းမြတ်....ကျွန်ုပ်တို့၏ ပူဇော်ကိုးကွယ်ရာ ဖြစ်သော စေတီနှင့် ကျောင်းတော်သည် ဤမြို့၌ မရှိသောကြောင့် စေတီနှင့်ကျောင်းတော်ကို ပြုလုပ်ခြင်းငှါ သင့်ပါသည်" ဟု ပြောဆိုလေ၏၊ ထိုအခါ ဂိရိအဘယမင်းသည် ဝမ်းမြောက်သည်ဖြစ်၍ မြေနေရာကို ရှာလတ်သော် မြို့မှမနီးမဝေးသော အရပ်၌ အင်ကြင်းတောကိုမြင်လေ၏၊ ထိုအင်ကြင်းတော၌ မဟာအရိဋ္ဌမထေရ်၏ အနွယ်တော်ဖြစ်သော အရှင်မဟိန္ဒ မထေရ်သည် ခြောက်ကျိပ်သော ရဟန်းတို့နှင့် နေတော်မူ၏၊ ထိုမထေရ်ကိုမြင်လျှင် ကြည်ညိုသည်ဖြစ်၍ "ဤအင်ကြင်းတော၌ ကျောင်းတော်ဆောက်လုပ်ပါမည်" ဟု လျှောက်ထား၏၊ မထေရ်သည်လည်း ဆိတ်ဆိတ်နေသဖြင့် သည်းခံတော်မူ၏။

မင်းကြီးသည် မထေရ်ကို ရှိခိုးပြီးလျှင် မြို့သို့သွား၍ သောမဒေဝီအား ခေါ်ပြီးလျှင် "ငါတို့၏စိတ်အလိုသည် ပြည့်စုံခြင်းသို့ ရောက်ပြီ၊ ကျောင်းတော်ဆောက်လုပ်ရန် နှစ်သက်ဘွယ်သော မြေနေရာကို ရပြီ၊ အရှင်မဟိန္ဒသည် ခြောက်ကျိပ်သော ရဟန်းတို့နှင့် နေတော်မူ၏၊ ထိုမထေရ်အား ပင့်ညာဉ်ပေးပြီးလျှင် လာခဲ့သည်" ဟု ပြောဆိုလေ၏၊ သောမဒေဝီမိဖုရားသည်လည်း ဝမ်းမြောက်သည်ဖြစ်၍ "ကောင်းပါပြီ" ဟု ဝန်ခံတော်မူ၏၊ နောက်နေ့၌ မင်းကြီးသည် မိဖုရားကြီးနှင့်တကွ

မဒေဝရီ၏အထံတော်သို့သွားပြီးလျှင် လျှောက်ပတ်သော နေရာ၌ နေကြကုန်၏၊ မဒေဝရီသည် ထိုမင်းနှစ်ပါးတို့အား မဟာသမယသုတ္တန် ကို ဟောတော်မူ၏။

မင်းနှစ်ပါးတို့သည်လည်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ "ဘုရားရှင်၏ဓာတ်တော်ကို အဘယ်မှာ ရပါမည်နည်း"ဟု လျှောက်ထားကြကုန်၏၊ "မင်းကြီး....မစိုးရိမ်လင့်၊ ဓာတ်တော်ကို ငါတို့သိတော်မူအံ့" ဟု မိန့်တော်မူ၏၊ မင်းကြီးသည် ထိုအခါမှစ၍ ကျောင်းတော်နေရာကို သုတ်သင်ပြီးလျှင် အုဋ်လုပ်သော သူတို့ကို ခေါ်စေ၍ အုဋ်ကိုလုပ်စေပြီးသောအခါ စေတီတော်ကိုတည်စေ၏၊ (ပန်းတင်ခုံသုံးဆင့်၏ အထက်) ဓာတ်တော် ဌာပနာတိုက်သို့ ရောက်သောအခါ မင်းကြီးအား ပြောကြားကြကုန်၏၊ မင်းကြီးလာပြီးလျှင် မဒေဝရီအား "အရှင်ဘုရား....ဓာတ်တော် ဌာပနာတိုက်သည် ပြီးပါပြီ"ဟု လျှောက်ထား၏၊ အရှင်မဟိန္ဒသည် မိမိပူဇော်အပ်သောလက်ျာစွယ်တော်ကို မင်းကြီးအား ပေးတော်မူ၏။

မင်းကြီးသည် စွယ်တော်ကို ယူပြီးလျှင် ကောင်းသောနက္ခတ် အခါ၌ များစွာသောအခြံအရံတို့ဖြင့် ဓာတ်တော်ကို ဌာပနာပြီးလျှင် ရေပွက်, ကေလာသတောင်ထွဋ်နှင့် တူသော စေတီကို တည်စေ၏၊ ထိုနောက် ခြောက်ကျိပ်ကုန်သော ရဟန်းတော်တို့၏အကျိုးငှါ ခြောက်ဆယ်သော ပရိဝုဏ် တို့ကိုပြုစေ၍ မိဖုရားနှင့်တူသော အမည်ရှိကုန်သော ကျောင်းတော်တို့ကို ဆောက်လုပ်စေပြီးလျှင် အရှင်မဟိန္ဒ မဒေဝရီအား ရေစက်သွန်းချ၍ အပ်နှင်းတော်မူ၏၊ ပန်းနံ့သာတံခွန်တို့ကိုပြုလျက် တနေ့သုံးကြိမ် ဓာတ်တော်ကို ပူဇော်ခြင်းအစရှိသော ကောင်းမှုကို ပြုလျက် သောမမြို့၌ နေတော်မူ၏။

**သင်္ကျစ်တော်ကို ပင့်ဆောင်ခြင်း** ထိုနောက် ဝိဟာရဒေဝီ မိဖုရားကြီး၏ မောင်တော်ဖြစ်တော်မူသော * စူဠပိဏ္ဍပါတိကတိဿ မဒေဝရီသည် တနေ့သ၌ ကာကဝဏ္ဏတိဿ မင်းကြီး၏ အာယုသင်္ခါရကို ကြည့်ရှုတော်မူသောအခါ မကြာမီ နတ်ရွာစံမည်ကို သိတော်မူ၍ နောက်နေ့၌ မင်းကြီး၏နန်းတော်သို့ သွားပြီးလျှင် ဤသို့

* စူဠပိဏ္ဍပါတိယ (မှုကွဲ)

မိန့်တော်မူ၏၊ "မြတ်သောမင်းကြီး....မြတ်စွာဘုရားသည် မဟာဝါလုကဂင်္ဂါမြစ်၏ လက်ျာဘက်ကမ်း၌ သေရုအိုင်၏အဆုံး၌တည်သော သရဘအိုင်ထိပ်၌ ကာကဝဏ္ဏတိဿမင်းကြီးသည် ငါဘုရား၏ နဖူးသင်းကျစ်တော်ကို စေတီတည်လတ္တံ့ဟု ဗျာဒိတ်တော် ပေးအပ်ပြီ၊ မြတ်စွာဘုရား၏ ဗျာဒိတ်တော်ကို နှလုံးသွင်းလော့"ဟု မိန့်တော်မူ၏၊

ထိုအခါ မင်းကြီးသည် "ငါတို့၏ ကုသိုလ်ကောင်းမှုကို မပျက်စေမူ၍ စေတီတော်ကို တည်ခြင်းငှါ ထိုက်၏"ဟု မိန့်တော်မူ ပြီးလျှင် မထေရ်အား ဝန်ခံတော်မူ၏၊ သားတော် ဒုဋ္ဌဂါမဏိ မင်းသားကို ဂိရိမြို့မှ ခေါ်စေပြီးလျှင် မဟာဂါမ၌ နေစေ၏၊ "ငါမင်းကြီးသည် စေတီတည်ခြင်းငှါ ထွက်တော်မူမည်၊ အလုံးစုံသော စစ်သည်တော်နှင့်လူအပေါင်းတို့သည် ငါနှင့်တကွ လိုက်ကြကုန်လော့"ဟု မြို့၌ စည်လည်စေ၏၊ မင်းကြီးသည် ဈုဋ္ဌပိဏ္ဍပါတိကတိဿ မထေရ်, မဟာဝိဟာရ၌ အရှင်သာဂလ မထေရ်၊ ထိုမထေရ် နှစ်ပါးတို့၏ အထံသို့ သွားပြီးလျှင် "အရှင်ဘုရားတို့၏အခြံအရံဖြစ်ကုန်သော ငါးရာကုန်သော ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် ဓာတ်တော်ကို စောင့်ရှောက်တော် မူကုန်လျက် ကျွန်ုပ်နှင့်တကွ ကြွတော်မူပါ"ဟု လျှောက်ထား၏။

မင်းကြီးသည် ကောင်းသော လ,နေ့,နက္ခတ် အခါ၌ တဲနန်းကို စီရင်ပြီးသောအခါ ဓာတ်တော်ကျောင်းမှ ဓာတ်တော်ကြုတ်ကို ပင့်ဆောင်တော်မူပြီးလျှင် တန်ဆာဆင်အပ်သော ရထား၌ ထား၍ ထီးဖြူကိုမိုးလျက် ဓာတ်တော်ကို ပင့်ဆောင်တော်မူ၏၊ ထိုနောက် မင်းကြီးသည် သားတော် သဒ္ဓါတိဿ မင်းသား, ဝိဟာရဒေဝီမိဖုရား, စူဠပိဏ္ဍပါတိကတိဿမထေရ်,ထိုမထေရ်၏ အခြံအရံ ဖြစ်ကုန်သော ငါးရာကုန်သော ရဟန်းများ၊ ဤအလုံးစုံတို့ကို ဓာတ်တော်၏နောက်၌ လိုက်စေ၏၊ ဒီဃဝါပိအရပ်သို့ ရောက်သောအခါ သဒ္ဓါတိဿမင်းသားကို ထိုအရပ်၌ နေစေ၏၊ အစဉ်အတိုင်းသွားတော်မူ၍ သုမနမာလာဝုဋ္ဌိ အရပ်၌ တဲနန်းတော်ကို ပြုစေလျက် နေတော်မူ၏။

အဘယ့်ကြောင့် သုမနမာလာဝုဋ္ဌိ မည်သနည်း ဟူငြားအံ့၊ သုမနနဂါးမင်းသည် ခုနစ်ရက်ပတ်လုံး နဂါးတို့၏ စည်းစိမ်၌ မွေ့လျော်၏၊

ခုနစ်ရက်ကိုလွန်သောအခါ နဖူးသင်းကျစ်တော်ကို မင်းကြီးပင့်ဆောင်လာကြောင်းကို သိ၍ ဝမ်းမြောက်ခြင်းသို့ ရောက်၏၊ မိမိ၏ အခြံအရံဖြစ်ကုန်သော ခြောက်ကုဋေသော နဂါးတို့ကိုခေါ်ပြီးသောအခါ ဓာတ်တော်သို့ ရှေ့ရှုသွားပြီးလျှင် ဓာတ်တော်တည်တော်မူလတ္တံ့သောနေရာ၌ မလေးပန်းမိုယ်းတို့ကို လူတို့၏ ချက်ပမာဏတိုင်အောင် ရွာစေ၏၊ ထို့ကြောင့် ထိုအရပ်ကို သုမနမာလာဝုဋ္ဌိ အရပ်ဟု ခေါ်ဆို၏၊ နောက်နေ့၌ မင်းကြီးသည် ဓာတ်တော်ကို သရဘအိုင်သို့ ရောက်အောင် ပင့်တော်မူ၏။

**ဓာတ်တော်ကျောင်း ဆောက်စေခြင်း** သရဘအိုင်သို့ ရောက်တော်မူသော အခါ သုမနနဂါးမင်းသည် ရထားလှည်းဘီးတို့ကို ပုံတောင်းတိုင်အောင် မြုပ်စေ၏၊ ထိုအကြောင်းကို မင်းကြီးသိတော်မူသောအခါ မထေရ်ကို မေးတော်မူ၏၊ မထေရ်မြတ်သည် "မြတ်သောမင်းကြီး....မကြောက်လင့်၊ ဤနေရာ၌ စေတီတည်လတ္တံ့" ဟု မိန့်တော်မူ၏၊ ထိုအခါ မင်းကြီးသည် ဤနေရာ၌သာလျှင် အလွန်မွေ့လျော်ဘွယ်ရှိသော စည်အပြင်ကဲ့သို့ မြေနေရာကိုပြုစေပြီးလျှင် စစ်သူကြီးကို ခေါ်တော်မူလျက် "ဓာတ်တော်ကိုထားရန် ဓာတ်တော်ကျောင်းကို ဆောက်လုပ်ကြကုန်လော့"ဟု မိန့်တော်မူ၏၊ စစ်သူကြီးလည်း ထိုခဏ၌ ဓာတ်တော်ကျောင်းကို ဆောက်လုပ်ပြီးလျှင် မင်းကြီးအား လျှောက်ကြားတော်မူ၏၊ မင်းကြီးသည် ဓာတ်တော်ကျောင်းကို နှံ့သာမျိုးတို့ဖြင့် လိမ်းကျံစေ၏၊ ထိုအရပ်၌ များစွာသော ရဟန်း သံဃာတို့သည် စည်းဝေးကြကုန်၏၊ အရှင်မဟိန္ဒ မထေရ်သည် အာဂန္တုကဝတ်ကို ပြုတော်မူ၏။

အထွေထွေပကိဏ္ဏကခဏ်း ပြီး၏။

---

## ၅။ ဓာတ်တော် ဌာပနာခဏ်း

**စေတီတည်ရာမြေကို စုံစမ်းခြင်း** ထိုနောက် စေတီတည်ရာမြေကို စုံစမ်းတော်မူ၏၊ မင်္ဂလာရှိသော ရှစ်ကောင်သော နွားတို့ကို တန်ဆာဆင်လျက် သံကြိုးဖြင့်ချည်ပြီးလျှင် "မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်သည် အကြင်အရပ်၌ ဘည်တော်မူ၍ လောကတ္တ

စရိယကို ပြုတော်မူလျက် အနှစ်ငါးထောင်တို့ ပတ်လုံး သာသာနာ တော်သည် တည်တော်မူမည် ဖြစ်အံ့၊ ထိုအရပ်၌ ဤနွားတို့သည် အလိုလိုသာလျှင် သံကြိုးမှလွတ်၍ စေတီတည်ရာ အရပ်၏ ထက်ဝန်း ကျင် လှည့်လည်ပြီးလျှင် အရပ်လေးမျက်နှာတို့၌ အိပ်စေကုန် သတည်း''ဟု မိန့်ခွန် တော်မူပြီးလျှင် မင်းချင်းယောကျ်ားတို့ကို စေတော် မူ၏၊ မင်းချင်းယောကျ်ားတို့သည်လည်း မင်းကြီး၏ အမိန့်အတိုင်း ပြုကြကုန်၏။

မိုးလင်းလတ်သော် နွားတို့ကို ယူခြင်းအကျိုးငှါ မင်းချင်းယောကျ်ား တို့ကို စေတော်မူ၏၊ မင်းချင်းယောကျ်ားတို့သည်လည်း နွားတို့ကို မမြင် သော အခါ မမြင်ကြောင်းကို မင်းကြီးအား လျှောက်ကြားကြကုန်၏၊ ထိုအခါ မင်းကြီးသည်''နွားတို့၏သွားရာလမ်းကိုကြည့်ရှုကြကုန်လော့'' ဟု မိန့်တော်မူ၏၊ မင်းချင်းယောကျ်ားတို့သည်လည်း ကြည့်ရှုကြကုန် သောအခါ ဆိုအပ်ပြီးသောနည်းဖြင့် စေတီ၏ နေရာ၌ အိပ်ကုန်သော နွားတို့ကို မြင်ကြ၍ အမြီးတို့ကိုကိုင်လျက် ထ၍သွားရန် အားထုတ်ကြ သော်လည်း ထ၍သွားရန် မစွမ်းနိုင်သောကြောင့် မင်းကြီးအား လျှောက်ကြား ကြကုန်၏၊ ထိုအခါမင်းကြီးသည် ကိုယ်တော်တိုင်သွား ပြီးလျှင် နွားတို့ကို ထစေသော်လည်း ထစေခြင်းငှါ မစွမ်းနိုင်သော ကြောင့် ဤသို့ မိန့်ခွန်တော်မူ၏။

ဤနေရာ၌ ဓာတ်တော်ကို အကယ်၍ တည်ထား အပ် သည် ဖြစ်ငြားအံ့၊ နွားတို့သည် ထ၍ သွားစေသတည်း'' ဟု မိန့်ခွန်တော်မူ၏၊ ထိုခဏ၌နွားတို့သည် ထ၍ သွားကြကုန်၏၊ မင်းကြီးသည် နောက်နေ့၌ ဆိုအပ်ပြီးသော နည်းဖြင့် မြင်းတို့ကို တန်ဆာဆင်၍ စုံစမ်းတော်မူ၏၊ နောက်နေ့၌ ဆင်တို့ကို တန် ဆာဆင်၍ စုံစမ်းတော်မူ၏၊ စုံစမ်းအပ်သော မြင်း, ဆင်တို့သည် လည်း ရှေးနည်းအတိုင်း ဖြစ်ကုန်၏။

ဤသို့ သုံးကြိမ် စုံစမ်းပြီးသော် မင်းကြီးသည် မထေရ်၏ အထံသို့ သွားတော်မူ၍ မထေရ်အား လျှောက်ကြားတော်မူ၏၊ ထိုကာလ၌ သေရှုမြို့မှ သိဝမင်း သည်ရှင်း, လောဏမြို့မှ မဟာနာဂမင်း သည်ရှင်း

လာကြပြီးလျှင် ဝမ်းမြောက်ဝမ်းသာ စကားကို ပြောကြားလျက် နေကြကုန်၏၊ မင်းကြီးသည် "ဤနေရာ၌ မြတ်စွာဘုရား၏ ဓာတ်တော်ကို စေတီ တည်ထားအံ့၊ သင်တို့သည် ငါ၏အပေါင်းအဖေါ် ဖြစ်ကြကုန်" ဟု မိန့်တော်မူပြီးလျှင် ထိုမင်းတို့ကို ခေါ်တော်မူ၍ စေတီကို ရှိခိုးစေ၏၊ ထိုခဏ၌ ဓာတ်တော်မှ ရောင်ခြည်တော်တို့ကို လွှတ်တော်မူကုန်၏၊ နတ်တို့သည် ကောင်းချီးပေးသောအားဖြင့် ကောင်းကင်မှ ပန်းတို့ကို ပစ်ချကြကုန်၏။

**ဝိသုကြံနတ်သား အုဋ်ဖန်ဆင်းပေးခြင်း**

မင်းကြီးသည် ပရိသတ်တို့သွားကြသောအခါ ဂိရိအဘယမင်းကိုခေါ်တော်မူပြီးလျှင် လူအပေါင်းတို့အား နှိပ်စက်ခြင်းကို မပြုမူ၍ အုဋ်ကိုမည်သို့လျှင် ပြုလုပ်ရပါမည်နည်း ဟု မေးတော်မူ၏၊ "အရှင်မင်းမြတ်....မစိုးရိမ်ပါလင့်၊ ကျွန်ုပ်ပြုလုပ်၍ ပေးပါမည်"ဟု လျှောက်၏၊ "သင်ပြုခဲ့သော် ကြာလိမ့်မည်၊ ငါတို့အား နည်းသောရွှေငွေရှိ၏"ဟု မိန့်တော်မူလတ်သော် "အရှင်မင်းမြတ်....မြတ်စွာဘုရားသည် ပူဇော်အထူးကိုခံတော်မူထိုက်၏၊ အရှင်မင်းကြီးသည် စိုးရိမ်ခြင်းမှ ကင်းတော်မူလျက် စေတီကို တည်တော်မူပါ"ဟု ဆိုပြီးလျှင် အစိန္တေယျကထာကို ဟောလေ၏၊ ထိုအခါ မင်းကြီးသည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ မထေရ်တို့နှင့် ဓာတ်တော်ကို ရှိခိုးပြီးလျှင် မြို့သို့ သွားတော်မူ၏၊ မြို့သို့ရောက်တော်မူသောအခါ ညဉ့်သုံးယာမ်တွင် တယာမ်အိပ်ပြီး၍ နိုးတော်မူလတ်သော် အုဋ်၏ အကြောင်းကြောင့် စိုးရိမ်ခြင်းသို့ ရောက်တော်မူ၏။

ထိုအခါ သိကြားမင်းသည် ဝိသုကြံနတ်သားကို ခေါ်တော်မူပြီးလျှင် "အုဋ်ကိုဖန်ဆင်း၍ ပေးလေ" ဟု မိန့်တော်မူ၏၊ ဝိသုကြံနတ်သားသည်လည်း ဆင်းရဲသော ပုဏ္ဏား၏ လယ်၌ အုဋ်ကို ဖန်ဆင်းပြီးလျှင် နတ်ပြည်သို့လာလေ၏၊ ထိုခဏ၌ လယ်ရှင်ဖြစ်သော ပုဏ္ဏားသည် မိမိ၏ လယ်ကို ကြည့်ရှုအံ့သောငှါ သွားလေသော် အုဋ်ပုံကို မြင်သောအခါ ထိုအုဋ်ပုံမှ နှစ်ခုသော အုဋ်ချပ်တို့ကိုယူပြီးလျှင် နန်းတော်သို့ သွား၍ မင်းကြီးအား လျှောက်ကြားစေ၏၊ မင်းကြီးသည် ပုဏ္ဏားကို ခေါ်စေပြီးလျှင် မေးတော်မူ၏၊ ပုဏ္ဏားသည် မိမိ၏လယ်မှ အုဋ်တို့ကိုယူ၍

လာကြောင်းကို လျှောက်လေ၏၊ ထိုအခါ မင်းကြီးသည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ ပုဏ္ဏားအား ဆုတော်ကို ပေးတော်မူ၏။

ထိုခဏ၌ ဝဒနပဥ္စနမုခဥ္ဂါရမှ ငွေလှေလေးစင်းတို့သည်၎င်း,သုဝဏ္ဏဘုမ္မိမှ ရွှေလှေလေးစင်းတို့သည်၎င်း ရောက်လာကြကုန်၏၊ သောမမုခဥ္ဂါရကျောင်း၌ အာရာမ်စောင့်ဖြစ်သော မမ္မပါလသည် မင်းကြီးအား လျှောက်ကြား၏၊ မင်းကြီးသည်လည်း ဝမ်းမြောက်တော်မူသည် ဖြစ်၍ ရွှေငွေတို့ကိုယူဆောင်စေ၏၊ ထိုနောက် မင်းကြီးသည် စူဠပိဏ္ဍပါတိကတိဿမထေရ်, မဟာသာဂလမထေရ်, ရှင်မဟိန္ဒမထေရ်, ထိုမထေရ်တို့၏ တပည့်တို့ကို၎င်း၊ သိဝမင်း-လောဏမင်း- ဂိရိအဘယမင်းတို့ကို၎င်း ခေါ်တော်မူပြီးလျှင် အုဋ်ရှိရာအရပ်သို့ ထွက်တော်မူ၏၊ ထိုအရပ်ကို ရဟန်း, ပုဏ္ဏား, မင်း, စစ်သည်တို့၏ ရောက်ရာ ဖြစ်သောကြောင့် *ဗလပါတကအရပ်ဟု ခေါ်၏၊ စူဠပိဏ္ဍပါတိက တိဿမထေရ်သည် အုဋ်တို့ကို ကြည့်ရှုတော်မူပြီးသော အခါ "ဤအုဋ်တို့သည် စေတီတည်ခြင်းငှါ လုံလောက်၏"ဟု မိန့်တော်မူ၏။

ကဆုန်လပြည့်နေ့ အုဋ်မြစ်ချခြင်း

မင်းကြီးသည် စစ်အင်္ဂါတို့ဖြင့် ခြံရံတော်မူလျက် ကိုယ်တော်တိုင် ရှေးဦးစွာအုဋ်တို့ကို ယူဆောင်တော်မူ၏၊ မင်းကြီးသည် အုဋ်တို့ကို ယူဆောင်သည်ကို မြင်ကြသောအခါ မင်း,မင်းအမတ်,ရဟန်းတို့သည် အုဋ်တို့ကို ယူဆောင်ကြကုန်၏၊ ထိုနေရာမှစ၍ စေတီတိုင်အောင် အုဋ်ကို ယူဆောင်သောသူတို့သည် အစဉ်မပြတ်ပြည့်လျက် ရှိကြကုန်၏၊ နဂါး,ဂဠုန် အစရှိသည်တို့သည်လည်း အုဋ်ကို ယူဆောင်ကြပြီးလျှင် စေတီ၏ တည်ရာ အရပ်လေးမျက်နှာတို့၌ ထားကြကုန်၏၊ မင်းကြီးသည်လည်း အုဋ်တို့ကို ယူဆောင်ပြီးသော အခါ ဇယသေန အမည် ရှိသော အုဋ်သမားကို တသိန်းထိုက်သော အဝတ် နှစ်ထည်, တထောင် အဘိုးထိုက်သော ရွှေကရားအစရှိသည်တို့ကို ပေးတော်မူ၏၊ ထိုဆရာကြီး၏ တပည့်တို့ကိုလည်း အလုံးစုံကုန်သော အသုံးအဆောင်တို့ကို ပေးတော်မူ၏။

ထိုနောက် မထေရ်နှင့် ဤသို့ တိုင်ပင်တော်မူ၏၊ "ဤနေ့ရက်သည် ကဆုန်လပြည့်နေ့ ဖြစ်၏၊ နှုံးသင်းကျစ်တော်၏ စေတီနေရာ၌ အုဋ်ကို

* ဗလဝါဟက (မှုကွဲ)

ချထားခြင်းငှါ သင့်ပါ၏''ဟု လျှောက်၏၊ မထေရ်သည် ''မြတ်သော မင်းကြီး····မြတ်စွာဘုရား ဘွားမြင်တော်မူသောနေ့ ဖြစ်၏၊ စေတီတော်ကို တည်ခြင်းငှါ ငါးယောက်သော သူတို့ကိုခေါ်လော့''ဟု မိန့်တော်မူ၏၊ မင်းသည် ဝရဒေဝမည်သော လက်သမား၊ သခ်မည်သော လက်သမား၊ ဝဇ္ဇမည်သော လက်သမား၊ ဖုဿဒေဝမည်သော လက်သမား၊ မဟာဖုဿဒေဝမည်သော လက်သမား၊ ဤငါးယောက်ကုန်သော လက်သမားတို့ကို သဘင်သည်၏အသွင်ဖြင့် တန်ဆာဆင်စေ၍ မိမိသည်လည်း မြတ်သော တန်ဆာဖြင့် တန်ဆာဆင်ပြီးလျှင် စေတီနေရာ၌ လှည့်လည်လျက် နေတော်မူ၏။

ထိုအခါ လက်သမားဆရာကြီးသည် ကောင်းသောနက္ခတ် အခါ၌ အုန်မြစ် ချတော်မူ၏၊ ထိုအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးဘိသကဲ့သို့ ကြီးစွာသောအသံကို ဖြစ်စေ၏၊ နတ်လူတို့သည် နေ့စဉ်လောက်ရှုံမျှဖြစ်သော မြေညက်ကို ကြိတ်ပေးကြ ကုန်၏၊ နှစ်ရက်သုံးရက်ဖြင့်သာလျှင် ပန်းတင်ခုံ သုံးဆင့်သည် ပြီးဆုံးခြင်းသို့ ရောက်၏။

**ဓာတ်တော်တိုက် အခမ်းအနား**

ထို အကြောင်းကို ရဟန်း သံဃာတော် အား လျှောက်ကြားသောအခါ ရဟန်းသံဃာတော်သည် တဆယ့်ခြောက်နှစ် အရွယ်ရှိသော အဘိညာဉ် ပဋိသမ္ဘိဒါနှင့် ပြည့်စုံတော်မူသော အရှင် စန္ဒနှင့် အရှင် ဂုတ္တ အမည်ရှိကုန်သော သာမဏေနှစ်ပါးတို့ကိုခေါ်တော်မူပြီးလျှင် ''သင်တို့သည် ဟိမဝန္တာသို့ သွားကြ၍ အဆီခဲအဆင်းရှိကုန်သော မေဒဝဏ္ဏကျောက်တို့ကိုယူဆောင်ကုန်လော့''ဟု မိန့်တော်မူ၏၊ သာမဏေတို့သည်လည်း ကောင်းကင်သို့ ပျံကြွတော်မူပြီးလျှင် တန်ခိုးဖြင့် မေဒဝဏ္ဏကျောက်တို့ကို ယူဆောင်ကြကုန်၏၊ တခုသောကျောက်ကို ဓာတ်တော်တိုက်၏ အောက်အဘို့၌ ခင်း၏၊ လေးခုသောကျောက်တို့ကို နံပါးလေးဘက်တို့၌ ကာလျက် ထား၏၊ တခုသောကျောက်ကို အထက်၌ ပိတ်လျက် ထား၏။

ထိုအခါ မင်းကြီးသည် ဓာတ်တော်တိုက်ပြီးသောအခါ ကိုးကုဋေအဘိုးထိုက်သောရွှေကို ရွှေပန်းထိမ်သည်တို့အား အုဋ္ဌလုပ်စေရန်

ပေးတော်မူ၏၊ ရွှေပန်းထိမ်သည်တို့သည်လည်း အလျားတတောင်,အနံ တထွာ, ထု-လက်လေးသစ် ရှိသော အုဌ်တို့ကို လုပ်ပြီးသောအခါ ခတ်တော်တိုက် ကို စီကြကုန်၏၊ ထိုခတ်တော်တိုက်သည် အမြင့်အားဖြင့်၎င်း, အကျယ်အားဖြင့်၎င်း တဆဲ့ယ်.ခြောက်တောင်စီ ရှိ၏၊ ခတ်တော်တိုက်၏ အလယ်၌ ရတနာ ခုနစ်ပါးဖြင့် ပြီးသော မြင့်မိုရ်တောင်, ထိုတောင်ထိပ်၌ ပဏ္ဍုကမ္ဗလာကျောက်နေရာ, ပင်လယ်ကသစ်ပင်, ထီးဖြူဆောင်းသော ဗြဟ္မာမင်း, ထီးဖြူအောက်၌ မြတ်စွာဘုရား ဆင်းတုတော် ပုံသဏ္ဍာန်တို့ကို ပြုစေ၏။

မြင့်မိုရ်တောင်ခြေရင်း၌ နံ့သာတို့ဖြင့်ပြည့်သော တရာ့ရှစ်လုံးစီ ရှိသော ရွှေအိုး, ငွေအိုး, ပတ္တမြားအိုး, မသာရဂလ်အိုး, ကြေးအိုး, မြေအိုးခွတ်တို့ကို ကြာစသော ပန်းတို့ဖြင့် တန်ဆာဆင်လျက် အစဉ်အတိုင်းရံလျက် ထားတော်မူ၏၊ ရွှေငွေစသော ရတနာ ခုနစ်ပါးဖြင့် ပြီးသော ခြူးပန်း, ခြူးနွယ်, ဆင်, မြင်း အစရှိသော အရုပ်တို့ကို ထားစေ၏၊ နတ်ပြည်မှ သက်ဆင်းတော်မူသောအခါ တန်ခိုးပြာဋိဟာ ပြတော်မူပုံ၊ ဓနပါလဆင်, အင်္ဂုလိမာလ, အာဠာဝကတို့ကို ဆုံးမတော်မူပုံ၊ ရှင်မဟာ သာရိပုတ္တရာ အစရှိသော ရှစ်ကျိပ်သောသာဝကတို့၏ ရုပ်ပုံတို့ကို ထားတော်မူ၏။

မြင့်မိုရ်တောင်၏အလယ်၌ ကြယ်တာရာတို့ဖြင့် ခြံရံအပ်သော ငွေဖြင့်ပြီးသော လဝန်း, အရောင်တို့ဖြင့် တောက်ပသော ရွှေဖြင့်ပြီးသော နေဝန်း-ပုံသဏ္ဍာန်တို့ကို ပြုစေ၏၊ ဘုရားဆင်းတုတော်ရှေ့၌ မယ်တော်မိနတ်သား အမှူးရှိသော တသောင်းသော စကြဝဠာမှ လာကုန်သော နတ်တို့အား အဘိဓမ္မာတရားကို ဟောတော်မူပုံတို့ကို ထားတော်မူ၏၊ ဝေဿန္တရာ အစရှိသော ဇာတ်တော်, ဓမ္မစကြာ, မဟာသမယသုတ်တို့ကို ဟောတော်မူပုံ၊ သုဒ္ဓေါဒနမင်းကြီး, မဟာပဇာပတိဂေါတမီ, ဘဒ္ဒကစ္စာနာဒေဝီ, ရာဟုလာမင်းသား အစရှိသည်တို့၏ပုံ၊ နောက်၌ စူဠပိဏ္ဍပါတိက တိဿမထေရ်, ကာကဝဏ္ဏတိဿ မင်းကြီးတို့၏ ပုံသဏ္ဍာန်၊ ဤဆိုအပ်ပြီးကုန်သော ဒံလုံးစုံကုန်သောရုပ်ပုံတို့ကို ခတ်တော်တိုက်၌ ထားတော်မူ၏။

**ဆံတော်ကို ပင့်စေခြင်း**

ထိုနောက် မင်းကြီးသည် သံဃာတော်အား ဤသို့ လျှောက်ထားတော်မူ၏၊ "ကျွန်ုပ်၏ ပွဲသဘင် ကိစ္စသည် ပြီးဆုံးပါပြီ၊ နက်ဖြန် ရေဟာဏီနက္ခတ်၌ဓာတ်တော်ဌာပနာခြင်းကို ပြုပါအံ့၊ အရှင်ဘုရားတို့သည် ဆံတော် တို့ကို ပင့်တော်မူလျက် ကြွလာတော်မူပါကုန်"ဟု လျှောက်ထား၏၊ သံဃာတော်သည် အရှင် တိဿမထေရ်၏တာဝန်ကိုပြုတော်မူ၏၊ အရှင် တိဿမထေရ်သည်လည်း ဝန်ခံတော်မူပြီးသောအခါ မိမိ၏တပည့် ဖြစ်သော အရှင်သိဝမထေရ်ကို ခေါ်တော်မူပြီးလျှင် "ငါ့ရှင်....ဘူမိဓရ နဂါး ဗိမာန်၌ ဇယသေနနဂါးမင်းသည်ရှိ၏၊ ထိုနဂါးမင်း၏အထံ၌ တပုဿဘလ္လိကညီနောင်တို့သည် ဆံတော်ဓာတ်ကို ပူဇော်ကြသောအခါ ထိုညီနောင်တို့၏မေ့လျော့သည်ကိုသိ၍ ဆံတော်ဓာတ်နှစ်ဆူကို ဇယသေန နဂါးမင်းသည် ယူဆောင်ပြီးလျှင် ဗိမာန်၌ထား၏၊ ငါ့ရှင်သည် ထို ဆံတော်တို့ကို ပင့်ယူပြီးလျှင် မင်းကြီးအား ပေးလော့"ဟု မိန့်တော်မူ၏၊ အရှင်သိဝ မထေရ်သည်လည်း ဥပဇ္ဈာယ်ဆရာ၏ အမိန့်တော်ကို ဝန်ခံပြီးလျှင် ကြွသွားတော်မူ၏။

**ဌာပနာရန် စည်းဝေးခြင်း**

ထိုနောက် မင်းကြီးသည် နှမတော် ဖြစ်သော သောမဒေဝီနှင့်တူတော်ဖြစ်သော ဂိရိအဘယမင်းသို့၎င်း၊ လောဏမြို့၌ မဟာနာဂမင်း, သေရုမြို့၌ သိဝမင်းတို့သို့၎င်း၊ "နက်ဖြန် ဓာတ်တော်ကို ဌာပနာမည်၊ သင်တို့သည် သဘင်သည်၏ အသွင်ဖြင့် လာကြကုန်" ဟု မိန့်တော်မူ၏၊ မိမိ၏ ပရိသတ်တို့အားလည်း "အခြံအရံနှင့်တကွလာကြကုန်" ဟု စည်လည် စေ၏၊ လူအပေါင်းတို့သည် များစွာ ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ တန်ဆာဆင်လျက် လာကြကုန်၏၊ မင်းကြီး သည် မိုးလင်း လတ်သော် ဥပုသ် ဆောက်တည်တော်မူ၏၊ အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော နတ်သမီးနှင့်တူသော နန်းတွင်းသူတို့သည် များစွာသော လူအပေါင်းတို့နှင့်တကွ စေတီတည်ရာသို့ လာကြပြီး၍ ရဟန်းသံဃာကို ရှိခိုးကြပြီးလျှင် လျောက်ပတ်သောနေရာ၌ နေကြကုန်၏။

ဂိရိအဘယမင်း နှင့် သောမဒေဝီ မိဖုရားတို့သည် များစွာသော လူအပေါင်းတို့နှင့်တကွ စေတီတည်ရာသို့ လာကြပြီးလျှင် ရဟန်းသံဃာကို ရှိခိုးကြပြီး၍ သင့်လျော်သောနေရာ၌ နေကြကုန်၏၊ မဟာနာဂမင်း နှင့် သိဝမင်း တို့သည်လည်း အခြံအရံတို့နှင့်တကွ လာကြပြီးလျှင် ထိုနည်းအတူ နေကြကုန်၏၊ မင်းပရိသတ်, ပုဏ္ဏားပရိသတ်, အမတ်အပေါင်းတို့သည် ထိုနည်းအတူလာကုန်ပြီးသော် တည်နေကြကုန်၏၊ ပုရောဟိတ်ပုဏ္ဏား တို့သည် အောင်သံကို ကြွေးကြော်ကြကုန်၏၊ ထိုနောက်စူဠပိဏ္ဍပါတိက တိဿမထေရ်, မဟာသာဂလမထေရ်, အရှင်မဟိန္ဒမထေရ်တို့သည် တပည့်အပေါင်းတို့နှင့်တကွ ကြွလာတော်မူကြကုန်၏၊ ထိုရဟန်းပရိသတ်၌ ရဟန္တာ တို့သည် ခုနစ်ထောင်ရှိကုန်၏၊ ထိုနောက်မင်းကြီးသည် မထေရ်ကို ရှိခိုးပြီးလျှင် "ဆံတော်ဓာတ်ကို အဘယ်မှာ ရနိုင်ပါအံ့နည်း"ဟု လျှောက်လေ၏။

**နဂါးပြည်မှ ဆံတော်နှစ်ဆူ**

ထိုခဏ၌ အရှင်တိဿ မထေရ်သည် တပည့် ဖြစ်တော်မူသော အရှင်သိဝ မထေရ်ကို ကြည့်တော်မူ၏၊ ထိုအခါ အဘိညာဉ် သမာပတ်နှင့် ပြည့်စုံတော်မူသော ရဟန္တာ ဖြစ်တော်မူသော အရှင်သိဝ မထေရ်သည် စတုတ္ထဈာန်ကို ဝင်စားတော်မူပြီးလျှင် ထိုဈာန်မှ ထတော်မူ၍ ဘူမိဓရနဂါးဗိမာန်၌ ထင်ရှားဖြစ်တော်မူ၏၊ ထိုအခါ ဇယသေန နဂါးမင်းသည် မိမိ၏ တူတော်သမဏ္ဍုပ္ပလ နဂါးမင်းကို အမှတ်သညာ ပေးပြီးလျှင် အဝေးမှ ကြွလာတော်မူသော မထေရ်ကို မြင်သောအခါ ဤသို့ ကြံစည်တော်မူ၏၊ "ဤနဂါးဗိမာန်၌ ရဟန်းတို့၏ ပြဲဘွယ်ကိစ္စသည် မရှိ၊ စင်စစ်အားဖြင့် ဓာတ်တော်ကိုပင့်ယူရန် ကြွလာသည်"ဟု ကြံပြီးလျှင် နေရာမှထ၍ ဓာတ်တော်ကျောင်းသို့ ဝင်ပြီးလျှင် ဓာတ်တော်ကြုတ် ကို မျိုလျက် မသိသကဲ့သို့ နေလေ၏။

မထေရ်သည်လည်း နဂါးမင်း၏အထံသို့ ကြွတော်မူ၏၊ နဂါးမင်းသည် ခရီးဦးကြိုဆိုလျက် ပဋိသန္ထာရစကားကို ပြောဆိုပြီးသော အခါ ကြွတော်မူခြင်း၏ အကြောင်းကို မေး၏၊ ထိုအခါ မထေရ်သည် "မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို ပင့်ယူခြင်းငှါ ကြွလာ၏၊ ဆံတော်ဓာတ်ကို ငါ့အား ပေးလော့"ဟု တောင်းတော်မူ၏၊ "ဆံတော်ဓာတ်

သည် ကျွန်ုပ်တို့၌ မရှိပါ''ဟု နဂါးမင်း ပြောဆိုသောအခါ မထေရ်သည် ခါတ်တော်ကြုတ်ကိုမျို၍ ထားသောအဖြစ်ကို သိတော်မူ၍ ''နဂါးမင်း....ငါယူအံ့''ဟု မိန့်တော်မူ၏၊ ''မြင်ခဲ့ပါလျှင် ယူတော်မူပါ''ဟု ဆို၏၊ ဤနည်းဖြင့် သုံးကြိမ်ဝန်ခံညာဥ်ကို ယူပြီးလျှင် ထိုအရပ်၌သာလျှင် ရပ်တော်မူလျက် အလွန်သေးငယ်သော လက်တော်ကို ဖန်ဆင်းတော်မူပြီးလျှင် နဂါးမင်း၏ ခံတွင်း၌ သွင်းတော်မူ၍ ခါတ်တော် ကြုတ်ကို ယူတော်မူပြီးသောအခါ နဂါးပြည်မှ ကြွလာတော်မူ၏၊

နဂါးမင်းသည်လည်း ''ရဟန်းကို ငါလှည့်ပတ်၍ လွှတ်အပ်ပြီ'' ဟု ဆိုပြီးလျှင် ခါတ်တော်ကြုတ်ကို ကြည့်ရှု၏၊ ထိုအခါ ခါတ်တော် ကြုတ်ကို မမြင်သောကြောင့် လက်နှစ်ဘက်ကို ဦးခေါင်း၌ တင်ထားပြီးလျှင် အလုံးစုံသော နဂါးပြည်ကို ကြွေးကြော်လျက် ရဟန်း၏ နောက်သို့ နှစ်ကုဋေ ကုန်သော နဂါးတို့နှင့်တကွ တူတော် ဖြစ်သော သမဏုပ္ပလ နဂါးမင်းကို ခေါ်ပြီးလျှင် လိုက်လေ၏၊ ထိုအခါ အရှင် သိဝမထေရ်သည် မြေ၌ငုပ်ခြင်း, ပေါ်ခြင်းကို ပြုတော်မူလျက် တန်ခိုး ပြာဋိဟာကို ပြတော်မူပြီးလျှင် စေတီရင်ပြင်၌ ရဟန်းသံဃာ၏ ရှေ့တော် ၌ ထင်ရှားဖြစ်တော်မူ၏။

**နဂါးများကို အစောင့်ထားခြင်း**

နဂါးတို့သည် သေရူမြို့၌ ကျောက်ဖျာသို့ ရောက်ကြသောအခါ ''ငါတို့သည် ပျက်စီးကြကုန်ပြီ''ဟု ဆိုလျက် ငိုကြွေးကြကုန်၏၊ ထိုအခါမှစ၍ ၎င်းကျောက်ဖျာကို နာဂဂလ္လ ဟု ခေါ်၏၊ ထိုကျောက်ဖျာမှ စေတီရင်ပြင်သို့ ရောက်ကြသောအခါ မင်းကြီးအား ''အရှင်မင်းကြီး....ဤရဟန်း သည် အကျွန်ုပ်မပေးအပ်သော ခါတ်တော်ကို ယူဆောင်သည်'' ဟု လျှောက်၏၊ မင်းကြီးသည် မထေရ်အား လျှောက်ထားသော အခါ သိဝမထေရ်သည် ''နဂါးမင်း ပေးသောကြောင့်သာ ငါပင့်ယူခဲ့သည်'' ဟု မိန့်တော်မူ၏၊ ထိုအခါ နဂါးမင်းသည် '''ရှင်ရဟန်းအား ကျွန်ုပ် ပေးကြောင်းကို သက်သေပြနိုင်ပါမည်လော''ဟု လျှောက်ထားလတ် သော် အရှင်သိဝမထေရ်သည် တူတော်ဖြစ်သော သမဏုပ္ပလ နဂါး မင်းကို သက်သေပြုတော်မူ၏။

မင်းကြီးသည် သမဏုပ္ပလ နဂါးမင်းကို မေးသောအခါ သမဏုပ္ပလ နဂါးသည်''ဦးရီးတော်ပေးကြောင်း''ကို လျှောက်ထားလေ၏၊ မင်းကြီးလည်း သမဏုပ္ပလနဂါးမင်း၏ စကားကို ယုံကြည်တော်မူ၏၊ ထိုအခါ ဇယသေန နဂါးမင်းသည် အလွန်ဆင်းရဲခြင်းသို့ ရောက်သည်ဖြစ်၍ ပြင်ပသို့ထွက်၍နေ၏၊ ထိုအခါမှစ၍ ထိုနဂါးမင်းကို ဗဟိနာဂရာဇာ ဟု ခေါ်၏၊ တူတော်သမဏုပ္ပလ နဂါးမင်းကြီးကို စေတီ၏ အတွင်း၌ နေစေ၏၊ ထိုစေတီတော်၌ စောင့်ရှောက်ကြကုန်သော နဂါးတို့သည် ကား ခြောက်ကုဋေ အခြံအရံရှိသော သုမန နဂါးမင်း, ကုဋေတရာ အခြံအရံရှိသော ဇယသေန နဂါးမင်း, နှစ်ကုဋေ အခြံအရံ ရှိသော သမဏုပ္ပလနဂါးမင်းတို့သည် စောင့်ရှောက်ကြကုန်၏။

**သာမဏေလေးပါး နတ်ပန်းဆောင်ယူခြင်း** မင်းကြီးသည် အရှင်သိဝမထေရ်၏လက်မှဆံတော် ဓာတ်ကို ယူပြီးလျှင် ရတနာပန်းတောင်း၌ ထည့်တော်မူ၍ မဟိန္ဒမည်သော အမတ်အား ပေးတော်မူ၏၊ ထိုအစည်းအဝေး၌ တိပိဋကမဟာဖုဿမထေရ်၏ တပည့်ဖြစ်ကုန်သော သုမနသာမဏေ, ဥတ္တရသာမဏေ, စုန္ဒသာမဏေ, မဟာကဿပသာမဏေ၊ ဤသာမဏေ လေးပါးတို့သည် တန်ခိုးတော်ဖြင့် ဟိမဝန္တာသို့ ကြွသွားတော်မူကြပြီးလျှင် စကားပန်း, ကံ့ကော်ပန်း, ထင်းရှူးအစရှိသော ပန်းတို့ကို ယူကြပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူကုန်၏။

ထိုအခါ သိကြားမင်းသည် ရောဝဏ်ဆင်တော်ကို စီးတော်မူလျက် များစွာသောပရိသတ်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ လှည့်လည်တော်မူစဉ် ကြွလာတော်မူကုန်သော သာမဏေလေးပါးတို့ကို မြင်တော်မူသော အခါ ဆင်တော်မှ ဆင်းတော်မူ၍ မေးလျှောက်တော်မူ၏၊ ထိုအခါ သာမဏေတို့သည် ''လက်ာဒီပကျွန်း၌ ဓာတ်တော် ဌာပနာမည့် အကြောင်းကို မိန့်ကြကုန်ပြီး၍ ထိုဓာတ်တော်ကို ပူဇော်ခြင်းငှါ ဟိမဝန္တာမှပန်းတို့ကို ငါတို့ယူဆောင်ကုန်၏၊ ဤတာဝတိံသာနတ်ပြည် မှလည်း ပန်းတို့ကိုယူရန် လာကြသည်''ဟု မိန့်ဆိုကြကုန်၏။

သိကြားမင်းသည် သာမဏေတို့၏ ပန်းကို စူဠာမဏိ စေတီတော်၌ ပူဇော်စေ၍ တာဝတိံသာနတ်ပြည်မှ ပင်လယ်ကာသစ်ပန်း, စန္ဒကူးမှုန့်

တို့ကိုလှူတော်မူ၏၊ သာမဏေတို့သည် ပန်းတို့ကို ယူတော်မူကြပြီးလျှင် ဟိမဝန္တာသို့ကြွလာကုန်လျက် ဇာနုနီလာကျောက်, ပဒုမ္မရာဇာတိရသကျောက်,ဝေဠုရိယကျောက်, မသာရဂလ်ကျောက်တို့ကို ယူဆောင်ကုန်ပြီးလျှင် မထေရ်တို့အား ပြကုန်၏၊ မထေရ်တို့သည် မင်းကြီးအား ပြောကြားတော်မူကုန်၏၊ မင်းကြီးလည်း ဝမ်းမြောက်တော် မူသည် ဖြစ်၍ ပန်းတို့ကို ယူပြီးလျှင် မဟာနန္ဒအမတ်အား ပေးတော်မူ၏။

**သင်းကျစ်တော်၊ ဆံတော် ဌာပနာခြင်း**

မင်းကြီးသည် မဏိသိလာ စေတီ၌ ဌာပနာအပ်သော ဓာတ်တော်တို့ကို မိမိ၏ဦးခေါင်း၌ တင်လျက် ပင့်တော်မူ၏၊ စေတီ၏ အရှေ့တံခါးသို့ ရောက်တော်မူသောအခါ ရပ်တော်မူလျက် ဤသို့ မိန့်ခွန်းတော်မူ၏၊ ''မြတ်စွာဘုရား၏ နလာဋဓာတ် နဖူးသင်းကျစ်တော်မြတ် သည် ငါတို့တည်ထားအပ်သော ဆင်းတုတော်၏ နဖူးပြင်၌ရှိသော ဥဏ္ဏာလုံမွေးရှင်တော်၏အထက်၌ တည်ပါစေသတည်း''ဟု မိန့်ခွန်းတော်မူ၏၊မိန့်ခွန်းသော၁ကာ၌သာလျှင် ဓာတ်တော်သည် ဓာတ်တော်ကြုတ်မှ ကောင်းကင်သို့ ကြွတော်မူလျက် ထန်းခုနစ်ဆင့် ပမာဏရှိသော ကောင်းကင်၌ တည်တော်မူ၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏၊ ထိုရောင်ခြည်တို့သည် အိုးဖြင့်သွန်းလောင်းအပ်သော ရွှေမှုန့်တို့ကဲ့သို့၎င်း, ကောင်းကင်မှ စီးကျသော ရွှေရည် အယဉ်တို့ကဲ့သို့၎င်း အလုံးစုံသော သီဟိုဠ်ကျွန်းကို တခဲနက်သော အရောင်တော်ကို ပြုတော်မူကုန်၏။

ထိုကာလ၌ ယမကပြာဋိဟာနှင့် တူတော်မူသော တန်ခိုးပြာဋိဟာသည် ဖြစ်တော်မူ၏၊ ဘုရားရှင်၏ တန်ခိုးပြာဋိဟာကို မဖူးမြင်ရသော သူတို့သည် မြတ်စွာဘုရား၏ ရူပကာယတော်၌ မျက်မှောက်အားဖြင့် ဖူးမြင်ရဘိသကဲ့သို့ ဖြစ်ကုန်၏၊ နတ်,လူ,နဂါး,ဂဠုန် အစရှိကုန်သော မရေမတွက်နိုင်သော ပရိသတ်တို့သည် ဖြစ်ကုန်၏၊ တခဲနက်သော မဟာပထဝီမြေကြီးသည် ရေအဆုံး ရှိသည်ကိုပြု၍ လှုပ်လေ၏၊ လျှပ်စစ်တို့သည် ထွက်ကုန်၏၊ တခဲနက်သော ပဲ့တင်သံသည် ဖြစ်၏၊ ဓာတ်တော်သည် လူအပေါင်းတို့၏ အလယ်၌ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် ကောင်းကင်မှ ကြွလာတော်မူလျက် ဘုရားဆင်းတု

တော်၏ နဖူးပြင်၌ လပြည့်ဝန်း၏ တင့်တယ်ခြင်း ကြက်သရေတော်ကို လွှမ်းမိုးဘိသကဲ့သို့ တင့်တယ်တော်မူလျက် တည်တော်မူ၏။

မင်းကြီးသည် မဟာနန္ဒအမတ်၏ လက်မှ ဆံတော်ဓာတ် ကို ယူပြီးလျှင် ဝိဟာရဒေဝီ မိဖုရားကြီးအား ပေးတော်မူပြီးလျှင် "ဤဆံတော်ဓာတ်ကို မြတ်စွာဘုရား ဆင်းတုတော်၏ ဦးခေါင်းတော်ပေါ်၌ တည်စေလော့"ဟု မိန့်တော် မူ၏၊ မိဖုရားကြီးလည်း မင်းကြီး မိန့်တော်မူသည့် အတိုင်းသာလျှင် မိဋ္ဌာန်တော် မူ၏၊ ထိုခဏ၌ ဆံတော်သည် ကြုတ်တော်မှ ကြွတော်မူပြီးလျှင် ဥဒေါင်း၏လည်နှင့်တူသော ညိုသော ရောင်ခြည်တော်ကို လွှတ်တော်မူပြီးသောအခါ ကောင်းကင်မှ ကြွလာတော်မူပြီးလျှင် ဘုရားရှင် ဆင်းတုတော်၏ ဦးခေါင်းတော်၌ တည်တော်မူ၏၊ ထိုနောက် မင်းကြီးသည် ဝိဏ္ဍုပါတိက တိဿမထေရ် နှင့် တကွ ဓာတ်တော်တိုက်သို့ ဝင်တော်မူပြီးလျှင် ပတ္တမြားကျောက်လေးခုတို့ကို ထားတော်မူ၏၊ အလုံးစုံသော နန်းတွင်းသူ, မင်းနှင့် မင်းအမတ်အစရှိသော ပရိသတ်တို့သည် တန်ဆာတို့ကို ချွတ်ကြပြီးလျှင် ဓာတ်တော်တိုက်၌ ပူဇော်ကြကုန်၏။

မင်းကြီးသည် ဓာတ်တော်ကို ဌာပနာပြီးသောအခါ ဘုရားဆင်းတုတော်၏ ခြေတော်ရင်း၌ ဦးခေါင်းတော်ကို ချတော်မူပြီးလျှင် ဤသို့ လျှောက်ကြားတော်မူ၏၊ "ဘေးတော်, ဘိုးတော်, ဘခမည်းတော် အဆက်ဆက်တို့ ပူဇော် စောင့်ရှောက် အပ်သော ဓာတ်တော်မြတ်ကို ယနေ့မှစ၍ မဖူးရတော့ပြီ၊ အရှင်ဘုရားတို့သည် ဤဓာတ်တော်တိုက်၌ သာလျှင် တည်ပါကုန်၊ တပည့်တော်၏ အပြစ်ကို သည်းခံတော်မူပါ"ဟု ငိုကြွေးလျှောက်ထားလျက် ဓာတ်တော်တိုက်၌သာလျှင် အိပ်လျောင်းလေ၏၊ ထိုပရိသတ်အလယ်၌ အရှင်သုဒေဝ အမည်ရှိသော မထေရ်သည် မင်းကြီးငိုကြွေးလျက်နေသည်ကို မြင်တော်မူသောအခါ စေတောပရိယဉာဏ်တော်ဖြင့် ကြည့်ရှုလတ်သော် မင်းကြီးသည် ဤနေရာ၌ သေမည်ဟု ကြံလျက် အိပ်သည်၏ အဖြစ်ကို သိမြင်တော်မူသောအခါ တန်ခိုးတော်ဖြင့် ဘုရားသင်္ကန်းကို ဖန်ဆင်းတော်မူပြီးလျှင် မင်းကြီးကို ဓာတ်တော်တိုက်မှ အပြင်သို့ ထုတ်စေ၏။

ထိုအခါ ရဟန္တာအရှင်မြတ်တို့သည် ဤသို့ မိဋ္ဌာန်တော်မူကြကုန်၏၊ "မဏိဇောတိရသကျောက်သည် ဓာတ်တော်တိုက်၏ အထက်၌ ပိတ်လျက် တည်စေသတည်း၊ ထက်ဝန်းကျင်မှ လေးထောင့်တံသင်းကဲ့သို့ တခဲနက် ဖြစ်စေသတည်း၊ နံ့သာတို့သည် မခန်းခြောက် စေကုန်သတည်း၊ ပန်းတို့သည် မညှိုးနွမ်း စေကုန်သတည်း၊ ရတနာတို့သည် အဆင်းနှင့် ပြည့်စုံစေကုန်သတည်း၊ ပူဇော်အပ်သော ဘဏ္ဍာတို့သည် မပျောက်စေကုန်သတည်း၊ ရန်သူတို့သည် မဖျက်ဆီးနိုင် စေကုန်သတည်း" ဟု မိဋ္ဌာန်တော်မူကြကုန်၏၊ ထိုနောက် မင်းကြီးသည် မင်္ဂလာစေတီတော်၌ လေးထောင့်တံခါး, မုခ်, ထီးတော်, အင်္ဂတေလိမ်းကျံခြင်း,သဲ့တံတိုင်းကို ပြုခြင်းဟု ဆိုအပ်သော ပြုအပ်သော အမှုတို့ကို ပြီးဆုံးစေ၏။

ထိုစေတီသည်ကား ရေပွက်, ကေလာသတောင်ထွဋ်နှင့် တူသော လူအပေါင်းတို့ကို ကြည်ညိုခြင်းကို ဖြစ်စေတတ်သော မင်္ဂလာစေတီတော် ဖြစ်တော်မူသဖြင့် အလွန် တင့်တယ်တော်မူ၏၊ မင်းကြီးသည် ဝါချည်ဖြင့် ရက်လုပ်အပ်သော မြတ်သောအဝတ်ဖြင့် စေတီကို ရစ်ပတ်တော်မူ၏၊ သိရိဝဍ္ဍနမည်သော ဗောဓိပင်နှင့် ဗောဓိအိမ်ကို ပြုစေ၏၊ ဘုံသုံးဆင့် ရှိသော ဥပုသ်အိမ်, ညဉ့်နေရာ, နေ့နေရာတို့ကိုငင်း၊ ကျောင်း၌ ပြုလုပ်ဘွယ်တို့ကိုငင်း ပြုစေ၏။

**ရေစက်သွန်းချတော်မူခြင်း**

ဤမျှ အတိုင်းအရှည်ရှိသော ကုသိုလ်တော်ကို ပြုလုပ်ပြီးလတ်သော် ရေစက်သွန်းချရန် ကြံတော်မူပြီးလျှင် ရှစ်သောင်းသော ရဟန်းသံဃာတော်အား ခုနစ်ရက်ပတ်လုံး ဆွမ်းပွဲတော်မူ၏၊ နောက်ဆုံးဖြစ်သော နေ့၌ တိစီဝရိက်အကျိုးငှါ အဝတ်တို့ကိုလှူတော်မူ၏၊ ထိုနောက် မထေရ်၏ အထံသို့ သွားပြီးလျှင် "တဆယ့်လေးရက်နေ့၌ သံဃာတော်အား လှူဒါန်းရန် အလိုရှိကြောင်း"ကို လျှောက်တော်မူ၏၊ ထိုအခါ မထေရ်သည် "မြတ်သော မင်းကြီး....အဿယုဇနက္ခတ်နှင့် ယှဉ်သော လထက်ဝက်ပြည်သော ဥပုသ်နေ့၌ လှူခြင်းသည် ကောင်းမြတ်ပေသည်"ဟု မိန့်တော်မူ၏၊ ထိုအခါ မင်းကြီးသည် မထေရ်ကို ရှိခိုးပြီးလျှင် သောမမြို့၌နေသော နှမတော် သောမဒေဝီ မိဖုရားအား မိန့်တော်မူ၏။

နမတော် သောမဒေဝီ မိဖုရားသည်လည်း "စေတီနှင့်သင့်လျော်သော ပြာသာဒ်, ဘန်ဆာဆင်အပ်သော တံခါးရှိသောပြ, တုရိုဏ်းတိုင်, ကျောင်းတော်ကို ဆောက်လုပ် စေပြီးသောအခါ လျှာဒါန်းပါမည်" ဟု မင်းကြီးအား လျှောက်၏၊ မင်းကြီးသည် ဝမ်းမြောက်တော်မူသည် ဖြစ်၍ နမတော်၏စကားကို ဝန်ခံတော်မူပြီးလျှင် သောမမြို့၌ နေတော်မူ၏၊ လ-ထက်ဝက်ပြည့်လတ္တံ့သော ဥပုသ်နေ့နီးလတ်သော် ဂိရိအဘယမင်း, သိဝမင်း, မဟာနာဂမင်းတို့အား ခေါ်တော်မူ၏၊ ထိုမင်းတို့သည်လည်း လာကြပြီးလျှင် မင်းကြီးအား လက်ဝဲ, လက်ျာ ခြံရံတော်မူကုန်လျက် အဇာတသတ်မင်းကြီးသည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ ဇီဝကမ္ဗဝန ကျောင်းတော်သို့ ထွက်တော်မူဘိသကဲ့သို့ရင်း, သိကြားမင်းသည် နန္ဒဝန် ဥယျာဉ်သို့ ထွက်တော်မူဘိသကဲ့သို့ရင်း ကြီးစွာသော မင်းတို့၏ အခမ်းအနားဖြင့် ထွက်တော်မူ၏။

သောမမြို့မှ ထွက်တော်မူပြီးလျှင် သေရုအိုင်၏အဆုံးသို့ ရောက်တော်မူသောအခါ အင်္ဂါငါးပါးရှိသော တူရိယာတို့ကို တီးမှုတ်စေ၏၊ မြေပြိုဘိသကဲ့သို့ဖြစ်လေ၏၊ ထိုနောက် မင်းကြီးသည် နံ့သာစသည်တို့ကို ယူတော်မူပြီးလျှင် စစ်သည်တော်ဖြင့် ခြံရံတော်မူလျက် မထေရ်၏ ကျောင်းတော်သို့ ဝင်တော်မူပြီးသောအခါ မထေရ်ကို ရှိခိုး၍ နေတော်မူလျက် ဤသို့လျှောက်တော်မူ၏၊ မင်းနှင့်လူအပေါင်းတို့သည် "လျှာဒါန်းပူဇော်သောအချိန်သို့ ရောက်ပါပြီ"ဟု လျှောက်၏၊ မထေရ်သည်လည်း "မြတ်သောမင်းကြီး.... ကောင်းပါ၏" ဟု မိန့်တော်မူ၏၊ ထိုအလှူပေးလှူတော်မူသောနေ့၌ အထူးထူးသော တံခွန်တို့ကို စိုက်ထူကုန်၏၊ အရပ်မျက်နှာတို့၌ နှစ်သက်ဘွယ်သော လေတို့သည် တိုက်ကုန်၏၊ နေသည် အနောက်အရပ်သို့ ဝင်လေ၏၊ လ-သည်လည်း အရှေ့အရပ်မှ ထွက်ပေါ်လျက် လာ၏၊ များစွာသော ဆီမီးတို့ကို ထွန်းကြကုန်၏။

မြတ်သော မင်္ဂလာနှင့် ပြည့်စုံတော်မူသော စေတီတော်သည် ကြယ်တာရာ အပေါင်းတို့ဖြင့် ခြံရံအပ်သော လဝန်းကဲ့သို့ တင့်တယ်တော်မူ၏၊ သမုဒ္ဒရာ၌လည်း ငါးမျိုးသော ကြာတို့ဖြင့် ဖုံးလွှမ်းအပ်သော ရေအပြင်ရှိကုန်၏၊ နတ် ဗြဟ္မာတို့သည် နတ်၌ဖြစ်သောပန်း, ပင်လယ်

ကာသိပ်ပန်း, နံ့သာမှုန့်တို့ကိုယူလျက် လာကြကုန်၏၊ နတ်နှင့် လူတို့ကို ခွဲခြား၍မသိနိုင်ကုန်၊ မြတ်သော အစည်းအဝေးကြီးသည် ဖြစ်၏၊ မဟာပထဝီမြေကြီးသည် လှုပ်လေ၏၊ မင်းကြီးသည် ထိုအံ့ဖွယ်တို့ကို မြင်တော်မူသောအခါ ဝမ်းမြောက်တော်မူ၏၊ ထိုနောက် မင်းကြီးသည် စေတီရင်ပြင်ဝယ် တန်ဆာဆင်အပ်သော မဏ္ဍပ်တော်၌ သံဃာတော်, အမတ်, နန်းတွင်းသူ အစရှိသည်တို့သည် ညီညွတ်စွာ ရောက်ရှိကြကုန်သောအခါ နံ့သာတို့ဖြင့် ထုံအပ်သောရေကို ရွှေကရားဖြင့် ယူတော်မူလျက် မထေရ်မြတ်၏ လက်တော်၌ ရေစက်သွန်းချတော်မူ၏။

**သိမ်သမုတ်တော်မူခြင်း**

အရှင်စူဠပိဏ္ဍပါတိက တိဿမထေရ်၏ သက်နှစ်သော ပစ္စည်းလေးပါး အကျိုး၄ါ တဆယ့်ခြောက်ခုသော ရွာတို့ကိုလည်း လှူတော်မူ၏၊ နောက်နေ့၌ တဖန် လာတော်မူပြီးလျှင် ခုနစ်ရက်ပတ်လုံး အလှူကြီးကို လှူတော်မူလျက် ခုနစ်ရက်မြောက်သောနေ့၌ ရဟန်းသံဃာတော်အား တိစီဝရိက် သက်န်းပြုခြင်း၄ါ လောက်သောအဝတ်တို့ကို လှူတော်မူ၏၊ စေတီကို ပူဇော်ခြင်း၄ါ ပန်းခြီကို ပြုလုပ်ပြီးသော် ရွှေထွန်သွားဖြင့် သတ်မှတ်တော်မူပြီးလျှင် အာရာမ်စောင့်ရွာကို ပြုစေ၏၊ ရဟန်း သံဃာတော်၏ ဝေယျာဝစ္စအကျိုး၄ါ ငါးရာစီသော အမတ်တို့၏ သားနှင့် သမီးတို့ကိုငင်း၊ ငါးရာစီသောကျွန်မိန်းမ, ကျွန်ယောကျ်ားတို့ကိုငင်း လှူတော်မူပြီးလျှင် ထိုသူတို့၏အကျိုး၄ါ ငါးသိန်းသော အသပြာတို့ကို ပေးတော်မူ၏။

ရဟန်း သံဃာတော်အား ဓာတ်တော်ကို ပူဇော်ရန် တစ်ထောင်းခြောက်ထောင်ကုန်သော အသပြာတို့ကို လှူတော်မူ၏၊ ထိုနောက် ဂိရိအဘယမင်းကို ခေါ်တော်မူပြီးလျှင် "ကျောင်းအာရာမ် သံဃာတော်တို့အား မမေ့မလျော့ စောင့်ရှောက်လျက် ဤအရပ်၌သာလျှင် နေလေလော့" ဟု ဆုံးမတော်မူပြီးလျှင် အလုံးစုံတို့ကို အပ်နှင်းတော်မူ၏၊ ထိုနောက် မထေရ်သည် မင်းကြီးအား သိမ်သမုတ်ရန် မိန့်တော်မူသောအခါ မင်းကြီးသည် သမုတ်ပါမည်ဟု ဝန်ခံတော်မူ၏၊ ထိုအခါ မထေရ်သည် ကျောင်း၏ အရပ်လေးမျက်နှာတို့၌ နိမိတ်ကို မှတ်သား၍ ပေး

တော်မူ၏၊ ထိုအခါ မင်းကြီးသည် ခုနစ်ယောက်သော အမတ်တို့ကို အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်စေလျက် သိမ်နိမိတ်ကို ကြား၍ လာရန် စေလွှတ်တော်မူ၏။

အမတ်တို့သည်လည်း အရပ်လေးမျက်နှာတို့၌ နိမိတ် မှတ်သားပြီးလျှင် စာဖြင့်ရေးမှတ်၍ မင်းကြီးအား ပေးကြကုန်၏၊ ထိုအခါ မင်းကြီးသည် အမတ်တယောက်အား အသပြာတရာစီ ပေးတော် မူပြီးလျှင် အရပ်လေးမျက်နှာတို့၌ အစောင့်အရှောက်တို့ကို ထားတော်မူပြီး၍ ရဟန်း သံဃာတော်အား သိမ်သမုတ်တော်မူရန် လျှောက်ထားတော်မူ၏၊ ထိုအခါ မထေရ်သည် ရဟန်းသံဃာ ခြံရံတော်မူလျက် စေတီရင်ပြင်၌ နေတော်မူလျက် ပြာသိုလဆုတ် တဆယ့်နှစ်ရက်နေ့၌သိမ်သမုတ်တော်မူ၏၊ ကျောင်းနှင့် အာရာမ်စောင့်တို့အား အထူးထူးသော အသုံးအဆောင်တို့ကို ပေးလှူတော်မူပြီးလျှင် မင်းကြီးသည် ရောဟနမြို့သို့ သွားတော်မူ၏၊ အရှင် ရှဋ္ဌပိဋကပါတိကတိဿ မထေရ်သည်လည်း ထိုအရပ်၌သာလျှင် သီတင်းသုံးတော်မူလျက် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။

၌ ကာကဝဏ္ဏတိဿမင်းကြီး ဆောက်လုပ် လှူဒါန်းတော်မူသော ကျောင်းတော်တို့သည် ဝိဟာရဒေဝီ ကျောင်းတော်,ဆာတပဗ္ဗတကျောင်းတော်,သမုဒ္ဒဝိဟာရကျောင်းတော် အစရှိသောအားဖြင့် တရာ့နှစ်ဆယ့်ရှစ်ဆောင်ရှိကုန်၏၊ ထိုအခါမှစ၍ မင်းကြီးသည် ကုသိုလ်ကောင်းမှုတို့ကို များစွာပြုတော်မူပြီးလျှင် စုတေ့လတ်သော် နတ်ပြည်၌ ဖြစ်တော်မူ၏၊ နတ်ပြည်၌ နတ်တို့၏စည်းစိမ်ကို ခံစားတော်မူပြီး၍ ထိုနတ်ပြည်မှ စုတေ့လတ်သော် ဇမ္ဗူဒိပ်ကျွန်း၌ အရိမေတ္တေယျဘုရားရှင်၏ ခမည်းတော် သုဗြဟ္မမည်သော ပုရောဟိတ်ဆရာကြီး ဖြစ်တော်မူလတ္တံ့၊ ဝိဟာရဒေဝီ မိဖုရားကြီးသည် မယ်တော် ဗြဟ္မဝတီမိဖုရားကြီး ဖြစ်တော်မူလတ္တံ့၊ ဒုဋ္ဌဂါမဏိမင်းကြီးသည် လက်ျာတော်ရံ ပဌမသာဝက ဖြစ်တော်မူလတ္တံ့၊ သဒ္ဓါတိဿ မင်းကြီးသည် လက်ဝဲတော်ရံ ဒုတိယသာဝက ဖြစ်တော်မူလတ္တံ့။

ဓာတ်တော်ဌာပနာခန်း ပြီး၏။

## နောက်ဆက်တွဲ

**ဆံတော်ဓာတ် ရှစ်ဆူ**

တပုဿနှင့် ဘလ္လိကတို့သည် ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်၌ ပဋ္ဌမ သရဏဂုံ တည်သော ပုဂ္ဂိုလ်တို့၏ ရာထူးကို ဆုတောင်းခဲ့ကြ ပြီးသောအခါ ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီကို ဖြည့်ခဲ့ကြပြီးလျှင် ယခု ကမ္ဘာ၌ ဂေါတမဘုရားရှင် ပွင့်တော်မူပြီးသောအခါ အသိတဉ္ဇနမြို့၌ သူကြွယ်၏သားများဖြစ်ကြ၏၊ အစ်ကို၏ အမည်ကား တပုဿ မည်၏၊ ညီကား ဘလ္လိက မည်၏၊ ထိုညီအစ်ကိုတို့သည် အသိတဉ္ဇနမြို့မှ ကုန်ရောင်းဝယ်ရန် ဥက္ကလာဇနပုဒ်သို့ငင်း, ထိုဥက္ကလာဇနပုဒ်မှ ဘုရားပွင့်တော်မူရာ ဗောဓိမဏ္ဍိုင်သို့ငင်း ရောက်ကြ၏၊ ထိုအခါ ငါးခုမြောက်သော ဘဝ၌ မိခင်ဖြစ်ဘူးသော ဘုမ္မစိုးနတ်သမီးသည် ယောကျ်ား တယောက်၏ ကိုယ်၌ပူးဝင်ပြီးသောအခါ ရှေးဦးစွာ မြတ်စွာဘုရားအား ဆွမ်းလှူရန်ကို ပြောဆိုသောကြောင့် မြတ်စွာဘုရားအား မုံ့ အာဟာရကို လှူပြီးသောအခါ တရားတော်ကိုနာရသဖြင့် ဒွေဝါစိက သရဏဂုံ၌ တည်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားအား "ကိုးကွယ်ပူဇော်ရာကို ပေးသနားတော်မူပါ"ဟု လျှောက်ထားကြသောကြောင့် ဘုရားရှင်သည် လက်ျာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူပြီးလျှင် ညီအစ်ကိုနှစ်ယောက်တို့အား ဆံတော်ရှစ်ဆူ ကို ပေးတော်မူ၏၊ ညီအစ်ကို နှစ်ယောက်တို့သည်လည်း ဆံတော်တို့ကို ရွှေကြုတ်တို့၌ ထည့်ကြပြီးသောအခါ မိမိတို့၏ အသိတဉ္ဇနမြို့သို့ ပင့်ကြပြီးလျှင် မြို့တံခါးဝ၌ စေတီတည်ထားကြကုန်၏၊ ဥပုသ်နေ့၌ စေတီမှ ညိုသော ရောင်ခြည်တော်တို့ကို လွှတ်ကုန်၏၊ ထိုညီနောင်တို့သည် ဆံတော်ဓာတ်တို့ကို ပင့်ဆောင်ကြစဉ် မေ့လျော့၍ နေကြသော အခိုက်အတန့်၌ ဇယသေန နဂါးမင်းသည် ဆံတော်ဓာတ် နှစ်ဆူကိုပင့်ယူ၍ နဂါးပိမာန်၌ ထား၏၊ ၎င်းမှတဖန် အရှင်သိဝမထေရ် ပင့်ယူ၍ ကာကဝဏ္ဏတိဿ မင်းအား ပေးတော်မူ၏။

ထိုနောက် ညီအစ်ကိုနှစ်ယောက်တို့သည် မြတ်စွာဘုရား ရာဇဂြိုဟ် ပြည်၌ သီတင်းသုံးတော်မူသောအခါ တရားတော်ကို နာကြရသော

ကြောင့် တပုဿသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဘလ္လိကသည် ရဟန္တာဖြစ်တော်မူ၏။

[ဤကားအင်္ဂုတ္တရ အဋ္ဌကထာ ဧတဒဂ္ဂဝဂ်,ဝိနည်းမဟာဝါပါဠိတော်, နလာဋဓာတုဝင်,ထေရဂါထာ အဋ္ဌကထာတို့ကို ညှိနှိုင်း၍ ပြသောစကား ရပ်တည်း။]

**အသမ္ဘိန္န,သမ္ဘိန္န ဓာတ်တော်များ**

အသမ္ဘိန္နဓာတ်တော် ခုနစ်ဆူတို့တွင် သင်းကျစ်တော်နှင့် လက်ျာညှပ်ရိုးတော် နှစ်ဆူသည် သီဟိုဠ်ကျွန်း၌ရှိ၏၊ လက်ဝဲညှပ်ရိုးတော်သည် ဗြဟ္မာ့ပြည်၌ရှိ၏။ တာဝတိံသာနတ်ပြည်, နဂါးပြည်, ဂန္ဓာရတိုင်း, ကလိင်္ဂတိုင်းတို့၌ စွယ်တော်တဆူစီ ရှိ၏။

သမ္ဘိန္နဓာတ်တို့သည် နှစ်တင်းအရေအတွက် ရှိကုန်၏၊ ထိုနှစ်တင်းတို့တွင်—

၁။ အကြီး-ပဲနောက်ပမာဏရှိ၍ ရွှေအဆင်းရှိသော ဓာတ်တော်တို့သည် ငါးကွမ်းစား အရေအတွက် ရှိကုန်၏။

၂။ အလတ်-ဆန်ကျိုး ပမာဏရှိ၍ ပုလဲအဆင်းရှိသော ဓာတ်တော်တို့သည် ငါးကွမ်းစား ရှိကုန်၏။

၃။ အငယ်-မုန်ညင်းစေ့ ပမာဏရှိ၍ ချယားစေ့ အဆင်းရှိသော ဓာတ်တော်တို့သည် ခြောက်ကွမ်းစား အရေအတွက် ရှိကုန်၏။

[ဤကားဗုဒ္ဓဝင် ပါဠိတော်အတိုင်း ပြဆိုသော စကားရပ်တည်း။]

---

## နိဂုံး

ဧတ္တာဝတာစ ဦးသာတင်နာမကေန ဥပါသကေန အဇ္ဈေ-သိတေန ဟံသာဝတနဂရေ ဝိဟာရေ ကြာခံနာမကေ ဝသန္တေန ကေလာသေသာတိ ဂရူဟိ ဂဟိတနာမဓေယျေန မဟာထေရေန နလာဋဓာတုဝံသဂန္ထော မဂဓဘာသာယ ကတော၊ တတော မရမ္မဘာသံ နာတိဝိတ္ထာရသင်္ခေပံ ကတွာ ရစိတောယံ ဂန္ထော ကလိယုဂေ တေရသာဓိကာ တေရသ သတေ သမ္ပတ္တေ သာဝဏမာသဿ ကာလပက္ခ နဝမိယံ သူရဒိနေ နိဋ္ဌိတော အနာကုလေ သနာပါ။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ကျောင်းဆရာကြီး ဦးသာတင်သည် တောင်းပန်အပ်သောကြောင့် ဟသ်ာတမြို့ ကြာအံ ကျောင်း၌ သီတင်းသုံးတော်မူသော ဦးကေလာသ ဘွဲ့မည်ရသော မဟာထေရ်အရှင်သည် ပါဠိဘာသာဖြင့် စီရင်အပ်သော''နလာဋဓာတု ဝင်ကျမ်း'' မှ မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သော မြန်မာဘာသာ သို့ ပြန်ဆိုစီရင်အပ်သော ဤမြန်မာဘာသာ နလာဋဓာတုဝင်ကျမ်း သည် သက္ကရာဇ် ၁၃၁၃-ခု ဝါခေါင်လဆုတ် ၉-ရက် တနင်္ဂနွေနေ့၌ ရောဂါဝေဒနာမရှိ ပကတိ ကျန်းမာသဖြင့် ပြီးဆုံးခြင်းသို့ ရောက် သတည်း။

## နလာဋဓာတုဝင်ဝတ္ထု
## ဤတွင် ပြီးပြီ။

အမှတ် ၂၂၉၈၉
ရက်စွဲ…… …… …… ……
သုတေသနစာကြည့်တိုက်

2009 Graphic Design : Shwemyay-Nanda

"ဝနောတိ ပတ္ထရတီတိ
ဝံသော-သန္တာနော"
ဟူသော ဋီကာဒီမောဂ္ဂလာန်ပါဌ်ပြုဟ်,
"ဝံသော တန္တိ ပဝေဏီ" ဟူသော မဟာဝံသဋီကာနှင့်
အညီ ဖြစ်စဉ် ဖြစ်ရပ် အကြောင်းအရာမှတ်တမ်းကို ပြဆိုသော
ကျမ်းများသည် "ဝံသကျမ်း" မည်၏။
ထိုဝံသကျမ်းသည် -
၁။ ဗုဒ္ဓဝင် ၂။ အနာဂတဝင် ၃။ ဒီပဝင်
၄။ မဟာဝင် ၅။ ဗောဓိဝင် ၆။ ဒါဌာဓာတုဝင်
၇။ နလာဋဓာတုဝင် ၈။ ထူပဝင်
၉။ ရွှေပြည်ဝင် နှင့် တကွ
ဆကေသဓာတုဝင်, သာသနာဝင်,
ဂန္ထဝင်, ရာဇဝင် စသည်ဖြင့်
များစွာရှိလေသည်။

GRAPHIC DESIGN: SHWEMYAY-NANDA